www.burmeseclassic.com




# မိုးကျော်သူ

## အထီးကျန်တဂုံအား

ကျိုး ကို ချင်း ယင် ၏ သူ ကျန်း ဟူ

ဒုတိယပိုင်း ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# အထိကျန်ကလဲ့စား

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မိုးရွှေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com



## ရန်ငြိုး

အမှန်စင်စစ်...။

တချင်းလျှံသည့် အသေအရှာ သိရှိသောကြောင့် မဟုတ်ပါ

သူမသည် ဆိတ်သားရေစာအုပ်ထဲမှ ပုံတူစာရွက် ငါးရွက်ကို

သောကြောင့် ရမ်းသမ်းပြောဆိုလိုက်ခြင်းသာ ဖြစ်သည်။

သို့သော်...

သူမ၏ မှန်းဆချက်က ကွက်တိမှန်သွားသည်။

သူမက မပွင့်တပွင့်ပြုံး ဘာ...

"ဒါဖြင့် ပုံတူစာရွက်ထဲက လူငါးယောက်က ရှင်သတ်ချင်နေ

လူတွေပဲပေါ့ ဟုတ်ရဲ့လား"

ဝူထင်းနန့်က ပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"လက်စသပ်တော့ မင်းက ကျူပ်စာအုပ်ကို ခိုးကြည့်ခဲ့တာ ကိုး"

တချင်းလျှံက...

"ဟုတ်တယ်၊ ကျွန်မ ရှင့်ပုံတူစာအုပ်ကို ခိုးကြည့်မိတယ်"

သူမကလည်း ဝန်ခံလိုက်၏။

ထို့နောက် သူမသည် ဝှထင်းနန် ရှိရာသို့ လျှောက်သွားပြီး

"အဲဒီ လူငါးယောက်က ရှင်နဲ့ ရန်ငြိုး ရှိလို့လား"

ဝှထင်းနန်က ခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ရန်ငြိုးမှ အင်မတန် ကြီးကျယ်တဲ့ ရန်ငြိုး"

ဟု ပြောလိုက်၏။

ဝှထင်းနန်၏စကားကြောင့် သူမ တစ်ချက်တွေဝေသွား သည်။

အတန်ကြာမှ...

"သူတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ နှင်းတောင်ကို ကြတာလဲ"

ဝှထင်းနန်သည် သူမကို မျက်တောင်မခတ်တမ်း စိုက်ကြည့် လိုက်ပြီး...

"မင်း သူတို့ကို မသိဘူးလား"

တချင်းလျှံက...

"ကျွန်မက သူတို့ကို ဘယ်လိုလုပ်ပြီး သိမှာလဲ"



ဝှထင်းနန်သည် တည်ကြည်လေးနက်သော လေသံဖြင့်...

"အဲဒီ ငါးယောက်ထဲမှာ မင်း အနည်းဆုံးတစ်ယောက်တော့ သိဖို့ ကောင်းတယ်"

သူမ မျက်မှောင်ကြုတ်ကာ...

"ဘယ် တစ်ယောက်လဲ"

ဝှထင်းနန်က အဖြေမပေးဘဲ ခုတင်နား လျှောက်သွားလိုက် လေသည်။

ထို့နောက်...

သူသည် ဆိတ်သားရေဖုံးစာအုပ်အား ယူ၍ တချင်းလျှံထံ သို့ ပစ်ပေးလိုက်သည်။

တချင်းလျှံသည် ပုံတူစာအုပ်ကို ယူပြီး စားပွဲပေါ်တွင် ချ ထားလိုက်သည်။

ထို့နောက် သူမသည် စာရွက်များကို တစ်ရွက်ချင်း ပြန်၍ လှန်လှောကြည့်လိုက်လေသည်။

စတုတ္ထစာရွက်သို့ ရောက်သောအခါ ဝှထင်းနန်က လက်ညှိုး ထိုး၍...

"အဲဒီ တစ်ယောက်ပဲ"

ဟု လှမ်းပြောလိုက်သည်။

တချင်းလျှံက ပုံတူစာရွက်ကို သေချာစွာ ကြည့်လိုက်လေ သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုပုံတူစာရွက်ထဲမှ လူသည် အဖြူရောင်ဝတ်စုံရှည်ကို သေ
သပ်ကျနစွာ ဝတ်ဆင်ထားလေသည်။

သူ၏အသက်အရွယ်မှာ လေးဆယ်ကျော်မျှ ရှိမည်ဟု
မှန်းရသည်။

ထိုလူ၏ရုပ်ရည်သန့်ပြန့်ပြီး သူ၏ဝတ်စားဆင်ယင်မှုကြော
စာပေသမားတစ်ယောက်ဟု ထင်မှတ်ရလေသည်။

ထိုလူ၏လက်တစ်ဖက်ပေါ်တွင် စွန်ရဲကြီးတစ်ကောင်
နေသည်။

စွန်ရဲကြီးသည် ထပ်ပျံချင်သော်လည်း ပျံ၍ မရသည့်ဟန်
ထိုလူ၏လက်ဝါးအလယ်တွင် ရပ်တန့်နေလေသည်။

တချင်းလျှံသည် ပုံတူစာရွက်များကို ပထမကြည့်ခဲ့ပြီ
ယခု မြင်ရသော ပုံတူစာရွက်ထဲမှ လူအား မြင်ဖူးသလိုလို ရှိသည်
ထင်ရသည်။

သို့သော်...

သူမသည် မရေမရာ ဖြစ်နေခဲ့သည်။

ယခုလည်း ထိုအတိုင်းပင် ဖြစ်သည်။

"သူ့ကို မသိဘူးလား"

ငွေထင်းနန်က မေးလိုက်သည်။

တချင်းလျှံက ခေါင်းခါယမ်းလိုက်သည်။

ထိုအခါ ငွေထင်းနန်သည် စားပွဲနားသို့ လျှောက်လာပြီး



တစ်ချောင်းကို ယူ၍ မင်ရည်တို့လိုက်သည်။

ထို့နောက်...

သူသည် မေးစေ့နေရာတွင် စုတ်တံဖြင့် မုတ်ဆိတ်မွေးများ
ည့်ပေးလိုက်သည်။

"ဒါဆိုရင် မင်းမှတ်မိလောက်ပါပြီ"

တချင်းလျှံက ပုံတူစာရွက်ကို လက်နှစ်ဘက်ဖြင့် ယူကြည့်
လိုက်လေ၏။

သူမသည် ပုံတူစာရွက်ကို ကြည့်လိုက်သည်နှင့် သူမ၏ခန္ဓာ
ယ်သည် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

"ဒါ..ကျွန်မဖေဖေ မဟုတ်လား"

သူမသည် တုန်ယင်သော အသံဖြင့် မေးလိုက်၏။

ငွေထင်းနန်က...

"ဟုတ်တယ်"

ဟု အေးတိအေးစက်ဖြင့် ဖြေလိုက်သည်။

သူ၏မျက်လုံးအစုံတွင်လည်း ဒေါသရောင်များ လွှမ်းနေ
သည်။

"တကယ်လို့ မင်းရဲ့အဖေ နာမည်က တကုဖုံးဆိုရင် သေ
သွားပြီ"

သူမက ခေါင်းခါယမ်းကာ...

"မဟုတ်ဘူး၊ ကျွန်မအဖေ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂူထင်းနန်က...

"ဒါတော့ ငါ မသိဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူဟာ လူ… ဆယ့်ငါးနှစ်ကျော်က အလွန်ကြီးလေးတဲ့ ပြစ်မှုတစ်ခုကို လု… ပြေ"

တုချင်းလျှံက သူ၏စကားကြောင့် တစ်ချက်တွေဝေသွား… မှ ဖြည်းဖြည်းချင်း ထိုင်ချလိုက်၏။

ဂူထင်းနန်သည် သူမအား စူးရှစွာ စိုက်ကြည့်လိုက်ပြီး…

"မင်းသိချင်ရင် ကျုပ်ပြောပြမယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါး… ကျော်လောက်တုန်းက သိုင်းလောကမှာ သိုင်းပညာ အင်မတန် … ချွန်တဲ့ နဂါးငါးဖော်ဆိုတာ ရှိတယ်၊ အဲဒီ နဂါးငါးဖော်ရဲ့ ခေါင်းဆော… ဖြစ်တဲ့လူက ကျိုစန်း ခေါ်တယ်၊ အခု ပုံတူစာရွက်ထဲက နောက်ဆုံး… စာရွက်မှာပါတဲ့ အဘိုးကြီးပဲ"

ဂူထင်းနန်၏စကားအဆုံးတွင် တုချင်းလျှံသည် ပုံတူစာ… ထဲမှ နောက်ဆုံးစာရွက်ကို လှန်ကြည့်လိုက်လေသည်။

ထိုအခါ ပုံတူစာရွက်ထဲမှ အိုမင်းရင့်ရော်သော အဘိုးအို… ယောက်သည် မတ်တတ်ရပ်နေလေသည်။

"ဒုတိယလူကတော့ တုကုဖုံးပဲ၊ လူတွေက သူ့ကို စွန်ရဲ… ဖုံးလို့ ခေါ်တယ်၊ အခု နှင်းဖြူစံအိမ်ပိုင်ရှင် တုကုဖုံး ဖြစ်နေပြီ"

တုကုဖုံးအား ကြည့်ကာ တုချင်းလျှံ ခေါင်းခါယမ်းလိုက်… သည်။



"ဟင့်အင်း မဟုတ်ဘူး"

ဟု ငြင်းဆိုလိုက်၏။

ဂူထင်းနန်သည် ပခုံးတစ်ချက်တွန့်ကာ...

"ယုံတာ မယုံတာ မင်းသဘောပဲ"

တုချင်းလျှံသည် ထိုင်ရာမှထကာ...

"ကျွန်မအဖေက ဒီလို လူစားမျိုး မဟုတ်ဘူး၊ ရှင် ကျွန်မကို …မ်နေတာ၊ ရှင် ကျွန်မအဖေကို သက်သက်စော်ကားတာ"

သူမသည် ပြောရင်း မျက်ရည်ကျလာလေသည်။

ဂူထင်းနန်သည် အနည်းငယ် စောင့်ဆိုင်းပြီးမှ စကားဆက် …လိုက်၏။

"ကျန်တဲ့သုံးယောက်က ချန်းစု၊ ဝေကျူး၊ ဝပ်ပုလွှေကျင်းဖုံး …ပဲ"

သူသည် ပြောရင်း အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေ …သည်။

ပြီးနောက် စကားဆက်လိုက်သည်။

"သူတို့သုံးယောက်စလုံး ကျုပ်ရဲ့ သက်ခြွေးကို မကျော် …နိုင်ခဲ့ဘူး၊ ကျုပ် ဘာကြောင့် သူတို့ အလောင်းတွေကို သစ်ပင် …အောက်မှာ မြှုပ်ထားရတယ်ဆိုတာ သဘောပေါက်ပြီ မဟုတ်လား"

တုချင်းလျှံက..

"ကျွန်မ သဘောမပေါက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝူထင်းနန်က...

"ကျုပ် လူတစ်ယောက်ကို စောင့်နေတာ"

သူ၏စကားကြောင့် တုချင်းလျှံက မျက်မှောင်ကြုတ်လို[illegible]ပြီး...

"ရှင်က ဘယ်သူ့ကို စောင့်နေတာလဲ"

ဝူထင်းနန်က...

"မင်းအဖေကိုပေါ့"

ဟု ပြောလေသည်။

တုချင်းလျှံက နှုတ်ခမ်းမဲ့ကာ...

"ရှင်ပြောတိုင်း ယုံရမှာလား၊ ရှင်ပြောတဲ့အတိုင်း[illegible] ကျွန်မအဖေက ရှင်နဲ့ ဘာရန်ငြိုး ရှိနေလို့လဲ"

ဝူထင်းနန်က...

"ဘာရန်ငြိုးရှိလဲ ဟုတ်လား၊ ကျုပ်ပြောပြီးပြီ၊ ကျုပ်နဲ့ [illegible] ဗျားအဖေကြားမှာ ကြီးကျယ်တဲ့ ရန်ငြိုးရှိတယ်ဆိုတာ၊ ကဲ [illegible] သွားရင် ကောင်းလိမ့်မယ်ထင်တယ်"

တုချင်းလျှံက...

"အခုချက်ချင်း ပြန်မှာပါ၊ ကျွန်မအဖေကို ဒီကိစ္စ ပြန်[illegible] မှာပဲ"

ဟု ပြောလေ၏။

ဝူထင်းနန်က...



"ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ သူ့ရဲ့ သွေးသောက်ညီငယ် [illegible]တွေ ဖြစ်တဲ့ ချန်းစုံ၊ ငွေကျူးနဲ့ ကျင်းဖုံးတို့ဟာ ကျုပ်ဓားချက်နဲ့ သေ သွားပြီ၊ သူ့ကို ကျုပ်စောင့်နေတယ်လို့ မင်းအဖေကို ပြန်ပြောလိုက် [illegible]"

"ရှင်တို့က ဘာရန်ငြိုးရှိလို့လဲ"

ဝူထင်းနန်က...

"ဒါတွေ ပြောရင် ရှည်မယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်က [illegible]ရန်မြို့က မရဏအကျဉ်းထောင်မှူးကြီးမိသားစု ငါးယောက်စလုံး [illegible]သေရတယ်လို့ မင်းအဖေကို ပြောလိုက်ပါ"

"မိသားစု ငါးယောက် ဟုတ်လား"

ဝူထင်းနန်က...

"ဟုတ်တယ် ငါးယောက်၊ ထောင်မှူးကြီးက စေတနာပိုပြီး [illegible]ပြကြီး ငါးယောက်ကို အသက်နဲ့ရင်းပြီး အာမခံခဲ့တယ်၊ နောက်ပြီး [illegible]တို့ကို ထောင်ထဲက ကယ်ထုတ်လိုက်ရုံတင်မကဘူး၊ အဲဒီ ဓားပြ [illegible]ငါးယောက်က ထောင်မှူးကြီးကို ကျေးဇူးမဆပ်တဲ့အပြင် ဒုက္ခ [illegible]ကြီးအကျယ်ပေးခဲ့တယ်၊ လုရန်မြို့မှာပဲ ငွေတိုက်ကို ဓားပြတိုက်ပြီး [illegible]တိုက်က အစောင့်တွေကို ရက်ရက်စက်စက် သတ်ခဲ့တယ်၊ စေတ[illegible]ထားခဲ့တဲ့ ထောင်မှူးကြီးက ဓားပြတွေရဲ့ ကြံရာပါလို့ အစွပ်စွဲခံရတယ်၊ [illegible]ကတော့ သူကိုယ်တိုင်တင်မကဘူး၊ သူ့မိသားစုပါ သေဒဏ်ကျ[illegible]ရတယ်"

www.burmeseclassic.com



တချင်းလွှံ၏မျက်နှာသည် သွေးရောင်ကင်းမဲ့ကာ ဖြူ ဖြူရော် ဖြစ်နေသည်။

"အဲဒီ ထောင်မှူးကြီးက ရှင်နဲ့ ဘာတော်စပ်သလဲ"

ဝူထင်းနန်က...

"ကျုပ်အဖေပဲ၊ ကျုပ်ကတော့ လွတ်သွားတဲ့ ကလေးပဲ"

ဝူထင်းနန်၏စကားကြောင့် တချင်းလွှံက ဘာမှ ပြန်မပြော ဘဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

◆ ◆ ◆



## အတားအဆီး

တချင်းလွှံ ထွက်ခွာသွားပြီ ဖြစ်သည်။

တဲအိမ်လေးထဲတွင် ချက်ချင်းလိုပင် ပြန်လည်တိတ်ဆိတ် သွားလေသည်။

ဝူထင်းနန်သည် ဒေါသတကြီးဖြင့် စားပွဲကို မနားတမ်း ထု ရင်းကာ...

"တကုဖုံး ခင်ဗျားကို ကျုပ်သတ်မယ်"

ဝူထင်းနန်က ရူးသွပ်နေသူတစ်ယောက်ပမာ ကျယ်လောင် စွာ ကြုံးဝါးလိုက်သည်။

သူ၏ကြုံးဝါးသံ မဆုံးမီမှာပင် သက်ပြင်းချသံလိုလို အသံ ခု ထွက်ပေါ်လာသည်။

အသံမှာ အိမ်အပြင်မှ ထွက်ပေါ်လာသော အသံပင် ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်..ကောင်းတယ်"

ထိုအသံကြောင့် ငွထင်းနန်သည် ထိုင်ရာမှ ငေါက်ခနဲ လိုက်ကာ...

"ဘယ်သူလဲ"

ဟု အော်ဟစ်မေးလိုက်လေသည်။

ထိုအချိန်မှာပင် အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် တဲအိမ်လေး၏တံခါးဝ၌ ပေါ်လာသည်။

ငွထင်းနန်က တစ်စုံတစ်ရာ မပြောနိုင်မီမှာပင် အဘိုးအိုက ပင်...

"ကျုပ်နာမည်က ရှမ်းဖုံးပါ ငါ့တူ၊ ခရီးသွားရင်း ရေငတ်လာလို့ ငါ့တူရဲ့အိမ်ကို ဝင်လာတာပါ။ ရေတစ်ခွက်လောက် သောက်ပါရစေ"

"အပြင်မှာ နှင်းတွေ သိပ်ကျနေတာပဲ၊ ရေငတ်လို့ ရေသောက်ချင်တယ်ဆိုတာ သိပ်တော့ သဘာဝမကျဘူး ထင်တယ်"

ငွထင်းနန်က ခပ်ပြုံးပြုံးဖြင့် ပြန်ပြောလိုက်သည်။

အဘိုးအိုက ခေါင်းတစ်ချက်ဆတ်ပြရင်း...

"ငါ့တူပြောတာ မှန်ပါတယ်၊ ကျုပ်က အညောင်းပြေ ဝင်ပြီး နားတယ်ဆိုရင်ကော ငါ့တူ လက်ခံမလား"

ငွထင်းနန်က ခေါင်းညိတ်လိုက်သည်။



"ရပါတယ် နားပါ၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်က လူသွတ်ဆိုတော့ နေရာထိုင်ခင်း မကောင်းဘူး"

အဘိုးအိုသည် တံခါးနှင့်နီးသော ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ငွထင်းနန်သည် ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့ပြီး အဘိုးအိုအား ကမ်းပေးလိုက်သည်။

အဘိုးအိုသည် ရေနွေးကြမ်းကို တစ်ကျိုက်မော့သောက်လိုက်ပြီး...

"ငါ့တူရဲ့ အိမ်ရှေ့မှာ အလောင်းမြှုပ်ထားတဲ့ မြေပုံသုံးပုံကို တွေ့လို့ အဘတော်တော်လေး အံ့သြသွားတယ်၊ အဘအိမ်ထဲမဝင်ခင် ငါ့တူက လူသတ်ဖို့ကြိမ်းမောင်းလိုက်တာကိုလည်း ကြားလိုက်တယ်၊ ဒီလိုအလုပ်မျိုးဟာ အင်မတန် အပြစ်ကြီးတယ်ကွယ့်"

"ကဲ..အဘ ရေသောက်ပြီးရင် ပြန်ပါတော့"

ငွထင်းနန်က စိတ်မရှည်နိုင်ဟန်ဖြင့် အဘိုးအို၏စကားကို ဖြတ်ပြောလိုက်သည်။

"ငါ့တူကြည့်ရတာ စိတ်ဓာတ်ပြင်းထန်ပုံရတယ်၊ သတ်ချင်ဖြတ်ချင်တဲ့စိတ်က အတောမသတ်နိုင်အောင်ဖြစ်နေတယ်၊ ဒီလိုသာ ဆက်သွားရင်တော့ ဒုက္ခလှလှကြီးတွေ့တော့မှာပဲ"

ငွထင်းနန်သည် စိတ်မရှည်နိုင်တော့ပါ။

သူသည် ဘာမှမပြောတော့ဘဲ ရှေ့သို့တက်ကာ လက်အစုံ

www.burmeseclassic.com

www.burmeseclassic.com



တို အရှိန်ပြင်းပြင်းဖြင့် တွန်းထုတ်လိုက်လေသည်။

သူ အသုံးပြုလိုက်သော သိုင်းကွက်သည် အတွင်းအား အပြည့်အဝသုံးစွဲထားခြင်း မရှိပါ။

သို့သော်...

လူချင်းအလွန်နီးကပ်နေသဖြင့် အဘိုးအိုမှာ ရှောင်တိမ်း၍ မလွှယ်ကူပေ။

ထို့ကြောင့် အဘိုးအိုအနေဖြင့် မိမိ၏ရိုက်ချက်ကို ရှောင်၍ ရမည်မဟုတ်ဟု ဝူထင်းနန်က တွက်ဆထားလေသည်။

သူတွန်းလိုက်သောအခါ အဘိုးအို၏ ကိုယ်အထက်ပိုင်း သည် နောက်သို့ အနည်းငယ် လန်သွားလေတော့သည်။

တဆက်တည်းမှာပင်...

အဘိုးအိုသည် လှေရောထိုင်ခုံပါ အိမ်အပြင်သို့ လွင့်ထွက် သွားသည်။

ဝူထင်းနန်သည် မိမိလက်လွန်သွားမှန်းသိ၍ အတော်ပင် စိတ်မကောင်းဖြစ်သွားလေသည်။

သူသည် အဘိုးအို တစ်စုံတစ်ခုဖြစ်သွားမည်စိုး၍ အပြင်သို့ ချက်ချင်း ထွက်ကြည့်လိုက်သည်။

သို့သော်...

အဘိုးအိုသည် ထိုင်ခုံပေါ်တွင် အကျအနထိုင်လျက်သား ရှိနေခြင်းကို လရောင်ဖြင့် မြင်တွေ့လိုက်ရလေသည်။



အဘိုးအို ထိုင်နေသောထိုင်ခုံသည် နှင်းပြင်ပေါ်တွင် တည့် တည့်မတ်မတ်ပင် ရှိနေသည်။

ထိုအခါမှ အဘိုးအိုတွင် လျှို့ဝှက်နက်နည်းသော သိုင်း ပညာပိုင်ဆိုင်ထားကြောင်း ဝူထင်းနန် ရိပ်စားမိလိုက်လေသည်။

အဘိုးအိုသည် ထိုင်ခုံပေါ်ထိုင်လျက်ကပင် ဝူထင်းနန်ကို ပြုံးပြုံးကြီး ကြည့်နေသည်။

ဤတွင် သိုင်းပညာအားကိုးပြီး မိမိအား သိက္ခာချချင်သော အဘိုးအိုအပေါ် ဝူထင်းနန်သည် အမျက်ထွက်လာပြန်သည်။

"ကဲ..အဘ သတိထား"

ဝူထင်းနန်က ထိုသို့ သတိပေးပြီးနောက် အဘိုးအိုထံသို့ ဝင်လိုက်လေသည်။

သူသည် အဘိုးအိုထံ ချဉ်းကပ်ရင်းပင် ဘယ်လက်ကိုဖြန့်ကာ ခေါင်းမှမိုး၍ ရိုက်ချလိုက်သည်။

ညာလက်ကိုမူ လက်ဝါးစောင်းသဏ္ဌာန်ဖြင့် တအားခုတ် လိုက်သည်။

သူ၏ဘယ်လက်မှ ဖြစ်ပေါ်လာသော အရှိန်သည် မျက်စိ ဖြင့် မမြင်နိုင်သော ပိုက်ကွန်တစ်ခုပမာ တစ်ဘက်လူအား လွှမ်းခြုံ လိုက်သည်။

သူ၏ညာလက်မှာမူ ဓားသွားပမာ ခုတ်အားကောင်းလှ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူထင်းနန်၏ တိုက်ကွက်သည် လျှပ်စီးလက်သကဲ့သို့ မြန်ပြီး လေမုန်တိုင်းကဲ့သို့ ပြင်းထန်လှသည်။

"ဖြောင်း"

ဟူသောအသံနှင့်အတူ အဘိုးအိုထိုင်ခဲ့သော ထိုင်ခုံ ဂူထင်းနန်၏ လက်ဝါးစောင်းဒဏ်ကို မခံနိုင်ဘဲ ထက်ခြမ်းကွဲသွား သည်။

ပို၍ထူးခြားသည်မှာ ထိုင်ခုံပေါ်တွင် ထိုင်နေခဲ့သော အ အိုသည် မည်သည့်အချိန်တွင် ပျောက်ကွယ်သွားမှန်းမသိ ချင်းမလှ ပျောက်ကွယ်သွားခြင်းပင်ဖြစ်သည်။

ဂူထင်းနန်သည် အဘိုးအိုအား မမြင်ရ၍ ရင်ထဲထိ ဖြစ်သွားရသည်။

ယင်းအချိန်မှာပင် သက်ပြင်းချသံသဲ့သဲ့ကို ကြားလို သည်။

ဂူထင်းနန်သည် သက်ပြင်းချသံကို ကြားလိုက်ရသည် အဘိုးအိုရှိသောနေရာကို ရိပ်စားမိလိုက်လေသည်။

အဘိုးအိုသည် သစ်ပင်တစ်ပင်ကိုမှီ၍ရပ်လျက် ဂူထင် အား လှမ်းကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ဂူထင်းနန်သည် စဉ်းစားခြင်းပင် မပြုတော့ဘဲ လေ ပျံကာ နောက်ကျွမ်းပစ်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အဘိုးအိုရှေ့မှောက်သို့ အလော



ရောက်သွားလေသည်။

ဤတစ်ကြိမ်တွင် ဂူထင်းနန်သည် ဒုတိယအကြိမ် လုံသိပ် သိုင်းကွက်အား အသုံးပြုကာ အဘိုးအို၏နံကြားသို့ လက်နှစ်ဘက်ကို လျင်မြန်စွာ ဆန့်ထုတ်လိုက်သည်။

အဘိုးအိုသည် ရှောင်တိမ်းရန် မကြိုးစားပါ။

သူသည် လက်နှစ်ဘက်ကို ဆီး၍ခုခံလိုက်သည်။

ဤတွင် ဂူထင်းနန်၏ လက်နှစ်ဘက်သည် အုတ်နံရံနှင့် ဝင် တိုးမိသည့်အလား တောင့်တောင့်ကြီး ဖြစ်သွားရလေသည်။

ဂူထင်းနန်သည် ရှိသမျှခွန်အားကို စုစည်းကာ လက်နှစ် ဘက်အား ရှေ့သို့ တွန်းထိုးလိုက်လေသည်။

ဂူထင်းနန်သည် လက်ကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်ပြီး နောက်သို့ ဆုတ်လိုက်သည်။

သို့သော်...

ရုတ်တရက်ဆိုသလိုပင် အရပ်မျက်နှာ မိုးရွာချသိုင်းကွက်ကို အသုံးပြုကာ ညာခြေဖြင့် အဘိုးအို၏ခြေထောက်ကို ဖြတ်ကာ ကန် လိုက်သည်။

အဘိုးအို၏ ခန္ဓာကိုယ်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် အပေါ်သို့ ခုန်တက်သွားသည်။

ထိုအခါ ဂူထင်းနန်၏ခြေထောက်တစ်ဘက်သည် အဘိုးအို ခြေထောက်အောက်မှ ဝှီးခနဲ ဖြတ်ကျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပူထင်းနန်တွင် ထူးခြားချက် တစ်ခုရှိသည်။

ထိုအချက်မှာ ပူထင်းနန်သည် တိုက်ကွက်ဆင်ရာတွင် တူအောင် လျင်မြန်ဖျတ်လတ်ခြင်း ဖြစ်ပေသည်။

ထို့အပြင်...

သူသည် တစ်နေ့ရာတည်းကို သိုင်းကွက်တစ်မျိုးတည်း တိုက်ခိုက်ခြင်းမဟုတ်ဘဲ နောက်ဆက်တွဲတိုက်ကွက် အားဖြည့် ခြင်းပင်ဖြစ်သည်။

အဘိုးအို၏ ခန္ဓာကိုယ်သည် လေထဲသို့မြောက်တက် ချိန် ပူထင်းနန်၏ သန်မာသောလက်တစ်ဘက်က ရှေ့သို့ အရှိန် ပြင်းဖြင့် ရိုက်ထုတ်လိုက်သည်။

အဘိုးအိုသည် လက်နှစ်ဘက်ကို လျင်မြန်စွာ ငွေ လိုက်လေသည်။

သို့သော် ဝတ်ရုံကိုမူ ရိုက်မိသွားသည်။

ဝတ်ရုံသည် ပူထင်းနန်၏လက်ချက်ဖြင့် အပေါက်ကြီး ပေါ်သွားသည်။

အဘိုးအို၏ ခန္ဓာကိုယ်သည် လေထဲတွင် လွင့်မျောနေ သစ်ရွက်ပမာ ပျံဝဲသွားသည်။

အဘိုးအို၏ ခန္ဓာကိုယ်သည် သစ်ကိုင်းတွင် တွဲလောင်း မိလျက်သားဖြစ်သွားသည်။

အဘိုးအို၏ ကြီးမားသော ခန္ဓာကိုယ်သည် သစ်ပင်



ွင် ချိတ်လျက်တန်းလန်းဖြင့် ရှေ့တိုးနောက်ငင် ဖြစ်နေလေသည်။

သိုင်းကွက်အနည်းငယ်သာ ယှဉ်ပြိုင်ခဲ့သော်လည်း တစ် ယောက်၏အခြေအနေ တစ်ယောက် ရိပ်မိသွားလေသည်။

သူတို့နှစ်ယောက်သည် ရပ်တန်းကရပ်သင့်ကြောင်း နှစ်ဦး သုံး စဉ်းစားမိလိုက်လေသည်။

ပူထင်းနန်သည် နှင်းပြင်ပေါ်တွင် ငူငူကြီးမတ်တတ်ရပ်နေ သည်။

တိုက်ပွဲအမြင်အားဖြင့် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဟု ထင် သည်။

အမှန်စင်စစ်မှာ...

အဘိုးအိုသည် သာလွန်နေလေသည်။

အဘယ်ကြောင့်ဆိုသော်...

ပူထင်းနန်သည် တိုက်ကွက်သုံးလေးကွက်ကို ဆင်နွှဲခဲ့သော် ည်း အဘိုးအိုက တုန့်ပြန်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်ရုံသာ ရှောင် သောကြောင့်ဖြစ်သည်။

ယင်းအချက်ကို ကြည့်ခြင်းဖြင့် အဘိုးအိုသည် ပူထင်းနန် ထက် အစွမ်းပို၍ထက်မြက်ကြောင်း သိသာထင်ရှားနေလေသည်။

ပူထင်းနန်၏မျက်နှာသည် လရောင်အောက်တွင် ကြောက် ပွယ်ကောင်းအောင်ပင် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

အဘိုးအိုသည် သစ်ပင်ပေါ်တွင် တွဲလောင်းဖြစ်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ရာ ဝူထင်းနန်၏ရှေ့တည့်တ
လက်တစ်ကမ်းအကွာသို့ ရောက်သွားသည်။

"ငါတူက သိုင်းပညာ တော်တော်ထူးချွန်တာကိုး၊ ဒါကြော
လည်း ချန်းစုတို့သုံးယောက်က မယှဉ်နိုင်ဘဲ ငါတူလက်ချက်နဲ့ သေ
သွားရတာပေါ့"

ဝူထင်းနန်သည် အံ့အားသင့်သွားသည်။

"အဘက ချန်းစုကိုသိတယ် ဟုတ်လား"

အဘိုးအိုက လက်ကာပြလိုက်ပြီး...

"ကျုပ်အပေါ် အထင်မလွဲပါနဲ့၊ အဘ ငယ်ငယ်တုန်းကသိုင်
လောကထဲဝင်ခဲ့တယ်၊ သူတို့လို နာမည်ကြီးတွေကို မသိဘဲနေ
လား၊ ဒါပေမယ့် အဘက သူတို့ကို မြင်ဖူးရုံပဲမြင်ဖူးတာပါ၊ ရင်း
သိကျွမ်းမှု မရှိပါဘူး"

ဝူထင်းနန်က မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒါဆိုရင် ချန်းစုတို့သုံးယောက်အပြင် တခြားနှစ်ယော
ရှိသေးတယ်ဆိုတာ အဘသိမှာပေါ့"

အဘိုးအိုက ခေါင်းညိတ်ပြလိုက်သည်။

"သိတယ်၊ နဂါးငါးဖော်ဆိုတာလေ"

ဝူထင်းနန်က မဲ့ပြုံးပြုံးလိုက်ပြီး...

"မှန်ပါတယ်၊ ကျွန်တော်ကတော့ သည်လူငါးယောက်
ကို အပြတ်ရှင်းရမှ ကျေနပ်နိုင်မယ်"



အဘိုးအို၏ မျက်လုံးအစုံသည် ဝူထင်းနန်အား စေ့စေ့ကြည့်
လိုက်ပြီး...

"ငါတူလည်းသိမှာပါ၊ သူတို့ငါးယောက်ဟာ သွေးသောက်
ညီအစ်ကိုဖွဲ့ထားပေမယ့် သိုင်းပညာမှာတော့ တစ်ယောက်နဲ့တစ်
ယောက် ကွာခြားမှုရှိတယ်"

"အဲဒါ ကျွန်တော်နဲ့ ပတ်သက်မှုရှိသလား"

ဝူထင်းနန် ကြားဖြတ်မေးလိုက်သည်။

အဘိုးအိုက တည်ကြည်လေးနက်သော အသံဖြင့်...

"နဂါးငါးဖော်ထဲမှာဆိုရင် ကျိစန်းနဲ့ တုကုဖုံးတို့နှစ်ယောက်
သိုင်းပညာ အတော်ဆုံးပဲ၊ ထိပ်သီးသိုင်းပညာရှင်တွေတောင်
တို့နှစ်ယောက်ကို မယှဉ်ပြိုင်နိုင်ကြဘူး၊ သည်အချက်ကို ငါတူ
ည်း သတိထားမိမှာပေါ့၊ ဒါနဲ့ ငါတူက သူတို့နှစ်ယောက်ကို အပြတ်
ပစ်ချင်နေတာပေါ့ ဟုတ်လား"

ဝူထင်းနန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

အဘိုးအိုက အဝေးရှိ နှင်းဖြူစံအိမ်ကြီးအား လက်ညှိုးထိုး
ပြလိုက်ပြီး...

"တုကုဖုံးရဲ့ နှင်းဖြူစံအိမ်က ဟိုတောင်ပေါ်မှာ ရှိတယ်ဆို
ငါတူ သိထားပြီးပြီပေါ့"

ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှထင်းနန် ပြုံးလိုက်ပြီး…

"ဟုတ်တယ်"

ဟု ပြောလိုက်၏။

ထိုအခါ…

အဘိုးအိုက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်…

"ဒါဆိုရင် တုကုဖုံးကို နိုင်မယ်လို့ ငါ့တူက ထင်နေတာ ဆိုပါ တော့"

ဟု မေးလိုက်လေသည်။

ထိုအချက်ကို တုကုဖုံး အနေဖြင့် တစ်ကြိမ်တစ်ခါမျှ ဦး နှောက်ထဲ ထည့်မစဉ်းစားခဲ့ပါချေ။

ထို့ကြောင့်…

အဘိုးအို၏မေးခွန်းက အဖြေရခက်နေသည်။

အတန်ကြာမှ…

"ကျွန်တော်ကတော့ တုကုဖုံးကို နိုင်မယ်လို့ ယုံကြည်တယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"မထင်နဲ့ ငါ့တူ၊ အဘအမြင်ပြောရရင်တော့ ငါ့တူရဲ့ သိုင်း ပညာ မဆိုးလှပေမယ့် တုကုဖုံးကိုတော့ မမီနိုင်ဘူး"

ဝှထင်းနန် မျက်မှောင်ကြုတ်လိုက်ပြီး…

"ကျိုစန်းနဲ့ တုကုဖုံးတို့ နှစ်ယောက်ထဲမှာ ဘယ်သူက သိုင်း



ပညာပိုတော်သလဲ"

ဟု မေးလိုက်၏။

ထိုအခါ…

အဘိုးအိုက…

"အရင်တုန်းကဆို ကျိုစန်းရဲ့သိုင်းပညာက တုကုဖုံးထက် တောင် သာသေးတယ်၊ နောက်တော့ တုကုဖုံးက နယ်ခြားသိုင်း ဆရာတစ်ယောက်ဆီမှာ သိုင်းပညာသင်ခဲ့လို့ တော်တော်တိုးတက် လာတယ်၊ အခုဆိုရင် ကျိုစန်းထက် မတော်ဘူးဆိုရင်တောင် ကျိုစန်း နဲ့ မတိမ်းမယိမ်းလောက် ရှိမှာပဲ"

ဝှထင်းနန် ဘာမျှ ပြန်မပြောဘဲ နှုတ်ဆိတ်သွားလေတော့ သည်။

အဘိုးအိုက သူ့အား တစ်ချက်အကဲခတ်လိုက်ပြီး…

"စောစောတုန်းက ငါ့တူနဲ့ မိန်းကလေးတစ်ယောက် စကား ပြောနေတာကို အဘ အကုန်ကြားခဲ့တယ်"

တုကုဖုံးက အဘိုးအိုကို ကြည့်လိုက်ပြီး…

"ဒါဆိုရင် ကျွန်တော်နဲ့ နဂါးညီနောင်ငါးယောက် ဘယ်လို ငြိုးရှိခဲ့တယ်ဆိုတာ အဘသိသွားပြီပေါ့"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့၊ ဒါကြောင့် အဘလဲ သည်ကိစ္စအတွက် တော်တော် အား စိတ်မကောင်းပါဘူး၊ နဂါးငါးဖော်တို့က မရဏထောင်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဝူလျှောင်ကို ကျေးဇူးမဆပ်တဲ့အပြင် ဒုက္ခအကြီးအကျယ်ပေး

သည်လိုလုပ်ခဲ့တဲ့အတွက် တစ်နေ့ တုန့်ပြန်ခံရမယ်ဆိုတာ နည်း

မှ ထည့်မစဉ်းစားခဲ့ဘူး"

ဝူထင်းနန် အံ့သြသွားသည်။

"အဘက မရဏထောင်မှူးဝူလျှောင်ကို သိတယ်

လား"

အဘိုးအိုက ဝူလျှောင်ဟူသော အမည်ကိုပါ ထည့်

သဖြင့် ဝူထင်းနန်သည် အလန့်တကြားဖြင့် မေးမိလေသည်။

အဘိုးအိုက ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီး...

"ငါတို့ရဲ့အဖေကို အဘသိပါတယ်၊ ကျုပ်တို့က မိ

ဟောင်းတွေပဲ"

ဟု ပြောလိုက်လေသည်။

အဘိုးအို၏စကားကို ကြားလိုက်ရသည့်အခါ ဝူထင်း

ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

◆ ◆ ◆



ဝူထင်းနန်သည် အတန်ကြာမှင်သက်မိရာမှ သတိပြန်ဝင်

သာဟန်ဖြင့် ကမန်းကတန်း မြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်

သည်။

ထို့နောက်...

"ပြောမှားဆိုမှားရှိရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ အဘ"

သူသည် အဘိုးအိုအား ကပျာကယာ ဦးညွှတ်လိုက်လေ

သည်။

အဘိုးအိုသည် ဝူထင်းနန်ကို ဖေးမထူလိုက်ပြီး...

"သည်လို မလုပ်ပါနဲ့၊ အဘက ငါတူအပေါ် ဘယ်လိုမှ

ခေအာင့်မေ့ပါဘူး"

ဝူထင်းနန်သည် အဘိုးအိုမှာ မိမိ၏ဖခင်နှင့် ခင်မင်ခဲ့သူ

ဖြစ်ကြောင်း သိလိုက်ပြီဖြစ်၍ အဘိုးအိုအပေါ် အမြင်တစ်မျိုး ပြောင်း

သွားပြီ ဖြစ်၏။

အဘိုးအိုသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"နဂါးညီနောင်ငါးဖော် ကျူးလွန်ခဲ့တဲ့ အပြစ်က အင်မတန်

ကြီးလေးပါတယ်၊ ဒါပေမယ့် တရားဥပဒေက သူတို့ကို သည်အတိုင်း

ထားမှာ မဟုတ်ပါဘူး၊ အခုဆိုရင် ငါတူဟာ သူတို့ငါးယောက်ထဲက

သုံးယောက်ကို သုတ်သင်နိုင်ခဲ့ပြီပဲ၊ ကျေနပ်လိုက်ပါတော့"

ဝူထင်းနန်က ခေါင်းခါယမ်းလိုက်ပြီး...

"ဒါတော့ ဘာဖြစ်မလဲ၊ တစ်ယောက်မကျန် ရှင်းပစ်ဖို့

www.burmeseclassic.com

ကျွန်တော့်အဖေ အုတ်ဂူရှေ့မှာ ကတိပေးထားခဲ့ပြီးပြီဗျ"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အဘက စေတနာနဲ့ ပြောနေတာပါ၊ ငါတို့ရဲ့ လက်ရှိ ... ပညာနဲ့ဆိုရင် တုကုဖုံးနဲ့ ကျိစန်းတို့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး။ ကျိ... က အခုထိ ဘယ်ရောက်လို့ ရောက်မှန်း မသိဘူး။ ဆုံးသွား... လူတွေက ပြောကြတယ်၊ သူ့ကို ထည့်မတွက်ဘူးပဲထားဦး။ တု... ကို အနိုင်တိုက်ခိုက်ဖို့ဆိုတာက လွယ်တဲ့ကိစ္စ မဟုတ်ဘူးလေကွ"

တုကုဖုံးက ခေါင်းညိတ်လိုက်ပြီး...

"ကျိစန်း သေပြီဆိုတာ ကျွန်တော်လဲ သတင်းကြားပါတ... သေတဲ့လူကိုတော့ ဘေးဖယ်ထားလို့ ရပါတယ်၊ ဒါပေမယ့် တု... ကိုတော့ အရှင်ထားလို့ မဖြစ်ဘူး"

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အေးလေ.. ဒါဆိုရင်လဲ အဘ သွားတော့မယ်"

အဘိုးအိုသည် ယင်းသို့ ပြောပြီးသည်နှင့် ချာခနဲလှည့်... ထွက်သွားလေတော့သည်။

ဝူထင်းနန်သည် အဘိုးအိုကို မြင်ကွင်းမှ ပျောက်ကွယ်... သည်အထိ ငေး၍ ကြည့်နေမိလေတော့သည်။

◆ ◆ ◆



သက်ခြွေဓားဝူထင်းနန်...။

ဝူထင်းနန်သည် တစ်ညလုံး အိပ်၍ မပျော်ပါချေ။

သူ၏ဦးနှောက်ထဲတွင် အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေလေသည်။

သူသည် အဘိုးအိုရှမ်းဖုံး ပြောဆိုခဲ့သည့် စကားများကို ပြန်လည်ကြားယောင်နေသည်။

ဝူထင်းနန်သည် မှေးခနဲ အိပ်ပျော်သွားလေသည်။

သူပြန်လည်နိုးလာသောအခါ နံနက်လင်းသော အချိန်သို့ပင် ရောက်နေပြီဖြစ်သည်။

သူသည် အချိန်အနည်းငယ်မျှသာ အိပ်စက်ခဲ့ရသည်။

ဝူထင်းနန်သည် အိပ်ရာမှ လူးလဲထလိုက်သည်။

သူသည် ရှေးဦးစွာ ပြတင်းတံခါးအား တွန်းဖွင့်လိုက်လေသည်။

သို့သော်...

ပြတင်းတံခါး ဟသွား၍သာ ရှိသေးသည်။

သူ၏လက်သည် အလိုလို ရပ်တန့်သွားသည်။

အကြောင်းမှာ...

အဝါရောင်ဝတ်ဆင်ထားသော လူတစ်ယောက် မိမိနေထိုင်ရာ တောင်ကုန်းပေါ်သို့ တက်လာနေသည်ကို အသေအချာ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ကိုယ်ဖော့ပညာမှာ အတော်ပင် အဆင့်မြင့်ပုံ ရ
သည်။

တောင်ပေါ်သို့ လှစ်ခနဲလှစ်ခနဲ ပြေးတက်လာပုံကို ကြည့်
ခြင်းအားဖြင့် ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း သိသာ
နေသည်။

ဂူထင်းနန်သည် ပြတင်းတံခါးနားမှ ခွာပြီး နံရံနားသို့ ရွေ့
လျားသွားကာ အပြင်မှလူအား အလစ်မပေးဘဲ မျက်ခြည်မပြတ်
လှမ်းကြည့်နေသည်။

ထိုလူ၏အသက်မှာ သုံးဆယ်ပတ်ဝန်းကျင်မျှ ရှိမည်ဟု ခန့်
မှန်းရသည်။

ဂူထင်းနန်သည် မည်သို့မျှ ငြိမ်မနေနိုင်တော့ပါချေ။

သူသည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်လိုက်
သည်။

အဝါရောင်ဝတ်စုံရှင်သည် အသံကြားသွား၍ ချာခနဲ လှည့်
ကြည့်သည်။

ဂူထင်းနန်က...

"သည်မှာ ကျုပ်ပိုင်နက်ကို ရောက်လာတာတောင် အသံ
မပေးဘဲ ငြိမ်နေတာ ကောင်းသလား"

ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

ထိုအခါ...



အဝါရောင်ဝတ်စုံရှင်သည် အေးစက်စက် မျက်လုံးအစုံဖြင့်
ဂူထင်းနန်အား ကြည့်လိုက်သည်။

ပြီးမှ...

"မိတ်ဆွေနာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်၏။

ဂူထင်းနန်က...

"ဂူထင်းနန်"

ဟု ပြောလိုက်သည်။

ထိုလူက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဂူထင်းနန် ဟုတ်လား၊ နေပါဦး၊ ကျုပ်က မပြောရဘဲ မိတ်
ဆွေက ဦးအောင် ကျုပ်ကို အပြစ်တင်နေပါလား"

ဂူထင်းနန်က...

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

အဝါရောင်ဝတ်စုံရှင် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ တကယ်လို့ မိတ်ဆွေသာ အကဲခတ်
တတ်တဲ့သူမှန်ရင် သည်နှင်းတောင်မှာရှိတဲ့ ချယ်ရီတောပတ်ဝန်း
ကျင်ကို ပိုင်ဆိုင်တဲ့လူဟာ နှင်းဖြူစံအိမ်သခင်ကြီး တုကုဖုံးဆိုတာ
သိသင့်တယ်"

ဂူထင်းနန်၏စိတ်ထဲတွင် ဒေါသချောင်းချောင်း ထွက်သွား
သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ထိုလူမှာ သခုမှ တွေ့ဆုံသော လူစိမ်းတစ်ယောက် ဖြစ်နေပေသည်။

ထို့ကြောင့်...

သူက ရန်သူဟု သဘောမထားချင်ပါ။

ဂူထင်းနန်သည် ဖိတ်ကျိုယိမ်းရင်း ထိုလူအား အကဲခတ်ကြည့်လိုက်ပြီး...

"ဒါဆိုရင် ခင်ဗျားက နှင်းဖြူစံအိမ်က လူပဲပေါ့"

ဟု မေးလိုက်၏။

သူ၏စကားကြောင့် အဝါရောင်ဝတ်စုံရှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က နှင်းဖြူစံအိမ်ရဲ့ တာဝန်ခံပါ"

ဟု ပြော၏။

ဂူထင်းနန်သည် မဲ့ပြုံးပြုံးကာ...

"သည်နှင်းတောင်တန်းဟာ မိုင်ပေါင်း ရာချီပြီး ကျယ်ဝန်းတယ်၊ ဘယ်သူကမှ ကိုယ်ပိုင်နက်အဖြစ် သတ်မှတ်လို့ မရဘူး အခု နှင်းဖြူတောင်တန်းကို နှင်းဖြူစံအိမ်ရဲ့ ပိုင်နက်လို့ ပြောနေတာဟာ ရယ်စရာ မကောင်းဘူးလား"

ထိုလူက ပြုံးလိုက်ပြီး...

"သည်လိုပါ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျုပ်တို့ရဲ့ သခင်



ကြီးတုကုဖုံးဟာ နှင်းဖြူစံအိမ်ကို တခြားလူဆီက သိမ်းပိုက်လိုက်တယ်၊ အဲသည်အချိန်ကစပြီး သခင်ကြီးဟာ ထင်းရှူးတော အရှေ့ဘက်ခြမ်းရဲ့ ပိုင်ရှင် ဖြစ်လာတယ်၊ ဒါတဲ့အခွဲဟာ မနှစ်က တောင်ပေါ်ဘက်လာပြီး သည်နေရာမှာ အခြေချနေထိုင်ခဲ့တယ်"

ထိုသူသည် ပြောပြီး အကျီအိတ်ထဲသို့ လက်နှိုက်ကာ မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည်။

ထို့နောက်...

သူသည် စာအုပ်ကို လှန်လှောလိုက်သည်။

"ဟုတ်တယ်၊ မနှစ်ကပဲ သည်နေရာကိုရောက်လာတယ်၊ သည်နေ့ဆိုရင် ခင်ဗျားရောက်လာတာ တစ်နှစ်တင်းတင်း ပြည့်သွားပြီ"

အဝါရောင်ဝတ်စုံရှင်သည် မှတ်စုစာအုပ်ကိုကြည့်ရင်း အတိအကျပြောလိုက်သည်။

သူ၏စကားကြောင့် ဂူထင်းနန်သည် ဒေါတော်ပင် အံ့သြသွားလေသည်။

ဂူထင်းနန်၏အထင်မှာ သူရောက်နေသည်ကို နှင်းဖြူစံအိမ်ရှင်က မသိသေးဟု ထင်ခဲ့သည်။

လက်တွေ့မှာမူ နှင်းဖြူစံအိမ်က သူရောက်သည့်အချိန်ကို တိတိကျကျ သိရှိနေသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



ဂွထင်းနန်သည် မချိပြုံး ပြုံးလိုက်သည်။

သူရောက်ရှိနေသည်ကို နှင်းဖြူစံအိမ်ရှင်က သိရှိနေသ[illegible] အတော်ပင် အံ့သြနေသည်။

သူက ပြုံး၍...

"ကျုပ်ကို သည်လောက် ဂရုစိုက်တဲ့အတွက် ကျေးဇူး[illegible] ကြီးတင်ပါတယ်၊ ဒါနဲ့ မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသ[illegible]"

ဟု မေးလိုက်သည်။

ထိုလူက ခေါင်းညိတ်လိုက်သည်။

ပြီးလျှင်...

"ကျုပ်နာမည် တိတ်လုံပါ"

ဟု ပြောလိုက်သည်။

ဂွထင်းနန်သည် တိတ်လုံဟူသောအမည်ကို ကြားဖူး[illegible] သည်။

သို့သော်...

သူသည် မည်သည့်နေရာတွင် ကြားခဲ့ကြောင်းကိုမူ [illegible] ရက်ဖြစ်နေ၍ စဉ်းစားမရဘဲ ဖြစ်နေလေသည်။

ထိုစဉ်မှာပင်...

"ကျုပ်တို့ရဲ့သခင်ကြီးက သဘောထားကြီးပါတယ်၊ [illegible] ပညာထူးချွန်တဲ့ ခင်ဗျားကို အနှောင့်အယှက်မပေးဖို့ အိမ်သ[illegible] ကို သေချာမှာထားတယ်၊ ဒါကြောင့် ခင်ဗျား သည်မှာ [illegible]



ဆေးဆေးနေလို့ရတာ၊ နောက်ပြီး ခင်ဗျား စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ သခင်ကြီးက ခင်ဗျားကိုလာပြီး မတွေ့တာပါ"

တိတ်လုံသည် ပြုံး၍ စကားဆက်လိုက်ပြန်သည်။

"မိတ်ဆွေက ထူးဆန်းတဲ့သိုင်းပညာကို လေ့ကျင့်ဖို့ သည် နေရာမှာ လာနေတယ်ဆိုတာသိလို့ သခင်ကြီးက မိတ်ဆွေအပေါ်မှာ ပြီးအထင်ကြီးလာတယ်၊ မိတ်ဆွေရဲ့ကြိုးစားမှုကိုလည်း ချီးကျူး တယ်၊ သခင်ကြီးထင်တဲ့အတိုင်း မိတ်ဆွေကြီး တစ်နှစ်လုံးကြိုးစားလာ တယ်၊ အခုဆိုရင် ဓားသိုင်းပညာနဲ့ပတ်သက်ပြီး ပိုအဆင့်မြင့်လာ တယ်၊ ဟုတ်တယ်မဟုတ်လား"

တိတ်လုံသည် အတတ်သိနေသူ တစ်ဦးပမာ တတွတ်တွတ် ပြောလာသည်။

ဂွထင်းနန်သည် ဘာမျှပြန်မပြောဘဲ ခပ်ယဲ့ယဲ့သာ ပြုံး လိုက်သည်။

သူသည် တုကုဖုံးအား မည်သို့မျှ အထင်မသေးဝံ့တော့ပါ ချေ။

လက်တွေ့တွင်လည်း တုကုဖုံးသည် သူမျှော်လင့်ထား သည်ထက်ပင် ပို၍ကြောက်စရာ ကောင်းနေပေသည်။

"ကျုပ်ရဲ့သခင်ကြီးက မိတ်ဆွေနဲ့လာမတွေ့ပေမယ့် ညှိ တ်တော့ပြုချင်တယ်၊ ဒါကြောင့် မနက်ဖြန်ကျရင် အလည်တစ်ခေါက် ာဖို့ မိတ်ဆွေကြီးကို ဖိတ်ခိုင်းလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

တဆက်တည်း တိတ်လုံသည် ပြောပြောဆိုဆို အင်္ကျီ
တွင်းမှ ဖိတ်စာကိုယူပြီး ဂူထင်းနန်အား ကမ်းပေးလိုက်သည်။

ဂူထင်းနန်က ဖိတ်စာကို ချက်ချင်းယူ၍ ဖတ်လိုက်သည်။

ထို့နောက်...

"ခင်ဗျားရဲ့သခင်ကြီးက တော်တော် စေတနာကောင်း
တယ်၊ စိတ်ချ ကျုပ် မနက်ဖြန် ဆက်ဆက်လာမယ်လို့ ပြန်ပြော
ပါ"

ဟု ပြောလိုက်သည်။

တိတ်လုံ ခေါင်းညိတ်လိုက်သည်။

ပြီးလျှင် ဂူထင်းနန်အား ကြည့်ကာ...

"ကောင်းပြီ..ကျုပ်ကို ခွင့်ပြုပါဦး"

ဟု ပြောလိုက်သည်။ ထို့နောက်...

ဂူထင်းနန်၏ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေသည်။

တကုဖုံးသည် မျှော်လင့်ထားသည်ထက်ပင် ပို၍ကြော
စရာကောင်းပြီး ပို၍ရင်ဆိုင်ရ ခက်မည်မှာ မြေကြီးလက်ခတ်
ပေ။

သူသည် ထိုသို့ စဉ်းစားမိသဖြင့် စိတ်ထဲတွင် စိုးရိမ်ပူ
ကြမှုများ ဖြစ်ပေါ်လာလေတော့သည်။

◆ ◆ ◆



ဂူထင်းနန်သည် သူ၏တဲအိမ်ကလေးသို့ ပြန်ဝင်သွားလေသည်။

တဲအိမ်ထဲတွင် တုချင်းလျှံ ရောက်နေသည်ကို ရုတ်တရက်တွေ့လိုက်ရလေသည်။

ဂူထင်းနန် အံ့သြသွားသည်။

တုချင်းလျှံ၏ ကိုယ်ပေါ်တွင် အဖြူရောင်နှင်းကာဝတ်ရုံ တစ်ထည် ခြုံထားသည်။

သူမသည် ထိုင်ခုံပေါ်တွင် ငြိမ်သက်စွာ ထိုင်နေခြင်းဖြစ်သည်။

ဂူထင်းနန်သည် သူမအား တစ်ချက်ကြည့်လိုက်ပြီး..

"ဘယ်အချိန်က ရောက်နေတာလဲ"

ဟု မေးလိုက်သည်။

တုချင်းလျှံသည် သူ့အားကြည့်လိုက်ပြီး..

"နည်းနည်းတော့ ကြာသွားပြီ၊ ကျွန်မလာတုန်းက ရှင်နဲ့တိတ်လုံတို့ စကားပြောနေတယ်"

ဟုပြောသည်။

ဂူထင်းနန် မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒါဆိုရင် ကျုပ်တို့ပြောတဲ့စကားတွေကို မင်းကြားသွားပြီပေါ့"

တုချင်းလျှံ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူထင်းနန်သည် မသိမသာ သက်ပြင်းချလိုက်ပြီး…

"မင်းအဖေနဲ့ကျုပ်ဟာ ဘယ်တော့မှ ပြေလည်နိုင်တော့မှာ မဟုတ်ဘူး၊ သည်အခြေအနေရောက်မှတော့ မင်းလည်း ဘာမှပြော စားနဲ့တော့"

ဟုပြောလိုက်သည်။

တုချင်းလျှံ ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"မနက်ဖြန် ဖေဖေနဲ့ သွားမတွေ့ဖို့ ရှင့်ကို ကျွန်မဝင်ပြော တာပါ၊ အကောင်းဆုံးကတော့ ရှင် သည်နေရာက ထွက်သွားပါ"

ဟုပြောသည်။

ဂူထင်းနန် မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ထိုအခါ…

တုချင်းလျှံက အေးတိအေးစက်လေသံဖြင့်…

"ဘာဖြစ်လို့လဲဆိုရင် ရှင်ဟာ ကျွန်မအဖေကို ဘယ်နည်းနဲ့ မှမယှဉ်နိုင်လို့ပဲ"

ဂူထင်းနန်က ပြုံးလိုက်ပြီး…

"မင်းပြောတာကို ကျုပ် သေချာမှတ်ထားပါ့မယ်၊ ဒါပေ မယ့် လက်တွေ့စမ်းသပ်ကြည့်မှ အဖြေပေါ်မှာပေါ့"

"ရှင် တော်တော် ခေါင်းမာတဲ့လူပဲ"

သူမသည် ပြောရင်း မတ်တတ်ရပ်လိုက်သည်။



ထို့နောက်…

ဒေါသသံဖြင့် စကားဆက်လိုက်သည်။

"ရှင်က ဘာဖြစ်လို့ ကိုယ့်သေတွင်း ကိုယ်တူးနေရတာလဲ"

ဂူထင်းနန်သည် မချိပြုံးပြုံးလိုက်ပြီး…

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်ကျုပ်လည်း မသိဘူး၊ ကျုပ်သိတာက သုံးနှစ်အတွင်း ကျုပ် တော်တော် ကြိုးစားခဲ့ရတယ်၊ သည်သုံးနှစ်အတွင်းမှာ မင်းအဖေနဲ့ အသေအကြေတိုက်ဖို့ မျှော်လင့် တယ်၊ သည်အခွင့်အရေးရမှ ရှောင်ထွက်သွားမယ်ဆိုတာ သဘာဝ ကျပါဘူး"

ဂူထင်းနန်၏ အတွေးအခေါ်သည် တယူသန်နိုင်လွန်းသည် ဟု တုချင်းလျှံ ထင်မိသည်။

သူမသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်ပြီး…

"ရှင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မအဖေက ရှင့်ကို သတ်လိုက်ရင်ကော ဘယ့်နှယ်လုပ်မလဲ"

ဂူထင်းနန်က ပခုံးတစ်ချက် တွန့်လိုက်ပြီး…

"ဒါဆိုရင် ကျုပ်ထိုက်နဲ့ကျုပ်ကံလို့ ယူဆရမှာပေါ့၊ ကျုပ်အ ပေါ် အခုလို စေတနာထားတဲ့အတွက် မင်းကို ကျေးဇူးအများကြီး တင်ပါတယ်၊ မင်းနဲ့ကျုပ် ဆက်ပြောရင်လည်း ဘာမှအကြောင်းထူး မှာ မဟုတ်ဘူး"

ဂူထင်းနန်၏စကားသည် မှန်သင့်သလောက် မှန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူ၏ပြောဆိုပုံမှာ သိမ်သိမ်မွေ့မွေ့နှင့် နှင်ထုတ်သည့်သဘောပင်ဖြစ်သည်။

တချင်းလှိုင်သည် ထိုင်ရာမှ ချက်ချင်းထလိုက်သည်။

"ဒါဆို ရှင် မနက်ဖြန်ကျရင် ဖေဖေ့ကို သွားတွေ့မယ်နော်"

"ဟုတ်တယ်၊ သွားတွေ့မှာပါ"

ဝူထင်းနန်က ပြတ်သားစွာ ဖြေလိုက်သည်။

တချင်းလှိုင်က မချိပြုံးပြုံး၍...

"အမှန်ဆိုရင် ရှင်နဲ့ကျွန်မဟာ ရင်းနှီးတဲ့ မိတ်ဆွေတော့ ဟုတ်ပါဘူး။ ရှင်က ကျွန်မပြောတာကို လက်မခံရင်လည်း ရပါတယ်။ မနက်ဖြန်ကျရင် ရှင်တစ်ခုခုဖြစ်သွားခဲ့ရင် ကိုယ့်ထိုက်နဲ့ကိုယ်ပဲ"

သူမသည် ယင်းသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

◆ ◆ ◆



ဝူထင်းနန်သည် အပြင်သို့ လှမ်းကြည့်ရင်း မချိပြုံးပြုံးလိုက်မိသည်။

သူ၏စိတ်အစဉ်သည် ရှုပ်ထွေးနောက်ကျိနေသည်။

ကျင်းဖုံးတို့ သုံးယောက်အပေါ် အောင်မြင်ခဲ့ပြီးနောက် ဝူထင်းနန်သည် မိမိ၏သိုင်းပညာစွမ်းရည်အပေါ် ပို၍ယုံကြည်မှုရှိလာသည်။

ထို့ကြောင့် သူသည် တကုဖုံးအပေါ် အောင်နိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ထားသည်။

သို့သော်...

သူသည် အဘိုးအိုရှမ်းဖုံး သတိပေးခဲ့သည်ကို ပြန်လည်သတိရလာလေသည်။

ထို့ကြောင့်...

သူ၏စိတ်ဓာတ်များသည် စောစောပိုင်းကလောက် ခိုင်မာမှုမရှိတော့ချေ။

သူသည် နှင်းပြင်တွင် စိုက်ထားသော သူ၏လက်သုံးတော်ဓားကို ပြန်လည်ဆွဲယူလိုက်သည်။

ဓားသွားသည် ဖြောင့်လက်သော ကြေးမုံပြင်ပမာ သူ့မျက်နှာကို ထင်ဟပ်နေသည်။

ဓားရောင်သည် နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် လျှပ်ပြက်သည့်နှယ် တဖိတ်ဖိတ် တောက်ပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရောင်သည် မမျှော်လင့်ဘဲ မျက်စောင်းထိုးနေသော တောင်ထိပ်တွင် ရပ်နေသော လူတစ်ယောက်၏မျက်နှာအား သွား ဟပ်မိသည်။

ထိုလူသည် ဆတ်ခနဲ တုန်ခါသွားသည်။

ထိုလူသည် သစ်ကိုင်းပေါ်တွင်ရပ်လျှက် သစ်သီးခူးနေခြင်း ဖြစ်သည်။

ဓားရောင်ကြောင့် သူ၏မျက်လုံးအစုံ ပြာဝေသွား သည်။

သူသည် ချက်ချင်းလိုလိုပင် ခြေချော်ကာ သစ်ပင်ထိပ် မှကျလာတော့သည်။

သို့သော်...

ထိုလူသည် မြေပေါ်သို့ ကျရောက်လာခြင်းလည်း မ ချေ။

အကယ်၍ မျက်စိနှင့်တပ်အပ် မြင်တွေ့ခြင်းမဟုတ် ယုံနိုင်ဖွယ်ပင် မရှိချေ။

သိုင်းလောကတွင် ထိုမျှအစွမ်းထက်သော ကိုယ်ဖော့ မျိုးရှိလိမ့်မည်ဟု မည်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်ပေ။

ထိုလူ၏လက်သည် သစ်ကိုင်းအဖျားကို ဖမ်းဆွဲလိုက် အားယူလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ချက်ချင်းလိုလိုပင် ပြန်လည်



ထွက်လာလေသည်။

သူသည် ထိုနည်းအတိုင်းပင် သစ်ကိုင်းတစ်ခုမှတစ်ခုသို့ ခုန် ကူးလိုက်သည်။

ထိုလူသည် တုံ့တောင်းသောအချိန်မှာပင် ပေတစ်ရာအ ကွာသို့ ရောက်ရှိသွားလေသည်။

ထိုလူ၏ လှုပ်ရှားဟန်မှာ မယုံကြည်နိုင်လောက်အောင်ပင် ပေါ့ပါးဖျတ်လတ်လွန်းသည်။

နောက်ဆုံးတွင် ထိုလူသည် သစ်ပင်ကြီးတစ်ပင်သို့ ခုန်ကူး ရော ပင်စည်ကို ကိုယ်နှင့်ကပ်ထားလိုက်သည်။

သူ၏ခြေထောက်အစုံမှာမူ သစ်ကိုင်းအား နင်းထားလေ သည်။

ထိုအခါမှ သူသည် ဓားရောင်ထွက်ပေါ်လာရာဘက်သို့ လှမ်း၍ရှုစမ်းလိုက်သည်။

ထိုသူ၏အသက်မှာ နှစ်ဆယ့်ခြောက်နှစ်ခန့်သာ ရှိမည်ထင် ရသည်။

သူ၏အသားအရေသည် ဖြူဖွေးနေပြီး သူ၏မျက်နှာမှာ ချောသွယ်သွယ်ဖြစ်သည်။

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြီး ကြည်လင်တောက်ပနေ သည်။

သူ၏ဆံပင်ရှည်များသည် ပခုံးပေါ်သို့ ရှည်လျားစွာကျနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုလူ၏အရပ်သည် ခြောက်ပေကျော်ခန့် မြင့်မည်ဟု မှန်းရသည်။

သူသည် ဖြူဆွတ်နေသော တိရစ္ဆာန်သားရေဖြင့် ချုပ်ထားသောလက်မပါသည့် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

သူ၏အောက်ပိုင်းတွင်မူ ဒူးဆစ်အထိသာရှည်သော ဘောင်းဘီပိုင်းကို ဝတ်ဆင်ထားသည်။

ကိုယ်ကျပ်အင်္ကျီဟုဆိုသော်လည်း သာမန်ကိုယ်ကျပ်အင်္ကျီနှင့်မတူဘဲ ကြယ်သီးများ တပ်ဆင်ထားလေသည်။

ကြယ်သီးများမှာ အလွန်လှပပြီး အရောင်တလက်လက် တောက်ပနေလေသည်။

သူ၏ခြေထောက်တွင် သမင်သားရေဖြင့် ချုပ်ထားသော ဖိနပ်ရှည်ကို စီးထားသည်။

ဂူထင်းနန်၏ တောက်ပသော ဓားရောင်သည် ထိုလူအား လန့်ဖျပ်သွားစေသည်။

ထို့အပြင်...

ထိုလူသည် ယင်းဓားရောင် ထွက်ပေါ်လာခြင်းကြောင့် စိတ်ထဲတွင် အတော်ပင် ထူးဆန်းသွားသည်။

သူသည် သစ်ပင်ပေါ်သို့ ကျင်လည်စွာ တွယ်တက်သွားလေသည်။

သူသည် ဆယ်ပေကျော်ခန့် တက်မိသောအခါ အပေါ်မှ



နေ၍ သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်...

သူသည် ပင်စည်ကို ခြေနှစ်ချောင်းဖြင့်ဆောင့်ကာ မြားတစ်စင်းကဲ့သို့ နောက်ပြန်ခုန်ထွက်သွားသည်။

ဂူထင်းနန်သည် သူ၏ဓားကိုကြည့်ရင်း စိတ်ရှုပ်နေလေသည်။

သူသည် ဓားကိုကြည့်ရင်းမှပင် တစ်ကိုယ်လုံး သွေးများဆူပွက်လာသလို ခံစားမိသည်။

သူသည် ရန်သူအပေါ် သွေးကြွေးဆပ်လိုစိတ် ပြင်းထန်သွန်း၍ ထိုသို့ဖြစ်လာဟန်တူသည်။

နောက်ဆုံးတွင် မည်သို့မျှ မအောင့်နိုင်တော့ဘဲ ဓားကို ဝှေ့ယမ်းလျှက် သိုင်းကွက်များကို လေ့ကျင့်နေလေတော့သည်။

ယင်းအချိန်မှာပင် အဖြူရောင်ဝတ်ဆင်ထားသော လူသည် ဂူထင်းနန်ရှိရာသို့ ခုန်ဝင်လာသည်။

ဂူထင်းနန်သည် ဓားသိုင်းလေ့ကျင့်နေသဖြင့် သူ့ထံခုန်ဝင်လာသောလူအား သတိမပြုမိချေ။

သူသည် လူရိပ်သဏ္ဍာန်တစ်ခု လျှပ်ရှားသွားသည်ကို ရိပ်ခနဲသာမြင်လိုက်ရသည်

ထိုအချိန်မှာပင် ဂူထင်းနန်၏လက်ထဲမှဓားသည် ရုတ်ရက် ရပ်တန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုင်ထားသော သူ၏လက်သည် ဆွဲအားတစ်ခု၏ ဆောင်မှုကို ခံစားလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူ၏တစ်ကိုယ်လုံးသည် အေး သွားသလို ခံစားလိုက်ရသည်။

ဂူထင်းနန်၏ လက်ထဲမှဓားသည်လည်း လွတ်ထွက် တစ်ပါးသူ၏လက်တွင်းသို့ ရောက်ရှိသွားလေတော့သည်။

ဂူထင်းနန်သည် မမျှော်လင့်သော ဖြစ်ရပ်ကြောင့် သူ၏ ကျောရိုးတလျှောက် အေးစိမ့်သွားသည်အထိ ထိတ်လန့်တုန်လှု သွားသည်။

သူ၏ခန္ဓာကိုယ်ကို နောက်သို့ ချာခနဲ လှည့်ကာ ခပ်လှ လှမ်းသို့ခုန်ထွက်သွားသည်။

ထို့နောက်...

သူသည် ရှေ့တူရူသို့ လှမ်းကြည့်လိုက်သည်။

ဂူထင်းနန်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အား သင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

သူ၏ရှေ့တည့်တည့်တွင် အဖြူရောင်ဝတ်ဆင်ထားသော လူတစ်ယောက် ရပ်နေသည်။

ထိုလူသည် ဂူထင်းနန်၏သက်ခြေဓားအား လက်နှစ်ဘက် ဖြင့်ကိုင်လျက် အသေအချာငုံ့ကြည့်နေသည်။

ထိုသို့ကြည့်ရင်း သူ၏မျက်နှာပေါ်တွင် ရွှင်မြူးသောအသွင်



ဆောင်နေလေသည်။

“ကောင်းလိုက်တဲ့ဓား”

အဖြူရောင်ဝတ်စုံရှင်သည် ဓားကိုကြည့်ရင်း ချီးမွမ်းနေလေ သည်။

သူ၏ဟန်အမူအရာ ကြည့်ရသည်မှာ ဂူထင်းနန်၏ဓားအား အတော်ပင် သဘောကျနေဟန်တူသည်။

ဂူထင်းနန်သည် အဖြူရောင် ဝတ်စုံရှင်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့သြသွားရသည်ထက် ထိုလူ၏ထူးခြားသော သိုင်းစွမ်းရည်အား ပို၍အံ့သြသွားရသည်ဆိုလျှင် မှန်ပေလိမ့်မည်။

တဒင်္ဂအချိန်အတွင်းမှာပင် မိမိ၏ဓားကို လုယူသွားသော အဖြူရောင်ဝတ်စုံရှင်၏ အံ့မခန်းသိုင်းစွမ်းရည်ကြောင့် ဂူထင်းနန် သည် အံ့သြခြင်းမက အံ့သြနေလေသည်။

ထိုမျှ အစွမ်းထက်သောလူအား ဂူထင်းနန်သည် တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးချေ။

သူသည် ချက်ချင်းပင် ထိုသူနှင့်ယှဉ်ပြိုင်လိုစိတ် ဖြစ်ပေါ် လာသည်။

သူသည် အဖြူရောင်ဝတ်စုံရှင်ထံသို့ လျင်မြန်စွာဖြင့် ပြေး သွားသည်။

ထို့နောက်...

သူသည် လက်နှစ်ဘက်ဖြင့် အဖြူရောင်ဝတ်စုံရှင် ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသောဓားကို ဖမ်းဆုပ်လိုက်သည်။

သူ၏လက်နှစ်ဘက်သည် ဓားနှောင့်ကို မိမိရရ ဖမ်းဆုပ် လိုက်သည်။

အဖြူရောင်ဝတ်စုံရှင်သည် တစ်ချက်ကြောင်သွားရာမှ ဓား ကိုတအားဆွဲလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ဘက်နှင့်တစ်ဘက် အားပြိုင် သလိုဖြစ်သွားသည်။

ထိုအခါ ဝူထင်းနန်သည် ကြက်သီးမွေးညင်း ထမတတ် လန့်ဖျပ်သွားသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဓားသွားပေါ်မှဖြာထွက် လာသော အငွေ့အသက်ကို ခံစားမိလိုက်သောကြောင့်ဖြစ်ပေ သည်။

ထိုဓား၏ အငွေ့အသက်သည် ခါတိုင်းနှင့်မတူဘဲ အေးစိမ့် လှသည်။

သူသည် တစ်ဘက်လူလောက် အားမသန်၍ ထိတ်လန့် ခြင်းမဟုတ်ပေ။

သူသည် အေးစိမ့်လှသော အငွေ့အသက်ကြောင့် လန့်ဖျပ် သွားခြင်းဖြစ်သည်။

ထို့နောက်...

ဝူထင်းနန်သည် အံ့သြမှုကိုပင် မထိန်းနိုင်တော့ဘဲ အဖြူ



ရောင်ဝတ်စုံရှင်အား လှမ်းပြောလိုက်သည်။

"ခင်ဗျား တကယ်တော်တဲ့လူပဲ၊ သည်လောက်သိုင်းပညာ တော်တဲ့လူကို ကျုပ် တစ်ခါမှ မမြင်ဖူးဘူး၊ ကျုပ်ခင်ဗျားကို ချီးကျူး ပါတယ်၊ ကျေးဇူးပြုပြီး နာမည်လေးပြောပါလား"

အဖြူရောင်ဝတ်စုံရှင်သည် တုန့်ပြန်ပြောဆိုခြင်း မရှိပါချေ။

သူ၏မျက်လုံးအစုံသည် ဝူထင်းနန်၏ကိုယ်ပေါ်မှတဆင့် ဝူထင်းနန်အား ထပ်မံအကဲခတ်လိုက်ပြီး...

"ကျုပ်ရဲ့ပိုင်နက်ကို ဘာဖြစ်လို့ ကျူးကျော်လာတာလဲ"

"ခင်ဗျားပိုင်နက် ဟုတ်လား"

ဝူထင်းနန်က တအံ့တသြဖြင့် ပြန်မေးလိုက်သည်။

အဖြူရောင်ဝတ်စုံရှင်သည် လက်ထဲတွင် ကိုင်ထားသော ဝူထင်းနန်၏ဓားဖြင့် အဝေးတွင်မြင်နေရသော တောင်ကြားလမ်းကို ညွှန်ပြလိုက်ပြီး...

"အဲသည်တောင်ကြားလမ်းရဲ့ အရှေ့ဘက်မှာရှိတဲ့ ချယ်ရီ တောအနီးတဝိုက်ကို ကျုပ်က အခြေအနေအရ ခင်ဗျားတို့ ကိုယာယီ အနေနဲ့ နေခွင့်ပြုတာ၊ ဒါပေမယ့် တောင်ကြားလမ်းရဲ့တောင်ဘက် မှာရှိနေတဲ့ နေရာအားလုံး ဒါမှမဟုတ် နှင်းတောင်တစ်ခုလုံးကို ကျုပ် တို့ မောင်နှမပိုင်တယ်၊ ဘယ်သူမှ အိမ်ဆောက်ခွင့်မရှိဘူး စည်း ကမ်း အတိုင်းလိုက်နာဖို့ ကျုပ်တို့ကိုယ်တိုင် ကတိပေးထားခဲ့တာပဲ၊ ဒါတင်မကဘူး သူ့လက်အောက်က တိတ်လုံ့ဆိုတဲ့လူလည်း ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



မောင်နှစ်မရှေ့မှာ ထပ်ကာတလဲလဲ ကတိပေးခဲ့တယ်၊ အခု ဘာ ဘောလဲ”

အဖြူရောင်ဝတ်စုံရှင်သည် ယင်းသို့ပြောရင်း သူ့ တောက်ပသော မျက်လုံးအစုံဖြင့် ဂူထင်းနန်အား စိုက်ကြည့် သည်။

အဖြူရောင်ဝတ်စုံရှင်၏မျက်လုံးထဲတွင် အေးစက်သော ငွေ့အသက်များ ဖြာထွက်နေသည်။

သူ၏အကြည့်ကို တစ်ချက် စူးစိုက်အကြည့်ခံရရုံဖြင့် မိမိ တစ်ကိုယ်လုံး အေးစိမ့်သွားသည်ဟု ဂူထင်းနန် ခံစားမိလိုက်သည်

ထို့အပြင်...

အဖြူရောင်ဝတ်စုံရှင် ပြောပြသော အချက်များက ဂူထင်းနန်အား အလွန်အမင်း အံ့ဩတုန်လှုပ်သွားစေခဲ့လေသည်

ဂူထင်းနန်သည် ယခုမှပင် အဖြစ်မှန်ကို ရိပ်စားမိလိုက် သည်။

နှင်းဖြူစံအိမ်သည် မိမိအား နှင်းတောင်ပေါ်တွင် အ ကြောင့်နေထိုင်ခွင့် ပြုခဲ့သနည်း။

ပိုင်ရှင်ဖြစ်သော တုကုဖုံးက မိမိအပေါ် အဘယ်ကြော ပိုင်နက်ကျူးလွန်မှုဖြင့် အပြစ်မယူသနည်း။

ဂူထင်းနန်သည် အဘယ်ကြောင့် မိမိထံသို့ တုကု ကိုယ်တိုင်ကိုယ်ကျ လာမတွေ့ဘဲ သူ၏အိမ်သို့လာရန် ချိန်းဆို



သနည်း။ ထိုအချက်များသည် ဂူထင်းနန်အား စိတ်လှုပ်ရှားသွားစေ သည်။

အဖြူရောင်ဝတ်ဆင်ထားသူ၏ ရှင်းပြချက်သည် ထိုမေး ခွန်းများအား ဖြေရှင်းလိုက်သကဲ့သို့ ဖြစ်နေသည်။

အဓိက အချက်မှာ ဤနေရာသည် တုကုဖုံး၏ ပိုင်နက်နယ် မြေမဟုတ်သောအချက်ပင် ဖြစ်ပေသည်။

ထို့အပြင်...

တုကုဖုံးနေထိုင်သော နှင်းဖြူစံအိမ်သည်လည်း တုကုဖုံး ပိုင်ဆိုင်သည်မဟုတ်ဘဲ အဖြူရောင်ဝတ်စုံရှင်က တုကုဖုံးအား ယာ ယီသဘောနှင့် နေထိုင်ခွင့်ပေးထားခြင်းဖြစ်သည်။

သိုင်းလောကသားတိုင်း ကြောက်ရွံ့နေရသောတုကုဖုံး သည် တစ်စုံတစ်ယောက်အား ကြောက်ရွံ့နေရသည်။

သူကြောက်ရွံ့သောလူမှာ မိမိရှေ့တွင်ရပ်နေသော အဖြူ ရောင်ဝတ်စုံရှင်ပင်ဖြစ်ကြောင်း ဂူထင်းနန် သိလိုက်ရသည်။

အဖြူရောင်ဝတ်စုံရှင်၏ ပြောပြချက်များအား သေချာဆန်း စစ်ကြည့်သောအခါ အားလုံးပင် မှန်ကန်ကြောင်း ဂူထင်းနန် နား လည်လာသည်။

အဖြူရောင်ဝတ်စုံရှင်သည် ဂူထင်းနန်၏ တုန့်ပြန်စကားကို စောင့်ဆိုင်းနေဟန်ဖြင့် ဂူထင်းနန်အား စိုက်ကြည့်နေဆဲပင်ဖြစ်သည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကြည့်သည် စောစောကကဲ့သို့ စူးရှခြင်းမရှိတော့ ပေ။

အတွေးသဖြင့် ထိုလူသည် သူ၏လက်ထဲမှဓားကို ကြည့်လိုက် သောအခါ သူ၏မျက်နှာပြင်တွင် ဖြစ်ပေါ်နေသော တင်းမာမှုများ သည် သိသိသာသာပင် ပြေလျော့သွားသည်။

ဝူထင်းနန်သည် မချိပြုံးပြုံးလိုက်ပြီး...

“ကျုပ်က သည်စည်းကမ်းတွေကို မသိလို့ပါဗျာ”

အဖြူရောင်ဝတ်စုံရှင်သည် ဝူထင်းနန်အား စေ့စေ့ကြည့် သည်။

ထို့နောက်...

သူသည် အေးတိအေးစက်လေသံဖြင့် မေးလိုက်သည်။

“တုကုဖုံးက ခင်ဗျားကို ပြောမပြဘူးလား”

ဝူထင်းနန်က ခေါင်းခါယမ်းလိုက်သည်။

“မပြောပြပါဘူး”

အဖြူရောင်ဝတ်စုံရှင်သည် မျက်မှောင်ကြုတ်သွားပြီး...

“ပြောမပြဘူး ဟုတ်လား၊ တုကုဖုံးက ခင်ဗျားနဲ့ ဘယ် ပတ်သက်သလဲ”

ဝူထင်းနန်က လေးနက်သောအသံဖြင့်...

“ရန်သူ”

ဟု ဖြေလိုက်သည်။



အဖြူရောင်ဝတ်စုံရှင်က နားမလည်ဟန်ဖြင့်...

“ရန်သူ ဟုတ်လား”

အဖြူရောင်ဝတ်စုံရှင်သည် ထိုသို့မေးရင်း နောက်သို့ ခြေ တစ်လှမ်းဆုတ်လိုက်သည်။

ထို့နောက်...

“ခင်ဗျားပြောတာ ဘာအဓိပ္ပါယ်လဲ”

ဟု ပြန်မေးလိုက်သည်။

ဝူထင်းနန် ပြုံးလိုက်ပြီး...

“မိတ်ဆွေရဲ့နာမည်ကို ပြောပြပါလားခင်ဗျာ၊ ဒါမှ ကျုပ်က ရှင်းပြနိုင်မှာ”

အဖြူရောင်ဝတ်စုံရှင်က ဝူထင်းနန်အား အကဲခတ်ကြည့် လိုက်သည်။

“ခင်ဗျားနာမည်ကကော ဘယ်လိုခေါ်သလဲ”

ဝူထင်းနန်သည် အဖြူရောင်ဝတ်စုံရှင်၏အမည်အား မေး လိုက်ခြင်းဖြစ်သော်လည်း အဖြူရောင်ဝတ်စုံရှင်က ပြောမပြသည့်အ ပြင် ဝူထင်းနန်၏နာမည်ကိုပင် ပြန်မေးနေသည်။

ဝူထင်းနန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

“ဝူထင်းနန်”

ဟု ချက်ချင်းပင် ဖြေလိုက်သည်။

အဖြူရောင်ဝတ်စုံရှင်သည် ဝူထင်းနန်ဟူသော အမည်ကို

www.burmeseclassic.com



တီးတိုး ရေရွတ်လိုက်သည်။

ထို့နောက်...

သူသည် ခေါင်းကို တစ်ချက်ဆတ်လိုက်ပြီး...

"ကျုပ်ရဲ့နာမည်က စန်းရီပါ"

ဟု ပြောလိုက်သည်။

ဂူထင်းနန်က ပြုံးလိုက်ပြီး...

"အခုလိုသိရတာ ဝမ်းသာပါတယ်"

စန်းရီဆိုသော အဖြူရောင်ဝတ်စုံရှင်သည် ဘေးဘီဝယာ မျက်လုံးကစားလိုက်သည်။

ထို့နောက်...

"သည်အနီးတဝိုက်ကို ကျုပ်မရောက်တာ သုံးနှစ်လော သွားပြီ၊ သည်လောက် အပြောင်းအလဲမြန်မယ်လို့ မထင်ဘူး ခ ဗျား သည်နေရာမှာနေတာ ဘယ်လောက်ကြာသွားပြီလဲ"

"တစ်နှစ်ကျော်လောက်ရှိပေါ့"

ဂူထင်းနန်က အမှန်အတိုင်းပင်ဖြေသည်။

စန်းရီက ခေါင်းတစ်ချက် ညိတ်ပြသည်။

ထို့နောက်...

သူသည် တဲအိမ်ကို ညွှန်ပြလိုက်ပြီး...

"သည်တဲအိမ်ကို ဖျက်ပစ်မှဖြစ်မယ်၊ ကျုပ်ညီမ သိသွား ခင်ဗျားနဲ့ အကြီးအကျယ် စကားများရလိမ့်မယ်၊ ပြီးတော့ ကျုပ်တို့



ပြောတဲ့အတိုင်း လုပ်တတ်တဲ့လူဗျ"

ဂူထင်းနန်က ခေါင်းညိတ်လိုက်ပြီး...

"ဖျက်ဆိုလည်း ဖျက်ရမှာပေါ့ဗျာ၊ ဒါပေမယ့် တစ်ရက် လောက်တော့ စောင့်ပါ၊ မနက်ဖြန်ဆိုရင် ကျုပ်ဖျက်ပစ်မှာပါ"

ဟု ပြန်ပြောလိုက်သည်။

စန်းရီသည် အနည်းငယ် ချင့်ချိန်ပြီးမှ ခေါင်းညိတ်ပြလိုက် သည်။

"ကောင်းပြီ..သည်အတိုင်းလုပ်ပေါ့၊ ကျုပ်သွားမယ်"

သူသည် ထိုသို့ပြောပြီးသည်နှင့် မျက်နှာချင်းဆိုင်ရှိ တောင် သို့ ခုန်ကူးမည်ပြုလိုက်သည်။

သို့သော်...

ဂူထင်းနန်က လှမ်း၍ဟန့်တားလိုက်လေသည်။

"ခဏနေပါဦး"

"ဘာကိစ္စရှိလို့လဲ"

စန်းရီက နောက်ပြန်လှည့်ပြီး မေးလိုက်လေသည်။

ဂူထင်းနန်က လက်ဖြန့်၍တောင်းလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ဓားကို ပြန်ပေးပါ"

ထိုအခါ...

စန်းရီသည် သတိရလာဟန်ဖြင့် လက်ထဲမှဓားအားကြည့် ပြီး...

www.burmeseclassic.com



"ဟုတ်သားပဲ၊ ကျုပ် မေ့နေတယ်၊ ခင်ဗျားမားက [illegible]
တော်ကောင်းတယ်ဗျ၊ ကျုပ်ညီမရဲ့မားကို မမီပေမယ့် သိုင်းလော[illegible]
မှာရှိတဲ့မားတွေနဲ့စာရင် ဆယ်ဆမက ကောင်းပါတယ်"

စန်းရီသည် ထိုသို့ပြောရင်း မားကိုမြှောက်ကာ အနီး[illegible]
ကြည့်လိုက်သည်။

ထိုသို့ကြည့်နေစဉ် သူမျက်လုံးအစုံတွင် လိုချင်တပ်[illegible]
အရိပ်အယောင်များ ယှက်သန်းလာသည်။

ထို့နောက်...

သူသည် ပါးစပ်ဟကာ အာငွေ့တစ်ချက်ပေးလိုက်[illegible]
သည်။

ထိုအခါ အစိုဓာတ်ပါသော သူ၏အာငွေ့သည် မားပေါ်[illegible]
ချက်ချင်းပင် စုရုံးသွားသည်။

"ကောင်းလိုက်တဲ့မား"

စန်းရီသည် ထိုသို့ပြောပြီး မားကို လက်နှစ်ဘက်ဖြင့်[illegible]
ဝူထင်းနန်ကို ကမ်းပေးလိုက်သည်။

သို့သော်...

သူ၏မျက်နှာသည် ပေးသာပေးလိုက်ရသော်လည်း [illegible]
ထဲတွင် မချင့်မရဲဖြစ်နေဟန်တူသည်။

ဝူထင်းနန့်သည် မိမိ၏မားအား စန်းရီတစ်ယောက် [illegible]
စီးသွားပြီဟု စောစောပိုင်းက ထင်မြင်ခဲ့သည်။



ယခုမှာမူ အထင်နှင့်အမြင် တလွဲဖြစ်နေသဖြင့် ဝူထင်းနန်
[illegible]အားသင့်သွားသည်။

သူသည် တွေ့စကပင် စန်းရီအပေါ် ခင်မင်လိုစိတ်များ ဖြစ်
[illegible]ပေါ်လာခဲ့သည်။

ထို့အပြင်...

သူသည် စန်းရီအား အထူးပင် စိတ်ဝင်စားနေမိလေသည်။

သူသည် စန်းရီထံမှ သူ၏မားကို လက်ခံရယူပြီးနောက်...

"ခင်ဗျား သည်မားကို လိုချင်သလား"

ဟု မေးလိုက်သည်။

"ဟုက်တယ်၊ ကျုပ် သည်မားကို သိပ်သဘောကျတယ်"

စန်းရီက ချက်ချင်းပင် ဝန်ခံလိုက်သည်။

"ဒါဆိုရင် ယူလေ"

ဝူထင်းနန်က ထိုသို့ပြောပြီး မားအား ပြန်ကမ်းပေးလိုက်
သသည်။

စန်းရီသည် ဟန့်မဆောင်နိုင်ဘဲ ဝမ်းသာအားရဖြင့် မားကို
[illegible]ယူလိုက်သည်။

"ကျုပ်ကို တကယ်ပေးမလို့လား"

စန်းရီသည် မယုံကြည်သောလေသံဖြင့် မေးလိုက်လေ
သည်။

ဝူထင်းနန်က ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တကယ်ပေးမလို့ပါ၊ ခင်ဗျားက ကျူပ်ကို သဘောထားကြီးကြီးနဲ့ သည်နေရာမှာနေခွင့်ပြုတဲ့အတွက် ကျေ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိဘူး၊ ကျွန်တော်တို့ တွေ့ဆုံ အထိမ်းအမှတ်အနေနဲ့ သည်ဓားကိုလက်ခံပါဗျာ၊ ဒါနဲ့ ခင်ဗျားညီမ ကော သည်နှင်းတောင်မှာပဲ နေတာလား"

စန်းရီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်နှင်းတောင်မှာပဲနေတာလေ၊ ကျူပ် ညီမက သိုင်းပညာမှာ ကျူပ်ကိုမရှုံးဘူး၊ ဓားပေါက်မှာဆိုရင်လည်း ကျူပ်ထက် ဆယ်ဆလောက်တောင်သာတယ်"

ဝူထင်းနန်သည် စန်းရီ၏ညီမဆိုသူအား မမြင်ဖူးသေး လည်း အလိုလိုပင် စိတ်ဝင်စားနေမိလေသည်။

အကြောင်းမှာ စန်းရီ၏စကားအရဆိုလျှင် သူ့ညီမ၏ ရည်အချင်းကို ရိပ်စားမိလိုက်သောကြောင့်ဖြစ်သည်။

ဝူထင်းနန်သည် စန်းရီအား စိတ်ဝင်စားသကဲ့သို့ သူ၏ညီမ ဖြစ်သူကိုလည်း စိတ်ဝင်စားမိလေသည်။

သို့သော်...

သူသည် မေးရခက်နေသဖြင့် ရင်ထဲတွင်ပင် မျိုးသိပ်ထား လိုက်ရသည်။

"ခင်ဗျားတို့မောင်နှမကတော့ တကယ်ကို ချီးကျူးစရာ ကောင်းပါတယ်ဗျာ"



စန်းရီသည် ပြုံးလိုက်ပြီး...

"ခင်ဗျားရဲ့ဓားကို လက်ဆောင်အဖြစ် ပေးလိုက်တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ယင်းအခိုက်မှာပင် အဝေးရှိ တောအုပ်ဆီမှ ထွက်ပေါ်လာသောအချက်ပေးသံ တစ်သံကို ကြားလိုက်ရလေသည်။

စန်းရီသည် ထိုအသံကို ကြားလိုက်ရသည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟာ...ဒုက္ခပါပဲ၊ ကျူပ်ညီမ ကျူပ်ကိုခေါ်နေပြီဗျ"

သူသည် ဝူထင်းနန်ကို နှုတ်ဆက်မနေတော့ဘဲ ခြေတစ်ချက်ဆောင့်ကာ တစ်ဘက်တောင်နံရံဆီသို့ ခုန်ပျံသွားလေတော့သည်။

စန်းရီ၏ ခန္ဓာကိုယ်သည် လေထဲမှတဆင့် အောက်သို့ နိမ့်ဆင်းသွားလေသည်။

ထို့ကြောင့် ဝူထင်းနန်သည် အံလွန်အမင်း စိုးရိမ်သွားလေသည်။

သို့သော်...

သူ၏စိုးရိမ်ပူပန်မှုများ တဒင်္ဂအတွင်းမှာပင် ပြန်လည်ပျောက်ကွယ်သွားသည်။

တစ်ဘက်တောင်နံရံသည် ရေခဲလွှာများ နေရာအနှံ့ဖုံးလွှမ်းထားသောကြောင့် ချောမွတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

စန်းရီသည် ချောမွတ်နေသော တောင်နံရံအား ကျင်လည်စွာ ဖက်တွယ်၍ အပေါ်သို့ သွက်လက်စွာ တက်သွားနိုင်လေသည်။

သူ၏လှုပ်ရှားဟန်မှာ ပေါ့ပါးဖျတ်လတ်လွန်းလှသည်။

မကြာပါချေ။

စန်းရီသည် တောင်နံရံထိပ်သို့ ရောက်သွားလေတော့သည်။

စန်းရီသည် နှင်းများဖုံးလွှမ်းထားသော တောင်နံရံထိပ်၌ ရပ်လျှက် မျက်နှာချင်းဆိုင် တောင်ထိပ်တွင်ရှိနေသော ဝူထင်းနန်အား လက်ပြနှုတ်ဆက်လိုက်သည်။

ထို့နောက်...

တောင်နံရံ၏ အတွင်းပိုင်းသို့ လှည့်ထွက်သွားလေတော့သည်။

သူ ထွက်ခွာသွားသောပုံဟန်မှာ မယုံကြည်နိုင်လောက်အောင်ပင် မြန်ဆန်လှသည်။

ကိုယ်ဖော့ပညာတတ်ထားသော ဝူထင်းနန်ပင်လျှင် စန်းရီ၏လှုပ်ရှားပုံကိုကြည့်ကာ အံ့သြမဆုံးအောင်ဖြစ်နေမိလေသည်။

ထို့အတူ သူသည် စန်းရီအပေါ် ပို၍အထင်ကြီး လေးစားလာမိလေသည်။

ဝူထင်းနန်သည် တဲအိမ်ရှိရာသို့ နောက်ကြောင်းပြန်လှည့်ခဲ့လေသည်။



တဲအိမ်ထဲသို့ ဝင်မိသောအခါ မိမိတွင်မှ အသုံးပြုရန် ဓားမရှိတော့ကြောင်း စဉ်းစားမိသည်။

သူသည် မနက်ဖြန်တွင် တုကုဖုံးနှင့် အသေအကြေ တိုက်ခိုက်ရတော့မည်။

ယခုမှာမူ မိမိ၏ဓားကို တစ်စိမ်းတစ်ယောက်အား လက်ဆောင်ပေးလိုက်မိသည်။

သူသည် တုကုဖုံးနှင့် ယှဉ်ပြိုင်ရမည့် တိုက်ပွဲတွင် မည်သည့်လက်နက်ကို သုံးရမည်နည်း။

ဝူထင်းနန်သည် ထိုအကြောင်းကို စဉ်းစားမိသည့်အခါ ခေါင်းနပန်းကြီးသွားလေသည်။

သူ၏ဓားသည် အရှည်သာမက ဖျက်ပုံစံပါ သာမန်ဓားနှင့် များစွာခြားနားလေသည်။

ထို့အပြင်...

သူလေ့ကျင့်ထားသော ဓားသိုင်းမှာလည်း ထိုဓားနှင့်လိုက်လျောညီထွေမှုရှိလေသည်။

အကယ်၍သာ အခြားဓားတစ်လက်အား အသုံးပြုမည်ဆိုပါက အကျိုးသက်ရောက်မှု လျော့နည်းသွားမည်ဖြစ်သည်။

ဝူထင်းနန်သည် စဉ်းစားလေ အကြံအိုက်လေဖြစ်နေသည်။

သူသည် စန်းရီနှင့် မမျှော်လင့်ဘဲ ဆုံမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

တစ်ဘက်လူ၏နေရပ်ကိုလည်း မမေးမိလိုက်ပါချေ။

ထို့အပြင် တစ်ယောက်နှင့်တစ်ယောက် နောက်တစ်ကြိမ် ဆုံတွေ့ရန်လည်း မချိန်းဆိုခဲ့ပေ။

အကယ်၍သာ စန်းရီအား ပြန်တွေ့မည်ဆိုက ဓားအား ယာယီ ပြန်တောင်းထားနိုင်သည်။

သို့သော်...

စန်းရီနေသည့်နေရာကို မမေးမိ၍ ထိုစိတ်ကူးအား အကောင်အထည်ဖော်ရန် ခက်နေလေသည်။

ဂူထင်းနန်သည် ဓားအကြောင်း စဉ်းစားရင်း စန်းရီ၏သိုင်းပညာစွမ်းအား တွေးတောနေမိသည်။

သို့သော် မမျှော်လင့်သော တွေ့ဆုံမှုသည် မမျှော်လင့်ဘဲ ပြန်လည် အဆုံးသတ်သွားခဲ့သည်။

သူသည် မနက်ဖြန် ဆင်နွှဲရမည့်တိုက်ပွဲမှာ အသက်လု တစ်ပွဲဖြစ်နေသည်။

သူသည် ရှုံးနိမ့်၍သေဆုံးသွားပါက ထိုလူနှင့် ပြန်လည် တွေ့ရန် လမ်းဆုံးသွားလေသည်။

သူသည် အပြန်ပြန်အလှန်လှန် စဉ်းစားရင်း နောင်တရ လေသည်။

ဂူထင်းနန်သည် မနက်ဖြန် ယှဉ်ပြိုင်မည့်တိုက်ပွဲအား ငြေး



ားမိသောအခါတွင် စိုးရိမ်စိတ်ဝင်လာရလေသည်။

သူသည် ထိုင်ခုံပေါ်တွင် စိတ်ပျက်လက်ပျက် မှီထိုင်ရင်း တောင်စဉ်ရေမရ တွေးတောနေပြန်သည်။

ထိုအချိန်မှာပင် အိမ်တံခါးသည် ကျွီခနဲမြည်ကာ ပွင့်ဟလာသည်။

လေပြင်းတိုက်ခတ်၍ ပွင့်ဟသွားသကဲ့သို့ ဖြစ်နေသည်။

ဂူထင်းနန်သည် တံခါးဝကို လှမ်းကြည့်လိုက်မိသည်။

သူ၏မြင်ကွင်းထဲသို့ အသက်နှစ်ဆယ်နှစ်ဝန်းကျင်ခန့်ရှိသော မိန်းကလေးတစ်ယောက် ဝင်လာလေသည်။

သူလှမ်းကြည့်လိုက်သောအချိန်တွင် မိန်းကလေးသည် အိမ်ထဲသို့ လှမ်းဝင်လာနေသည်။

မိန်းကလေး၏ နက်မှောင်သန်စွမ်းသော ဆံပင်များသည် ပခုံးပေါ်သို့ ဝဲကျနေသည်။

သူမ၏ခါးတွင် အနီရောင်ပဝါတစ်ထည်ကို စည်းနှောင်ထားသည်။

သူမသည် ပန်းနုရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားလေသည်။

ထိုမိန်းကလေး၏ လမ်းလျှောက်ပုံမှာ နွဲ့နွဲ့နှောင်းနှောင်း နတ်မိမယ်တစ်ပါးအလား ထင်မှတ်ရလေသည်။

ထိုမိန်းကလေးသည် သူ လွန်ခဲ့သော နှစ်နှစ်ခန့်က နှင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သို့ ရောက်လာရင်း တွေ့ခဲ့ရသော မိန်းကလေးဖြစ်သည်။

သူသည် တောင်ခြေရင်းတွင် ဖွင့်ထားသော စားသော ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်နားခိုနေစဉ် ထိုမိန်းကလေးကို တွေ့ လိုက်ရခြင်းဖြစ်သည်။

ယခု ရောက်လာသော မိန်းကလေးသည် စားသောက် သို့ရောက်စဉ်က တွေ့ခဲ့သော မိန်းကလေးဖြစ်ကြောင်း သေချာ သည်။

ဂူထင်းနန်သည် မိန်းကလေးအား ငေးကြည့်ရင်း အား ဝမ်းသာဖြင့် ဝုန်းခနဲ ထလိုက်သည်။

မိန်းကလေးသည် အိမ်ထဲသို့ လှမ်းဝင်လာချိန်မှစပြီး အား အကဲခတ်နေလေသည်။

ယခု ဂူထင်းနန်က ခုန်ထလိုက်သည်ကို မြင်သောအခါ မိန်း ကလေးသည် လန့်ဖျပ်သွားသည်။

သူမသည် ကြောက်အားလန့်အားဖြင့် နှုတ်မှအော်ရင်း လက်တစ်ဘက်ဖြင့် လျင်မြန်စွာ ရိုက်ထုတ်လိုက်သည်။

ဂူထင်းနန်သည် မိန်းကလေးက မိမိအား တိုက်ခိုက်ယ မည်ဟု လုံးဝ မမျှော်လင့်ပါချေ။

ထို့ကြောင့်...

သူသည် ကြိုတင်ကာကွယ်ခြင်း မပြုနိုင်ခဲ့ပေ။

ထို့အပြင် မိန်းကလေး၏ သိုင်းပညာမှာလည်း မိမိထ



ခတ်ထားသည်ထက် ပို၍ထက်မြက်လှသည်။

ကာကွယ်သည့်တိုင် လွယ်လွယ်နှင့် ကာကွယ်နိုင်မည်မ ဟုတ်ကြောင်း နားလည်လိုက်သည်။

မိန်းကလေး၏ လက်ချောင်းငါးချောင်းသည် ဂူထင်းနန်၏ ကိုယ်ပေါ်မှ သွေးကြောများအား ထိုးနှက်လိုက်လေသည်။

ဂူထင်းနန်သည် တစ်စုံတရာ လှုပ်ရှားနိုင်ခြင်းမရှိဘဲ သွေး ကြောငါးခု တစ်ပြိုင်တည်း အပိတ်ခံလိုက်ရသဖြင့် မည်သို့မျှ မဟန် နိုင်တော့ဘဲ မြေပေါ်သို့လဲကျကာ သတိလစ်သွားရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝူထင်းနန် သတိပြန်ရလာသောအခါ မိုးချုပ်နေပြီ ဖြစ်ေ
သည်။

သူသည် သတိပြန်ရရချင်းပင် ဝေါက်ခနဲ ထထိုင်လိုက်ေ
သည်။

ထိုအခါတွင်မှ ခုတင်ပေါ်သို့ ရောက်နေမှန်းသိလိုက်ရေ
သည်။

သူသည် မိန်းကလေး၏လက်ချက်ဖြင့် သွေးကြော
ပိတ်သွားရာမှ သတိလစ်ခဲ့ကြောင်း မှတ်မိနေသည်။

ထိုအချိန်က သူသည် မြေပေါ်သို့လဲကျခဲ့သည်။

ယခုမှာမူ အဘယ်ကြောင့် ခုတင်ပေါ်သို့ ရောက်နေပါ
နည်း။

သူ၏သွေးကြော ပြန်ပွင့်သွားပြီ ဖြစ်သော်လည်း တစ်ကိုယ်
လုံးနာကျင်ကိုက်ခဲ နေလေသည်။

သူသည် နာကျင်မှုဝေဒနာကို အံကြိတ်ခံရင်း ခုတင်ပေါ်
ဆင်းလိုက်သည်။

ထို့နောက်...

သူသည် မီးခြစ်ကိုရှာ၍ မီးအိမ်အား ထွန်းညှိလိုက်ေ
သည်။

မီးလင်းသွားသောအခါ ဆွဲအားကောင်းလှသောအရာ တ
ခုက သူ၏အမြင်အာရုံထဲသို့ တန်းဝင်လာသည်။



ထိုအရာမှာ သူ၏သက်ခြေဓားပင်ဖြစ်သည်။

ဓားသည် ဓားပွဲပေါ်တွင် နေသားတကျ ချထားလျက်ရှိ
သည်။

ဝူထင်းနန်သည် ပို၍သေချာအောင် ဓားအား ယူကြည့်လိုက်
သည်။

ဓားသည် မိမိက စန်းရှီးအား လက်ဆောင်ပေးခဲ့သော သက်
ခြေဓားပင်ဖြစ်ကြောင်း သေချာသွားသည်။

မိမိ၏ဓားသည် အဘယ်ကြောင့် ဤနေရာသို့ ပြန်ရောက်
လာရပါသနည်း။

သူသည် အိမ်တွင်းသို့ မျက်လုံးက စားကြည့်ရာ ဓားပွဲပေါ်
တွင် ပုလင်းတစ်လုံးကို တွေ့ရလေသည်။

ပုလင်းသည် မိမိပိုင်ပစ္စည်းဖြစ်၍ အံ့ဩစရာမရှိချေ။

သို့သော်...

ပုလင်းအောက်တွင် စာရွက်တစ်ရွက် ရှိနေသည်ကို တွေ့
မြင်လိုက်ရသည်။

ဝူထင်းနန်သည် ပုလင်းအောက်မှ စာရွက်အားယူ၍ ဖတ်
ကြည့်လိုက်သည်။

"ဝူထင်းနန်...

အခုမှ ဆုံတွေ့ခဲ့တဲ့လူရဲ့ လက်ဆောင်ပစ္စည်းဖြစ်နေလို့ ဓား
ကိုလက်မခံပါဘူး။ ဒါကြောင့် အစ်ကိုရဲ့ကိုယ်ဓား ဓားပြန်ယူလာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပုလင်းထဲမှာ ဆေးထည့်ထားတယ်၊ ဆေးလုံးလေးလုံးလောက် သောက်ရုံနဲ့ နာကျင်ကိုက်ခဲမှုတွေ ပျောက်ကင်းသွားမယ်၊ လက်လွန်သွားတဲ့အတွက် တောင်းပန်ပါတယ်၊ ချယ်ရီတောအနောက်ဘက်က နယ်မြေဟာ ကန့်သတ်နယ်မြေဖြစ်တယ်၊ ရှင်ဟာ လူဆိုးတစ်ယောက်လို့ မဆိုသာပေမယ့် လူကောင်းလို့လည်း မပြောနိုင်ဘူး၊ ကျေးဇူးပြုပြီး နှင်းတောင်က အမြန်ဆုံးထွက်သွားစေလိုပါတယ်။

စန်းစန်း”

ဝူထင်းနန်က စာကို သုံးလေးခေါက် ဖတ်လိုက်သည်။

သူသည် စာဖတ်ရင်း စိတ်ထဲ ကသိကအောက်ဖြစ်လာလေသည်။

စန်းစန်းဆိုသည်မှာ စန်းရီ၏ညီမဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။

သူမသည် အစ်ကိုဖြစ်သူစန်းရီလောက် သဘောထားမကြီးကြောင်း ထင်ရှားနေသည်။

ယခု ရေးသားထားသည့်စာသည် မိမိကို နှင်ထုတ်သည့်စာဖြစ်၍ ဝူထင်းနန်၏စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွားလေသည်။

သူမသည် အဘယ်ကြောင့် မိမိအား ဆေးဝါးများပေးခဲ့ရသနည်း။

ဝူထင်းနန်သည် စဉ်းစားမရအောင် ဖြစ်သွားရလေသည်။



စန်းစန်း၏သိုင်းစွမ်းရည်မှာ မယုံကြည်နိုင်လောက်အောင် ထက်မြက်လှသည်။

သူမ၏အစ်ကိုထက် သာလွန်ခြင်းမရှိသည့်တိုင် ညံ့မည်တော့ မထင်ပေ။

ထိုမျှ အစွမ်းထက်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်နေသည်ကိုပင် မိမိအနေဖြင့် လုံးဝမကြားဖူးခဲ့ပေ။

ထိုအချက်ကပင် မိမိအဖို့ ရက်စရာ အလွန်ကောင်းနေလေသည်။

သူသည် စဉ်းစားရင်းပင် အခြေအနေကို သဘောပေါက်လာသည်။

“ဟုတ်ပြီ၊ စန်းစန်းက မိကောင်းဖခင် သားသမီးပီပီ ကိုယ့်ကိုကိုယ် တန်ဖိုးထားတယ်၊ ငါ ရုတ်တရက် ထပြီးတိုက်ခိုက်မယ်ထင်လို့ သူက လန့်ဖြန့်တိုက်ခိုက်တော့ လက်လွန်သွားတာပဲ၊ အခုတော့ ငါ့သွေးကြောတွေကိုပွင့်အောင် လုပ်ပေးခဲ့တဲ့အပြင် ဆေးလည်းထားပေးခဲ့တာ ဖြစ်မယ်”

ဝူထင်းနန်သည် စိတ်တွင်းမှကြိတ်၍ မှတ်ချက်ချနေမိလေသည်။

စန်းစန်း၏ အပြုအမူမှာ မလိုလားအပ်သော အပြုအမူဖြစ်သည်။

ထို့အပြင်...

www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ် စော်ကားရာရောက်သည်ဟု ဂူထင်းနန် တွေး
ပြန်သည်။

ဂူထင်းနန်သည် အတွေးစကိုဖြတ်ပြီး ပုလင်းအဖုံးကို ဖွ
လိုက်သည်။

ထိုအခါ မွှေးကြိုင်သော ရနံ့များသည် ချက်ချင်းလိုလို ဝ
ဝန်းကျင်ကို ပျံ့နှံ့သွားလေသည်။

ပုလင်းသည် သေးငယ်သော်လည်း ပုလင်းထဲတွင် ဆေး
လုံး အတော်များများပါရှိသည်။

ဂူထင်းနန်သည် ဆေးလုံးအချို့ကို လက်ဝါးပေါ်သို့ သွ
ထုတ်လိုက်သည်။

ထိုအခါမှ ဆေးလုံးများမှာ အဖြူရောင်ဖြစ်ကြောင်းသိလို
ရသည်။

ဆေးလုံးများသည် အလွန်မွှေးကြိုင်သောရနံ့များ ထွက်
သည်။

ထိုမွှေးရနံ့အား ရှူရှိုက်လိုက်မိသည်နှင့်ပင် ဦးနှောက်တ
လုံးကြည်လင် လန်းဆန်းလာသကဲ့သို့ ခံစားရသည်။

ဂူထင်းနန်သည် ဆေးလုံးအနည်းငယ်ယူ၍ သောက်လို
သည်။

အံ့ဩဖွယ်ကောင်းသည်မှာ ဆေးသောက်ပြီး မကြာမီ
ပင် ခံစားနေရသော နာကျင်ကိုက်ခဲမှု ဝေဒနာများသည် အားလုံး



ပျောက်ကင်းသွားခြင်းပင် ဖြစ်သည်။

ထိုအချက်ကို ကြည့်ရုံဖြင့် စန်းစန်း၏ဆေးမှာ အာနိသင်
အထူးကောင်းမွန်သော ဆေးစွမ်းကောင်းဖြစ်ကြောင်း သိသာနေ
သည်။

သူသည် ထိုမျှ အဖိုးတန်သော ဆေးမျိုးကို ရက်ရက်ရော
ရောပေးခဲ့သော စန်းစန်း၏စေတနာအား လှိုက်လှဲစွာပင် ကျေးဇူး
တင်မိလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဂူထင်းနန်သည် အဆင့်မြင့်ဓားသိုင်းပညာ ဆည်းပူး[…] လာသည့်အချိန်မှစ၍ပြီး သူ၏စိတ်အာရုံအား သိုင်းပညာအပေါ်[…] ရောက်စေရန် အနေအထိုင်ကို အထက်နိုင်ဆုံး ဆင်ခြင်ခဲ့သည်[…]

ထို့ကြောင့် သူသည် သိုင်းပညာကို လေ့ကျင့်ရာတွင် […] လင့်သည်ထက် အကျိုးသက်ရောက်မှု ပိုမိုရရှိခဲ့၏။

သူသည် နှင်းတောင်သို့ လာရောက်နေထိုင်သော […] ပိုင်းကာလတွင် ဓားသိုင်းမှလွဲ၍ မည်သည့်အရာကိုမျှ စိတ်ဝင်[…] တော့ပေ။

သူသည် အဆင့်မြင့်သိုင်းအား အတိုင်းအတာ တစ်[…] ဘတ်မြောက်အောင် လေ့ကျင့်သည့် အချိန်အတွင်း အရေး[…] ဥပေက္ခာပြုထားခဲ့လေသည်။

ယခု သူမျှော်လင့်ထားသည့် အတိုင်းအတာအထိ ဓား[…] ကို လေ့ကျင့်ပြီးစီး အောင်မြင်ခဲ့ပြီ ဖြစ်သည်။

စန်းစန်း၏လှပသော ပုံရိပ်သည် သူ၏အာရုံထဲ၌ တဝဲ[…] လည် ဖြစ်နေသည်။

ထို့နောက်...

သူသည် အတွေးစကို ဖြတ်ကာ ဆေးပုလင်းအား […] အိတ်ထဲသို့ ပြန်လည်၍ သိမ်းဆည်းလိုက်လေတော့သည်။

◆ ◆ ◆



နောက်တစ်နေ့ မှုန်းတည့်ချိန် ဖြစ်သည်။

ဂူထင်းနန်သည် နှစ်နှစ်နီးပါး နေထိုင်ခဲ့သော တဲအိမ်အား […]ခွာရန် ပြင်ဆင်လိုက်လေသည်။

သူသည် စန်းရီအား ကတိပြုခဲ့သည့်အတိုင်း တဲအိမ်ကို […]ယ်တိုင်ကိုယ်ကျ ဖျက်ဆီးပစ်ခဲ့လေသည်။

သူသည် မြင်း၏ကျောထက်တွင် ထိုင်လျက် ရှေ့နောက်ဝဲ […]သို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထိုအခါ...

သူ၏ရင်ထဲမှ အလိုလိုပင် ဝမ်းနည်းသွားမိ၏။

နှင်းဖြူစံအိမ်မှာ မိမိနှင့် အလွန်နီးကပ်နေသည်။

မကြာမီမှာပင် သူသည် အသက်လုပွဲ ဆင်နွှဲရတော့မည် […]သည်။

သူ့အနေဖြင့် အဘယ်သို့လျှင် စိတ်မလှုပ်ရှားဘဲ နေနိုင်ပါ […]နည်း။

သူသည် မိမိ၏သတ္တိသွေးကို နှိုးဆွပေးသည့် အနေဖြင့် […]ခြေဓားကိုဆွဲကာ သစ်ပင်တစ်ပင်အား ခုတ်ချလိုက်သည်။

သစ်ပင်သည် သူ၏ဓားချက်ကြောင့် ထက်ပိုင်းကျိုးကာ […]နဲ့ ပြိုလဲကျသွားလေတော့သည်။

သစ်ပင်ပြိုလဲကျသည် သူ၏တစ်ကိုယ်လုံးရှိ သွေးများကို […]ပိုက်သကဲ့သို့ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်တက်ကြွသော၊ အလွန်သတ္တိကောင်း လူစွမ်းကောင်းတစ်ယောက်အဖြစ်သို့ ချက်ချင်း ရောက်ရှိသွား ဟု မိမိကိုယ်မိမိ ထင်လိုက်မိသည်။

ဂူထင်းနန်သည် မြင်းကို ဦးလှည့်ကာ ဓားနှောင့်ဖြင့် မြ တင်ပါးအား တစ်ချက်ရိုက်လိုက်လေသည်။

ဤတွင် မြင်းသည် ဟီသံတစ်ချက်ပြုပြီး မျက်နှာချင်း တောင်တန်းဘက်သို့ တရှိန်ထိုး ပြေးထွက်သွားလေသည်။

မြင်းသည် ချယ်ရီတောကို လွန်မြောက်သောအခါ နှင်းဖြူ အိမ်၏ပိုင်နက်ကို ချဉ်းနင်းဝင်ရောက်မိသည်။

ဂူထင်းနန်သည် မြင်းကို ရပ်တန့်စေပြီး နှင်းဖြူစံအိမ် သို့ ခပ်လှမ်းလှမ်းမှ ကြည့်လိုက်သည်။

ထိုအခါ...

သူ၏ဦးနှောက်ထဲသို့ အသိတစ်ခု ဖျတ်ခနဲ ဝင်ရောက် လေသည်။

တုကုဖုံးသည် သဘောထားကောင်း၍ မိမိအား လာရော အနှောင့်အယှက်မပေးဘဲ ငြိမ်နေခြင်း မဟုတ်ဘဲ နှင်းတောင် တွင်နေထိုင်သော မောင်နှမအား ကြောက်ရွံ့နေခြင်းကြောင့် ငြိမ်နေခြင်း ဖြစ်သည်။

ထိုမောင်နှစ်မတို့သည် မိမိအား ဘယ်နည်းနှင့်မျှ လက်ပိုက် ကြည့်နေမည် မဟုတ်ဟု ဂူထင်းနန် တွေးထားပေလိမ့်မည်။



လက်တွေ့မှာမူ ဤနှစ်နှစ်တာ ကာလအတွင်း မိမိနှင့် ၎င်း တို့မောင်နှစ်မ အကြားတွင် မည်သည့်ပြဿနာမှ မပေါ်ခဲ့ပါ။

ထိုသို့ ဖြစ်လာမည်ဟု ဂူထင်းနန် အနေဖြင့် လုံးဝမျှော်လင့် ထားမည် မဟုတ်ချေ။

ထိုသို့ စဉ်းစားမိသဖြင့် နေရာအရွေးမှန်ခဲ့သောကြောင့် ယခု သို့ အဆင်ပြေခဲ့ခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။

အဘယ်ကြောင့်ဆိုသော်...

မိမိသာ ချယ်ရီတောအနီးတွင် နေထိုင်ခဲ့ခြင်း မဟုတ်ဘဲ တစ်ဖက်တောင်တန်း တစ်နေရာတွင် နေထိုင်ပါက စန်းရီသည် အ ကြီးကပင် သတင်းရသွားမည် ဖြစ်သည်။

သူ၏ပိုင်နက်သို့ ရောက်နေမှန်း စန်းရီ သိရှိသွားပါက မိမိ အနေဖြင့် အဆင့်မြင့်ဓားသိုင်းအား အောင်မြင်စွာ လေ့ကျင့်ခြင်း မပြု မီ စန်းရီ၏လက်ချက်ဖြင့် အကြီးအကျယ် ဒုက္ခရောက်သွား နိုင်ပေ သည်။

တုကုဖုံးသည် မိမိနေထိုင်သော အရပ်သို့ အဘယ်ကြောင့် ရောက်ရန်ရှာခြင်း မပြုပုံသနည်း။

သို့မဟုတ် မိမိအား အဘယ်ကြောင့် တစ်စုံတစ်ရာ လုပ်ကြံ ခြင်း မပြုသနည်း။

ပထမအချက် အနေဖြင့် တုကုဖုံးသည် စန်းရီတို့မောင်နှစ် ၏လက်ချက်ဖြင့် ရှုံးနိမ့်ခဲ့မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် တစ်ဖက်နှင့်တစ်ဖက် သဘောတူညီမှု ရခဲ့သည်။

တုကုဖုံးသည် သူ၏သိက္ခာကိုထိန်းသည့် အနေဖြင့် သဘောတူညီမှု မပြုခြင်း ဖြစ်မည်။

ဒုတိယအချက် အနေဖြင့်မူ တုကုဖုံးက သူ့ကိုယ်သူ အထင်ကြီး၏။

အဆင့်မြင့်ဓားသိုင်းပညာကို ဝူထင်းနန် တတ်မြောက်သည်တိုင် သူ့ကို ယှဉ်ပြိုင်နိုင်လိမ့်မည် မဟုတ်ဟု တွေးထင်ထားသည်။

ထို့ကြောင့်...

သူသည် ဝူထင်းနန်ကို သိုင်းပညာတတ်မြောက်အောင် သင်စေပြီးမှ အပြတ်ရှင်းမည်ဟု ဆုံးဖြတ်ထားဟန်တူသည်။

အထက်ပါ အချက်နှစ်ချက်မှာ ဖြစ်နိုင်ချေ ရှိပြီး သဘာဝကျသည်ဟု ဝူထင်းနန် တွေးမိ၏။

တုကုဖုံးကဲ့သို့သော လူယုတ်မာတစ်ယောက်သည် မိမိအား အလွတ်ပေးရိုးထုံးစံရှိမည် မဟုတ်ဟု ဝူထင်းနန် အတတ်သိနေ သည်။

ထို့ကြောင့်...

သူသည် ယင်းအချက်နှစ်ချက်အား စဉ်းစားမိခြင်း ဖြစ်သည်။

◆ ◆ ◆



## နောက်ဆုံးရန်သူ

ဝူထင်းနန်သည် မြင်းကို ဆက်လက်နှင်သွားရာ မကြာမီမှာပင် လမ်းခွဆုံတစ်ခုသို့ ရောက်ရှိလာသည်။

ထိုနေရာသည် မြင့်မားခြင်း မရှိလှပါ။

တစ်ပေပတ်လည်ခန့်ရှိသော မြေပြန့်သည် တောင်ကုန်းပေါ်တွင် နေရာယူထားသည်။

တောင်ကုန်းတစ်နေရာတွင် အိုမင်းရင့်ရော်နေပြီ ဖြစ်သော ဇရပ်အိုကြီးတစ်ဆောင်ရှိသည်။

ဝူထင်းနန်သည် ဇရပ်ကို လှမ်း၍ ကြည့်ရင်း စဉ်းစားမိပြန်သည်။

"တုကုဖုံးဟာ ထင်သလောက်လဲ စေ့စပ်သေချာမယ့်ပုံ မပေါ်ပါဘူး။ တကယ်လို့ ငါနောက်ဆုတ်သွားချင်တဲ့ ဆန္ဒရှိရင် သည်မှာရှိတဲ့ လမ်းတစ်ခုခုထဲနေ ထွက်ပြေးလို့ ရတာပဲ၊ နှင်းတောင်က

www.burmeseclassic.com



မိုင်ပေါင်းရာထောင်ချီပြီး ကျယ်တယ်၊ နှင်းဖြူစံအိမ်က လူ
အားလုံးထွက်လာပြီးတာတောင် ငါ့ကို တွေ့မှာ မဟုတ်ဘူး”

ဂူထင်းနန်သည် စဉ်းစား၍ ကောင်းနေတုန်းမှာပင် လူ
ယောက်သည် ဇရပ်ထဲမှ ထွက်လာလေ၏။

ထိုလူသည် အဝါရောင်ဝတ်စုံဝတ်ဆင်ထားပြီး ကိုယ်ဟန်
ပိန်ပိန်ပါးပါးနှင့် စာပေသမားလုံစံရှိသည်။

ထိုလူသည် ဂူထင်းနန်အား လှမ်းမျှော်ကြည့်ရင်း...

“ကျုပ်က သခင်ကြီးရဲ့အမိန့်နဲ့ မိတ်ဆွေကို လာကြိုတာ
ကျုပ် သည်ကိုရောက်နေတာ တော်တော်ကြာသွားပြီ”

ထိုသူအား တွေ့မြင်လိုက်ရသည်နှင့် ဂူထင်းနန်သည် တု
ဖုံး၏စေ့စပ်သေချာမှုကို ကြိတ်၍ ချီးကျူးမိသည်။

မိမိတွေးမိသော အချက်ကို တုကုဖုံးကလည်း တွေးမိ
ထိုသူအား ဤနေရာသို့ လာရောက်စောင့်ဆိုင်းခိုင်းခြင်း ဖြစ်ကြောင်
သူက ရိပ်မိလိုက်သောကြောင့် ဖြစ်လေသည်။

ဂူထင်းနန်သည် ထိုလူကို သိရှိသည်။

ထိုလူမှာ အခြားသူ မဟုတ်ပါချေ။

ဂူထင်းနန်နှင့် တစ်ကြိမ် ဆုံတွေ့ခဲ့ဖူးသော နှင်းဖြူစံအိမ်ကြီး
၏တာဝန်ခံ တိတ်လုံဆိုသူပင် ဖြစ်သည်။

တိတ်လုံ၏မျက်နှာသည် ပြုံးရွှင်နေ၏။

သူသည် ပြုံးလျက်ပင် ဂူထင်းနန်ထံသို့ ခြေလှမ်းကျဲကျဲဖြင့်



လျှောက်လာသည်။

ထို့နောက်...

“မိတ်ဆွေက ကတိတည်သားပဲ၊ ကဲ.. မြင်းပေါ်က ဆင်းပါ”

ဟု ပြောလေသည်။

ဂူထင်းနန် မနေသာတော့ချေ။

သူသည် တိတ်လုံအား မပီပြင်သော အပြုံးဖြင့် ပြုံးပြလိုက်
လေသည်။

“အခုလို တကူးတကလာပြီး ကြိုဆိုတဲ့အတွက် ကျေးဇူး
တင်ပါတယ်”

ဟု ပြောလိုက်သည်။

ထို့နောက် သူက တဆက်တည်း မြင်းပေါ်မှ ဆတ်ခနဲ ခုန်
ဆင်းလိုက်လေသည်။

ထိုအချိန်မှာပင်...

အပြာရောင်ဝတ်ဆင်ထားသော လူရွယ်နှစ်ယောက်သည်
ဇရပ်ထဲမှ တစ်ပြိုင်နက်တည်း လှမ်းထွက်လာကြသည်။

ထိုလူငယ်နှစ်ယောက် အနက်မှ တစ်ယောက်က...

“ကျုပ်တို့က နှင်းဖြူစံအိမ်က လူတွေပါ၊ ကျုပ်က မု
တောက်ပါ၊ သူကတော့ ဖုံးထင်းလို့ ခေါ်တယ်၊ မိတ်ဆွေကို လာကြို
တာပါ”

စကားပြောနေသော လူရွယ်မှာ မုတောက် ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ် ပတ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ထိုလူရွယ်သည် ရုပ်ရည်အတော်ပင် ကြမ်းတမ်းလေသည်။

အထူးသဖြင့် သူ၏မျက်လုံးအစုံသည် အလွန်စူးရှလွန်း... သည်။

ဖုံးထင်းဆိုသော လူရွယ်မှာ ကိုယ်လုံးကိုယ်ထည်နှင့် အခေါ်... အမောင်းပါ မုတောက်ဆိုသူနှင့် မတိမ်းမယိမ်း ဖြစ်သည်။

သူ၏ခါးတွင် ကျာပွတ်တစ်ချောင်း ပတ်ထားလေသည်။

သူ၏မျက်လုံးအစုံကလည်း မုတောက်ကဲ့သို့ပင် ... တောက်ပလွန်းသည်။

တိတ်လုံက ဂူထင်းနန်အား ကြည့်၍...

"သူတို့နှစ်ယောက်က နှင်းဖြူစံအိမ်ရဲ့ အဆင့်မြင့်သိုင်း သမားတွေပါ။ ကျုပ်နဲ့အတူ သခင်ကြီးက အကြိုလွှတ်လိုက်တာ..."

ဟု ပြော၏။

ဂူထင်းနန်သည် လူရွယ်နှစ်ယောက်အား တွေ့မြင်လိုက်... သည်နှင့် သူ၏စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

အကြောင်းမှာ ထိုလူရွယ်၏ဟန်ပန်ကို ကြည့်ရုံဖြင့် အဆင့် မြင့်သိုင်းသမားများ ဖြစ်မည့်အပြင် ရက်စက်ကြမ်းကြုတ်မည့်သူများ ဖြစ်ကြောင်း သိသာနေသောကြောင့် ဖြစ်သည်။

တကုဖုံးသည် မိမိကို စိတ်မချ၍ တိတ်လုံတို့သုံးယောက်... အား လာရောက်စောင့်ဆိုင်းစေခြင်းပင် ဖြစ်ပေလိမ့်မည်ဟု သူတွေး...



...သည်။

ထိုသို့ တွေးမိလိုက်သဖြင့် ဂူထင်းနန် ပြုံးလိုက်မိလေသည်။

ပြီးနောက် သူသည် အေးတိအေးစက်နိုင်သော လေသံဖြင့်

"အလို ကျုပ်ကို အရေးတယူနဲ့ လာကြိုတဲ့အတွက် ကျေးဇူး ...တင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင် ဖုံးထင်းဆိုသောလူရွယ်က ရှေ့သို့ ခြေလှမ်း ...ကျဲဖြင့် လျှောက်လာပြီး ဂူထင်းနန် လက်ထဲမှ မြင်းဇက်ကြိုးကို ...ခ်းဆွဲလိုက်သည်။

"ကဲ..မိတ်ဆွေ မြင်းကို ကျုပ်ဆွဲလာပေးပါ့မယ်"

လူရွယ်သည် ယင်းသို့ ပြောပြီး မြင်းဇက်ကြိုးကို အရှိန်ဖြင့် ...ဆောင့်ဆွဲလိုက်သည်။

သူ၏လေသံသည် ခက်ထန်ကြမ်းတမ်းသကဲ့သို့ အပြုအမူ ...လည်း ရိုင်းပျလွန်းလှသည်။

ကြီးမားသော အရှိန်တစ်ခုသည် မြင်း၏ကြိုးမှတစ်ဆင့် ...က်ပေါ်လာသည်ဟု ဂူထင်းနန်၏စိတ်ထဲ ခံစားမိလိုက်သည်။

ဖုံးထင်းသည် မြင်းဇက်ကြိုးအား ရိုးရိုးတန်းတန်း ဆွဲယူ ...ခြင်း မဟုတ်ပါ။

သူသည် အတွင်းအားသုံး၍ ဂူထင်းနန်အား ပညာစမ်း ...ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှထင်းနန်သည် ဖုံးထင်းအား မပေါ့ဆဝံ့တော့ဘဲ အတွင်းအားကို လျှင်မြန်စွာ စုစည်းလိုက်သည်။

"ရပါတယ်ဗျာ၊ ကျူပ်ဘာသာ ဆွဲပါ့မယ်"

သူသည် ယင်းသို့ ပြောရင်း မြင်းဇက်ကြိုးအား ပြန်ဆွဲလိုက်ရာ သူ၏မြင်းကြိုးထဲ စီမ့်ဝင်နေသော အတွင်းအားမှာ ဖုံးထင်းထံ ပြန်လည်ကန်ထွက်သွားသည်။

ထို့ကြောင့်...

ဖုံးထင်း၏ခန္ဓာကိုယ်သည် ကြီးမားသော တွန်းကန်အားကြောင့် ဆတ်ခနဲ တုန်ခါသွားသည်။

ဖုံးထင်း၏မျက်နှာမှာ နီရဲသွား၏။

သူ၏ခန္ဓာကိုယ်သည်လည်း အရှေ့ဘက်သို့ ငိုက်ကျသွားလေသည်။

တစ်ချက်တည်းမှာပင်...

သူသည် ဆွဲထားလျက်သား ရှိသော ဝှထင်းနန်၏မြင်းဇက်ကြိုးအား ချက်ချင်းပင် ပြန်လွှတ်ပေးလိုက်ရလေသည်။

ဝှထင်းနန်မှာ တစ်ဘက်သားအား ညှာတာစိတ်ရှိသူ ဖြစ်သည်။

ထို့ကြောင့် သူသည် ဖုံးထင်းအား တုံ့ပြန်တိုက်ခိုက်မှု မပြုခြင်း ဖြစ်ပေသည်။

ဤသို့မဟုတ်ပါက ဖုံးထင်းသည် အတွင်းဒဏ်ရာရသွားသည်မှာ သေချာပေ။



ဝှထင်းနန်၏အတွင်းအားမှာ ဖုံးထင်းထက် အဆများစွာသာလွန်သည်။

ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ ဘေးတွင် ကြည့်နေသော တိတ်လုံနှင့် မုတောက်တို့ ရင်ထိတ်သွားကြလေတော့သည်။

ဖုံးထင်းမှာမူ ကိုယ်တိုင်ရင်ဆိုင်ရ၍ အလွန်ပင် တုန်လှုပ်သွားလေသည်။

ဝှထင်းနန်အား ခရီးဦးကြိုပြုစေရန် တိတ်လုံသည် ဖုံးထင်းနှင့် မုတောက်တို့ နှစ်ယောက်အပေါ် အလွန်အားထားခဲ့သည်။

လက်တွေ့တွင်မှာမူ မတိုက်ခိုက်ရသေးဘဲ ဖုံးထင်း ရှုံးနိမ့်ခဲ့သည်၊

ထို့ကြောင့်...

တိတ်လုံ၏မျက်နှာသည် မသာမယာ ဖြစ်သွားမိလေသည်။

သို့သော် တိတ်လုံသည် ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်သည်။

သူသည် ဟက်ခနဲတစ်ချက် ရယ်လိုက်ပြီး...

"ဝှထင်းနန်ရဲ့မြင်းက မွန်ဂိုမြင်းထဲက အကောင်းဆုံးမြင်းပဲ၊ ဒီလို မြင်းမျိုးဟာ အလွန်ရှားတယ်၊ မင်းတို့နှစ်ယောက် ဝင်မဆွဲနဲ့ သူ့ဘာသာ ဆွဲပါစေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ပြောလိုက်လေသည်။

အမှန်တကယ်တွင် သူသည် မှန်တိုင်းထန်စ ပြုနေသော အခြေအနေကို ဝင်ရောက်ထိန်းလိုက်ခြင်းသာ ဖြစ်၏။

ဖိုးထင်းသည် ငှူးထင်းနန်အား တောင်းပန်သည့် အနေဖြင့် တရိုတသေ ဦးညွှတ်အရိုအသေပေးလိုက်သည်။

သို့ဖြင့် သူသည် ဖိုးထင်းနှင့် မုတောက်တို့၏ဦးဆောင်မှုဖြင့် နှင်းဖြူစံအိမ်ကြီးဆီသို့ ဦးတည်ထွက်ခွာလာသည်။

တိတ်လုံနှင့် ငှူထင်းနန်သည် ယှဉ်တွဲ၍ မုတောက်တို့နောက်မှ လိုက်ပါသွားသည်။

ငှူထင်းနန်သည် လမ်းလျှောက်ရင်းနှင့်ပင် စောစောက ဖြစ်ရပ်ကို ပြန်စဉ်းစားကြည့်လိုက်သည်။

မိမိသည် စလျှင်စချင်းပင် ရန်သူ၏တပည့်နှစ်ယောက်အပေါ် အနိုင်ယူလိုက်နိုင်သည်။

သို့သော်...

မိမိ၏အဆင့်နှင့်ဆိုလျှင် ဝင့်ကြွားစရာဟု မဆိုနိုင်ပါချေ။

ထို့အပြင်...

သူသည် ဖိုးထင်း၏အတွင်းအားပညာကို ချီးကျူးမိလေသည်။

အကယ်၍ မိမိ၏သိုင်းပညာသည် နှစ်နှစ်ခန့် နောက်ဆုတ်လိုက်မည်ဆိုပါလျှင်...



တစ်နည်းဆိုရသော်...

သူသည် နှင်းတောင်သို့ ရောက်စအချိန်ကတည်းက ယခုလို အဖြစ်အပျက်နှင့် ကြုံမည်ဆိုလျှင် မိမိ၏သိုင်းပညာဖြင့် ဖိုးထင်းအား အနိုင်ယူချင်မှ အနိုင်ယူနိုင်ပေလိမ့်မည်။

နှင်းဖြူစံအိမ်မှ သိုင်းသမားပင်လျှင် ထိုမျှ ထက်မြက်နေပါက စံအိမ်ရှင်တုကုဖုံး၏ အရည်အချင်းအား ခန့်မှန်းနိုင်သည်။

မည်သို့ဆိုစေ...

ထိုအချက်သည် သူ့အတွက် မည်သို့မျှ အရေးမပါတော့ချေ။

သူသည် အသက်ကို ပဓာန မထား၍ ဤနေရာသို့ ရောက်လာခြင်းဖြစ်သည်။

ငှူထင်းနန်သည် တုကုဖုံးနှင့် အသေအကြေ တိုက်ခိုက်ရန်သာ စိတ်ထက်သန်နေသည်။

သူသည် နှင်းဖြူစံအိမ်နှင့် မျက်နှာချင်းဆိုင် နေရာတွင် နှစ်ခန့်နီးပါး နေထိုင်ခဲ့သည်။

သူသည် နေ့တိုင်းလိုလိုပင် တစ်ဖက်တောင်ပေါ်တွင် ရှိသော နှင်းဖြူစံအိမ်၏အိမ်ခေါင်မိုးအား လှမ်းမြင်နေရသည်။

သို့သော်...

တောင်ကြားလမ်းတစ်ခု ခြားထားသဖြင့် သေချာမြင်တွေ့ခွင့်မရခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နှင်းဖြူစံအိမ်အား တစ်ကြိမ်တစ်ခါမျှ အနီး
ကြည့်ရှုခဲ့ခြင်းမရှိပေ။

ယခုမူ သူသည် နှင်းဖြူစံအိမ်ရှေ့မှောက်သို့ ရောက်ရှိ
ချေပြီ။

ထို့ကြောင့်...

သူသည် နှင်းဖြူစံအိမ်အား သေချာစွာ အကဲခတ်နိုင်ပြီ
သည်။

နှင်းဖြူစံအိမ်၏ပုံသဏ္ဌာန်မှာ တောင်ပို့နှစ်ခုနှင့်ပင် တူ
သည်။

စံအိမ်၏အောက်ခြေသည် ကျယ်ပြီး အပေါ်ပိုင်းတွင် ချွန်
သည်။

အဆောက်အအုံမှာ အတော်ပင် ကြီးကြီးမားမား ရှိ
သည်။

စကပေါင်းများစွာ ကျယ်ဝန်းပေလိမ့်မည်။

အဆောက်အအုံသည် တောင်ထိပ်ပေါ်တွင် တည်ဆော
ထားခြင်း ဖြစ်သည်။

ထို့ကြောင့် အဆောက်အအုံ၏ခေါင်မိုးသည် အထက်သို့ ထိုး
တက်နေလေသည်။

ရုတ်တရက်ကြည့်လျှင် စံအိမ်တစ်ခုလုံး ဝိမ်လွှာထဲသို့ ထိုး
ဖောက်ဝင်ရောက်တော့မည်သကဲ့သို့ ထင်မှတ်ရ၏။



စံအိမ်၏မျက်နှာစာတွင် ချယ်ရီပင်များ နှစ်တန်းခွဲပြီး အစီ
အရီစိုက်ထားသည်။

ဆောင်းဝင်နေပြီ ဖြစ်၍ အနောက်ဘက်ခြမ်းတွင် နှင်းများ
ဖုံးလွှမ်းထားလေသည်။

အရှေ့ဘက်တွင်မူ နှင်းများ အနည်းငယ်ကျဆင်းနေလေ
သည်။

တောင်ထိပ်များတွင်သာ နှင်းများက ဖုံးအုပ်ထားလေ
သည်။

နှင်းဖြူစံအိမ်သည် အမြင့်ဆုံးတောင်ထိပ်တွင် တည်ရှိထား
ခြင်း ဖြစ်သည်။

ထို့ကြောင့်...

စံအိမ်တစ်ခုလုံးအား ဖြူဖွေးသော နှင်းများဖြင့် ဖုံးလွှမ်းနေ
သည်။

အနက်ရောင်ဆေးသုတ်ထားသော မီးခိုးခေါင်းတိုင်များမှာ
ဖြူဆွတ်သော နှင်းများဖြင့် ပန်းသင့်၍ နေလေသည်။

အရွက်များပေါ်တွင် ဟင်ရှိနေသော နှင်းခဲများမှာ ဖန်သား
ကဲ့သို့ တောက်ပြောင်နေ၏။

ဇူထင်းနန်သည် စိတ်ထဲတွင် ရုတ်တရက် ဖန်သားများဖြင့်
ဖြုလုပ်ထားသော အခန်းကျဉ်းတစ်ခုထဲသို့ ဝင်မိသလားဟု ထင်မှတ်
လေ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူစံအိမ်သည် ပန်းချီကားချပ်တစ်ခုပမာ သာယာလှနေ၏။

သဘာဝတရားသည် ထူးခြားစွာ လှပနေသည်။

သို့သော်…

ဝူထင်းနန်သည် သဘာဝရှုခင်းများအား စိတ်ဝင်စားခြင်း လုံးဝမရှိပါချေ။

သူသည် စံအိမ်ရှေ့သို့ ရောက်လာသည်နှင့် အပြာရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် နှင်းဖြူစံအိမ်၏ အဖွဲ့ဝင်လေးဦးအား မြင်တွေ့လိုက်ရသည်။

ထိုသူများသည် လူနှစ်ခုခွဲကာ တံခါးမကြီး၏ တစ်ဖက်တစ်ချက်စီတွင် ရပ်လျက် ရှိနေကြလေသည်။

သူတို့လေးယောက်စလုံး၏ခါးတွင် ဓားရှည်တစ်လက်စီ ချိတ်ဆွဲထားသည်ကိုလည်း တွေ့မြင်ရလေသည်။

သူတို့သည် တိတ်လုံအား တွေ့မြင်လိုက်ရသောအခါ ပြိုင်တူပင် ဦးညွှတ်၍ အရိုအသေပြုလိုက်ကြလေသည်။

တိတ်လုံ ခေါင်းညိတ်လိုက်၏။

ထို့နောက်…

သူက ဝူထင်းနန်ဘက်သို့ လှည့်ကာ…

"အထဲကို ကြွပါ"

ဟု ခေါ်လိုက်လေသည်။



ဝူထင်းနန်က ပြုံးလိုက်၏။

ထို့နောက်…

သူသည် လက်ထဲတွင် ဆွဲထားသော မြင်းဇက်ကြိုးအား မြင်း၏လည်တိုင်တွင် သေချာစွာ ရစ်ပတ်ပေးလိုက်လေသည်။

ပြီးလျှင် သူသည် မြင်း၏တင်ပါးအား လက်ဝါးဖြင့် ဆတ်ခနဲ ရိုက်လိုက်သည်။

ထိုအခါ မြင်းသည် အလိုက်သိစွာဖြင့် ပြေးထွက်သွားလေသည်။

တိတ်လုံ အံ့ဩသွားသည်။

ဝူထင်းနန်အား ကြည့်၍…

"သည်အတိုင်း လွှတ်လို့ ဖြစ်ပါ့မလား"

ဟု တအံ့တဩဖြင့် မေးလေသည်။

ဝူထင်းနန်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သည်မြင်းက ကျုပ်နဲ့အတူ သည်နှင်းတောင်ပေါ်မှာ နေလာတာ ကြာပါပြီ၊ လမ်းတွေကို သူကောင်းကောင်းမှတ်မိနေပြီ မပျောက်သွားနိုင်ပါဘူး"

ဟု ပြောလိုက်သည်။

တိတ်လုံ ဘာမျှ မပြောတော့ချေ။

သူသည် အိမ်အတွင်းသို့ လက်ညှိုးညွှန်၍…

"အထဲကို ကြွပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ဂူထင်းနန်သည် နှင်းဖြူစံအိမ်၏ ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်။

သူသည် အတွင်းဘက်သို့ ရောက်သောအခါတွင်မှ နှင်းဖြူစံအိမ်၏ခန့်ညားပုံကို အသေအချာ တွေ့မြင်လိုက်ရလေသည်။

နှင်းဖြူစံအိမ်သည် ခြံဝင်းအလယ်တွင် ခန့်ထည်စွာ တည်ဆောက်ထားသည်။

စံအိမ်ပင်မ အဆောက်အုံ၏ လေးဘက်လေးတန်တွင် အတန်ငယ်ပုသော အဆောက်အအုံလေးများ ခြံရံထားသည်။

အရံအဆောက်အအုံဟု ဆိုသော်လည်း အတော်ပင် ကြီးမားလေသည်။

အရံအဆောက်အအုံနှင့် ပင်မအဆောက်အအုံတို့အား စင်္ကြံလမ်းဖြင့် ဆက်သွယ်ထားလေသည်။

စင်္ကြံလမ်းတစ်လျှောက်တွင် ဖန်ကျောက်များဖြင့် မိုးထားသည်။

တစ်ဖက်တစ်ချက်စီတွင်လည်း ချယ်ရီပင်နှင့် တရုတ်ဆီးသီးပင်များအား အစီအရီ စိုက်ပျိုးထားသည်။

ဂူထင်းနန်သည် လှပတင့်တယ်သော ရှုခင်းများအား စိတ်မဝင်စားပါချေ။

သူသည် ထိုအရာများထက် ခြံဝင်းထဲတွင် မတ်တတ်ရပ်နေ



ကြသော အပြာရောင်ဝတ်စုံရှည်ဝတ်ထားသော နှင်းဖြူစံအိမ်၏အဖွဲ့ဝင်များအပေါ်သို့ အာရုံရောက်နေသည်။

ထိုအပြာရောင်ဝတ်စုံရှင်တို့သည် အားလုံးပင် အဆောက်အအုံများ၏ ထောင့်ချိုးနေရာများတွင် ဖြန့်ကျက်ထားလေသည်။

ဂူထင်းနန်သည် စေ့စပ်သေချာသူ မဟုတ်ပါက သူတို့ကို သတိပြုမိမည် မဟုတ်ပါချေ။

သို့သော်...

ဂူထင်းနန်သည် မည်သည့်ကိစ္စမဆို စေ့စပ်သေချာအောင် လုပ်သူ ဖြစ်သည်။

သူသည် တုကုဖုံးနှင့် အသေအကြေ တိုက်ခိုက်ခြင်း မပြုမီမှာပင် နှင်းဖြူစံအိမ်ကို လေ့လာထားရမည် ဖြစ်၏။

ထို့အပြင်...

စံအိမ်၏ဝင်ပေါက် ထွက်ပေါက်များကို ကြည့်ထားရမည်ဟု ဂူထင်းနန် နားလည်ထားသည်။

ထို့ကြောင့်...

သူက ယခုကဲ့သို့ ဂရုတစိုက် လေ့လာနေခြင်း ဖြစ်လေသည်။

ခြံဝင်းထဲတွင် အတန်ကြာအောင် ခြေကျင်လျှောက်နေရသဖြင့် ဂူထင်းနန်သည် နှင်းဖြူစံအိမ်၏ အနေအထားကို လေ့လာကြည့်ရှုရန် လုံလောက်သောအချိန် ရရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်နေရာသို့ အရောက်တွင် ခေါင်းမော့ကြည့် သည်။

ထိုအခါမှ ခေါင်မိုးပြေပြေ မိုးထားသော ခန်းမဆောင်တစ်ခု ရှေ့သို့ ရောက်ရှိနေမှန်း သိလိုက်ရသည်။

အနက်ရောင်ဆေးများ သုတ်ထားသော တံခါးမကြီးသည် လည်း ဟာလာဟင်းလင်းပွင့်နေခဲ့လေသည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုတစ် ယောက်သည် တံခါးဝတွင် မတ်တတ်ရပ်နေသည်။

ထိုအဘိုးအိုသည် ဝူထင်းနန်အား လှမ်းမြင်လိုက်သည်နှင့်—

"မိတ်ဆွေ ရောက်လာပြီကိုး။ သခင်ကြီးက မိတ်ဆွေကို မျှော်နေတယ်"

အနက်ရောင်ဝတ်စုံရှင်အဘိုးအိုမှာ နှင်းဖြူစံအိမ်၏သိုင်း လေ့ကျင့်ရေးအဖွဲ့မှူးထဲမှ တစ်ယောက်အပါအဝင် ဖြစ်သည်။

ထိုအဘိုးအို၏အမည်မှာ ဝမ်းလီ ဖြစ်လေသည်။

ဝမ်းလီသည် ဝူထင်းနန်အား ဆီးကြိုနှုတ်ဆက်လိုက်လေ သည်။

ထို့နောက်...

တဆက်တည်းမှာပင် အတွင်းဘက်သို့ လှမ်း၍ အသံပြု လိုက်ပြန်သည်။

"ညှို့သည်ဝူထင်းနန် ရောက်လာပါပြီ သခင်ကြီး"



ဟု ပြောလိုက်သည်။

ထိုအခါ...

"အထဲဝင်လာခိုင်းလိုက်ပါ"

တစ်စုံတစ်ယောက်သည် အတွင်းဘက်မှ နေ၍ တုံ့ပြန်ပြော ဆိုလိုက်သည်။

ထို့နောက် အသံထွက်ပေါ်လာရာ အတွင်းဘက်နံရံတွင် ဖောက်ထားသော တံခါးသည် အလိုလို ပွင့်ဟသွားသည်။

တစ်ချိန်တည်းမှာပင်...

ဝူထင်းနန်သည် ပြင်းထန်သော လေရှိန်တစ်ခုကို ဟပ်မိလေ သည်။

ယင်းလေရှိန်မှာ ဝူထင်းနန်၏နံဘေးမှ ဖြတ်ကျော်သွားခြင်း ဖြစ်သည်။

လေအားအရှိန် ဟပ်မိသည်နှင့် ဝူထင်းနန်သည် ရင်ထိတ် သွားလေသည်။

သူသည် ကပျာကယာပင် အနောက်သို့ ဆုတ်လိုက်မိ သည်။

မိမိထံသို့ ရိုက်ခတ်လိုက်သော အားရှိန်မှာ တုကုဖုံး၏လက် ဝါးရိုက်ချက်မှ ထွက်ပေါ်လာသော အားရှိန်ဖြစ်ကြောင်း ဝူထင်းနန် အတတ်သိလိုက်သည်။

ယင်းအားရှိန်ကြောင့်ပင် တံခါးရွက်နှစ်ချပ်အား ပွင့်ဟသွား

www.burmeseclassic.com

www.burmeseclassic.com



စေသည်။

ထို့နောက်...

တဆက်တည်းပင် အရှိန်မလျှော့သွားဘဲ အပြင်ဘက်သို့ ရိုက်ခတ်လာသည်။

ထိုအချက်အား ထောက်ချင့်ခြင်းအားဖြင့် တုကုဖုံး၏လည်း ဝါးရိုက်ချက် အတွင်းအားကို ခန့်မှန်းနိုင်သည်။

စံအိမ်ရှင်ဖြစ်သော တုကုဖုံးသည် သူ၏ထက်မြက်ထူးချွန်သော အတွင်းအားပညာအား ဂွထင်းနန်အား သိစေရန် တမင်ပင် ပြသလိုက်ခြင်းပင် ဖြစ်လေသည်။

ယင်းသို့ ပြုလုပ်လိုက်ခြင်းမှာ မလိုအပ်သော အပြုအမူတစ်ရပ်သာ ဖြစ်သည်ဟု ဂွထင်းနန် တွေးမိလိုက်သည်။

ဂွထင်းနန်သည် စိတ်ထဲတွင် ထူးဆန်းလာသဖြင့် နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

ထိုအခါ...

သူ၏စိတ်ထဲတွင် အလွန်အမင်းပင် အံ့သြသွားမိလေတော့သည်။

အကြောင်းမှာ...

သူ၏နောက်တွင် အတူလိုက်ပါလာကြသော တိတ်လုံ၊ ဓူ တောက်နှင့် ဖုံးထင်းတို့အား မမြင်ရတော့ခြင်းကြောင့်ဖြစ်သည်။

ထို့အတူ အနက်ရောင်ဝတ်စုံရှင်အဘိုးအိုဖြစ်သူ ဝမ်းလီ



သည်လည်း ပျောက်ခြင်းမလှ ပျောက်နေလေသည်။

သူသည် ချက်ချင်းပင် တစ်စုံတစ်ရာ မှားယွင်းနေကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် သူသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

သို့သော်...

ယခု သူသည် ကျားခံတွင်းထဲသို့ ရောက်ရှိနေပြီဖြစ်လေသည်။

တုကုဖုံးအကြောင်း သိထား၍သာ ဘာကိုမျှထည့်စဉ်းစားရာ မလိုတော့ပေ။

အထူးသဖြင့်...

သူသည် သူ၏လှုပ်ရှားနေသောစိတ်ကို အတတ်နိုင်ဆုံး ပျောက်အောင်ဖြေဖျောက်နိုင်ရန် ကြိုးစားရပေမည်။

တုကုဖုံးသည် သူ့အား မည်ကဲ့သို့ပြုလုပ်ရန် စိတ်ကူးထားသည် မသိချေ။

ထို့ကြောင့်...

သူသည် မည်သည့်ကိစ္စကိုမျှ စိတ်အရှုပ်ခံပြီး စဉ်းစားမနေတော့ချေ။

သူသည် အမြန်ဆုံး တုကုဖုံးအား တွေ့နိုင်ရန်သာ စိတ်ကူးမိလေသည်။

သူသည် ခန်းမအား မျက်စိတစ်ချက် ဝေ့ကြည့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခန်းမတည်ဆောက်ထားပုံမှာလည်း တစ်မျိုးတစ်ဘာ ဆန်းကြယ်နေသည်။

ခန်းမ၏အတွင်းပိုင်းတွင် တံခါးပေါက်ရှိနေသည်။

အပြင်ဘက်ခန်းမ၏ ဝဲဘက်နှင့်ညာဘက်တွင် တံခါးပေ နှစ်ယောက်စီရှိနေသည်။

ထို့ကြောင့်...

သူ ဝင်ရောက်လာသော တံခါးနှစ်ပေါက်နှင့် ပေါင်းလို့ လျှင်ခန်းမသည် စုစုပေါင်း တံခါးခြောက်ခုရှိနေသည်။

တံခါးရွက်တို့သည် အထူးစီမံပြုလုပ်ထားသော အလိုအ လျောက်ဖွင့်နိုင် ပိတ်နိုင်သည့် တံခါးများဖြစ်ပေသည်။

ဤသည်ကို ဝူထင်းနန်က တံခါးရွက်အနေအထားကိုကြ ၍သိရှိလိုက်ရသည်။

ထို့ကြောင့်...

တိတ်လုံတို့လူစုသည် တံခါးတစ်ခုခုဆီသို့ ဝင်ရောက်ကာ ရုတ်တရက် ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်းကိုလည်း ဆက်စ တွေးမိလေသည်။

ခန်းမထဲတွင် ကျွန်းသားစားပွဲကြီးတစ်လုံးနှင့် ထိုင်ခုံများ နေသားတကျ ချထားသည်။

ထိုထိုင်ခုံများအား အနက်ရောင်ပိုးဖဲကတ္တီပါများဖြင့် သေ သေသပ်သပ်နှင့် လှပစွာ ခင်းကျင်းထားလေသည်။



ထို့အပြင်...

လေးဘက်လေးတန်၌ ပန်းအိုးများတွင်လည်း ရာသီအ လိုက်ပွင့်သော အလွန်လှပသောပန်းများ ထိုးထားလေသည်။

အခန်းတစ်ခုလုံးမှာ လှပသေသပ်၍ နေချင်စရာပင်ကောင်း နေပေသည်။

ဝူထင်းနန်သည် အခန်းအား အကဲခတ်ဝှေ့ကြည့်ရင်း မလှုပ် ှားသေးချေ။

သူသည် ခန်းမကြီးထဲတွင်ပင် မတ်တတ်ရပ်စောင့်နေလေ သည်။

သူသည် ခန်းမ၏ထူးခြားချက်များကို စိတ်ဝင်စားမိလေ သည်။

သို့သော်...

ခန်းမထက် သူ့ရှေ့တည့်တည့်ရှိ တံခါးပေါက်ကိုသာ ပို၍ အာရုံရောက်နေသည်။

အဘယ်ကြောင့်ဆိုသော်...

ယခုအချိန်ထိ ထိုတံခါးသည် ပွင့်ဟနေသောကြောင့်ဖြစ် သည်။

ထို့အပြင်...

အားအရှိန်တစ်ခုသည် အတွင်းမှနေ၍ အပြင်သို့ အရှိန်မ ှုသေးဘဲ ဆက်လက် ရိုက်ခတ်လာဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွှထင်းနန်းသည် ရှေ့တံခါးကို စူးစိုက်ကြည့်နေလေသည်။

ထို့နောက်...

သူသည် တစ်စုံတစ်ခုအား လှမ်းမေးရန်ဟန်ပြင်လိုက် သည်။

ထိုအချိန်မှာပင် စကားသံတစ်သံသည် အရှေ့ဘက် တည့်ရှိ တံခါးအတွင်းမှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ သည်။

"မိတ်ဆွေလေးငွှထင်းနန်း..မင်းဘယ်နေရာကို ရောက် သလဲဆိုတာ သိရဲ့လား"

ငွှထင်းနန်း မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ရဲ့ ဧည့်ဝတ်ပြုနည်းကတော့ တကယ့်ကို ဆန်းပါတယ်ဗျာ"

ဟု လေသံအေးအေးဖြင့် ပြန်ပြောလိုက်လေသည်။

ထိုအခါ...

အတွင်းဘက်မှ အသံရှင်၏စကားသံ ထွက်ပေါ်လာ သည်။

"ကျုပ်က မင်းကို ဧည့်မခံချင်လို့ မဟုတ်ပါဘူး၊ အထ များပါနဲ့ ရှင်းရှင်းပြောရရင် ကျုပ် သိုင်းလေ့ကျင့်နေတယ်၊ အ မစွမ်းမချင်း ထွက်လို့မရဘူး၊ ဒါပေမယ့် မကြာခင်ပြီးသွားတော့မှာ မိတ်ဆွေလေး အပျင်းပြေအောင် ဖြေဖျော်ပေးလိုက်တာလို့ပဲ



ဘောထားပါ"

ဟု ပြောလေသည်။

ငွှထင်းနန်းသည် အသံလာရာကို သေချာစွာ လေ့လာကြည့် နေသည်။

အသံသည် ယခုလာသည့် အတိုင်း ဆိုရပါလျှင် တံခါး၏အ တွင်းဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

သို့သော်...

လိုအပ်သံပါနေသဖြင့် တံခါးအတွင်းမှ ထွက်ပေါ်လာခြင်း မဟုတ်နိုင်ပေ။

ထိုအခါ...

သူသည် အခြေအနေ အရပ်ရပ်ကို ရိပ်စားမိလာပြီဖြစ် သည်။

သူသည် ယခု တံခါးခြံဘက်ပေါက် ဝင်းပါသို့ရောက်နေချေ ပြီ မဟုတ်ပါလော။

တံခါးအတွင်းဘက်မှ အသံရှင်က ရယ်မောလိုက်လေတော့ သည်။

"မိတ်ဆွေလေးက ကိုယ့်ကိုကိုယ် ဘုတ်လှုပြီထင်နေတာ ကိုး၊ သည်နေရာက ဘယ်လိုနေရာမျိုးဆိုတာ သိရဲ့လား"

ဟု ပြောလိုက်သည်။

ငွှထင်းနန်းက အေးစက်သော လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"တံခါးခြောက်ပေါက် ဝင်ပေါက ဘာများဆန်းနေလို့လဲ ကျုပ်မသိဘဲနေပါ့မလား"

ဟု ပြန်ပြောလိုက်သည်။

အတွင်းဘက်မှ အသံရှင်က ဟက်ခနဲ ရယ်မောလိုက်လေ သည်။

အတန်ကြာမှ...

"မင်းက ဘယ်ဆိုးလို့တုန်း၊ ဝင်ပေါ်ထဲရောက်နေမှန်းတော သိနေတာကိုး"

ဟုပြောသည်။

ထို့နောက်...

ထိုအသံရှင်သည် စကားကို ခေတ္တရပ်တန့်လိုက်လေသည်။

"ငါ တစ်ခုမေးမယ်၊ သည်ခန်းမပတ်လည်မှာ အခန်းတွေ ထားတယ်၊ ငါ ဘယ်အခန်းထဲရောက်နေတယ်ဆိုတာ သိရဲ့လား"

ဟု မေးလိုက်သည်။

ဝူထင်းနန် တစ်ချက်မျှ ကြောင်သွားသည်။

ထိုစဉ်...

သူ၏ရှေ့တည့်တည့်ရှိ တံခါးပေါက်သည် အလိုလို ပြန်ပိတ် သွားလေသည်။

တဆက်တည်းမှာပင်...

ခန်းမ၏ လေးဘက်လေးတန်ရှိ တံခါးခြောက်ပေါက်မှ တံ



ခါးရွက်များသည်လည်း တပြိုင်နက်တည်း ရှေ့တိုးနောက်ဆုတ်ဖြင့် လှုပ်ကာ တဝုန်းဝုန်း အသံမြည်လာလေသည်။

ခန်းမ၏အလယ်တွင် ရောက်နေသော ဝူထင်းနန်သည် အလွန်ကြီးမားသော ဖားဖိုကြီးအတွင်းသို့ ပိတ်မိနေသည့်နှယ် ဖြစ်နေသည်။

တဝီးဝီး မြည်ဟီးနေသော လေကြမ်းများသည် သူ၏အင်္ကျီများအား အပေါ်ဘက်သို့ လှန်တက်သွားစေသည်။

တစ်ချိန်တည်းမှာပင် သူ၏နားထဲ၌ လှောင်ပြောင်ရယ်မောသော အသံများကို ကြားလိုက်ရသည်။

ထို့အပြင်...

ထိုရယ်သံများမှာ တံခါးခြောက်ပေါက်မှ တစ်ပြိုင်တည်း ထွက်လာခြင်း ဖြစ်သည်။

ဝူထင်းနန်၏စိတ်အာရုံအား ကစဉ့်ကလျား ဖြစ်သွားစေရန်အတွက် ထိုရယ်မောသံများ ပြုနေခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့်...

ဝူထင်းနန်သည် ဒေါသချောင်းချောင်း ထွက်လာလေတော့သည်။

သူသည် အချိန်မီ သတိထားလိုက်၏။

သူနှင့် နှင်းဖြူစံအိမ်ရှင်တုကုဖုံးတို့သည် မဟာရန်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ထိ
တိုက်ရင်ဆိုင်ရုံသာ ရှိသည်။

သို့မှတစ်ပါး တစ်ခြားရွေးချယ်စရာ နည်းလမ်းလည်း မ
ပေ။

ထို့အပြင်...

သူသည် တုကုဖုံး မျိုးဆိုထားသည့်အတိုင်း ရောက်လာ
ဖြစ်သည်။

သို့အတွက် တုကုဖုံးက သူ့အား ချက်ချင်းထွက်တွေ့သ
သည်။

ယခုမှာမူ တုကုဖုံးသည် သူ့အား သက်သက်မဲ့ အရှုံးလ
နေသလို ဖြစ်နေသည်ပဲ။

ဂူထင်းနန်သည် လှုပ်ရှားနေသော စိတ်များအား တည်ငြိမ်
အောင် ထိန်းလိုက်သည်။

သူသည် တံခါးခြောက်ပေါက်အား အနည်းငယ် လေ့လာ
လိုက်၏။

သူဝင်လာသော တံခါးနှင့် ရှေ့တည့်တည့်ရှိ တံခါးတို့မှာ
အဓိကတံခါး ဖြစ်၏။

ထို့ကြောင့်...

ဝဲယာတစ်ဘက်တစ်ချက်စီတွင် ရှိနေသော တံခါးလေး
ပေါက်တို့မှာ အရန်တံခါးများသာ ဖြစ်ကြောင်းကို ဂူထင်းနန် တွေ



တွေးလိုက်မိသည်။

သူသည် ယင်းအချက်ကို တွေးမိလျှင် ထွေထွေထူးထူး စဉ်း
စားမနေတော့ချေ။

ညာဘက်ရှိ အရန်တံခါးပေါက်တစ်ခု ရှိရာသို့ ပြေးသွား
သည်။

တံခါးရှေ့သို့ ကပ်မိသောအခါ အလွန်ပြင်းထန်သော လေ
မှုန်တစ်ခုသည် သူ့အား တည့်တည့်ဝင်တိုးမိလိုက်သည်။

ထို့ကြောင့်...

တစ်ဖက်လူသည် ထိုအခန်းထဲတွင် ရှိလိမ့်မည်ဟု သူရိပ်စား
မိလိုက်သည်။

သူသည် အတွင်းအားကို စုစည်းလိုက်သည်။

ထို့နောက်...

တံခါးရွက်ကို တွန်းဖွင့်လိုက်ရာ တံခါးရွက်သည် ချက်ချင်းလို
ပင် ဝုန်းခနဲ ပွင့်ထွက်သွားသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

တံခါးရွက်ပွင့်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသေးသည်။

ဝှထင်းနန်သည် အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

မြင်ကွင်းထဲသို့ ရှေးဦးစွာ တိုးဝင်လာသည်မှာ စမ်းရေအိုင်တစ်ခု ဖြစ်သည်။

စမ်းရေတို့မှာ မြေအောက်မှ အဆက်မပြတ် ပန်းထွက်လာသည်။

စမ်းရေများ ပန်းထွက်သော နေရာ၏အနောက်ဘက်တွင် ညီညာချောမွတ်သော ကျောက်တုံးကြီးတစ်ခု ရှိနေသည်။

ထိုကျောက်တုံးပေါ်တွင် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် တင်ပျဉ်ခွေထိုင်လျက် ရှိနေသေးသည်။

ထိုအဘိုးအို၏မုတ်ဆိတ်မွေးသည် ရင်ဘတ်သို့တိုင် ရှည်လျားစွာ ကျနေသည်။

အဘိုးအို၏ဦးခေါင်းထက်တွင်မူ အနီရောင်ပိတ်တစ်ခုအားလွှမ်းခြုံထားပြီး မျက်နှာကိုသာ ချန်လှပ်ထားသည်။

အဘိုးအို၏မျက်လုံးအစုံသည် ရီဝေမှုန်မှိုင်းနေလေသည်။

ထိုအဘိုးအို၏ညာဘက်လက်တွင် ဓားရှည်တစ်လက်ကိုင်ထားသည်။



ထို့အပြင်...

သူ၏ဘယ်ဘက်လက်တွင်လည်း မြင်းရိုက်တံတစ်ချောင်းကိုင်ထားသည်။

ဝှထင်းနန်သည် ထိုအဘိုးအိုအား မြင်လိုက်ရလျှင် မိုတူပန်းချီကားချပ်ထဲမှပုံအား မြင်ယောင်လာလေသည်။

ရုပ်ရည်မှာ တူနေသဖြင့် ဝှထင်းနန်၏မျက်လုံးအစုံသည် ဒေါသကြောင့် ရှူးရှူးတောက်ပလာလေသည်။

မှန်ပေသည်။

ထိုအဘိုးအိုသည် နှင်းဖြူစံအိမ်ပိုင်ရှင်တုကုဖုံးပင် ဖြစ်ပေသည်။

တုကုဖုံး၏နံဘေးတွင် အပြာရောင်ဝတ်စုံရှည်ဝတ်ဆင်ထားသော လူရွယ်နှစ်ယောက် ရပ်နေလေသည်။

ထိုအပြာရောင်ဝတ်စုံရှင်တို့ နှစ်ယောက်သည် စံအိမ်ရှင် တုကုဖုံး၏ အားထားရသော လက်ရုံးသိုင်းသမားများ ဖြစ်ကြသည်။

ထိုသူနှစ်ယောက်တို့သည် ဝှထင်းနန်က ရုတ်တရက် ခုန်ထွက်လာသည်ကို တွေ့သောအခါ ဟန့်တားရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ...

တုကုဖုံးက လက်ကာပြလိုက်ပြီး...

"မင်းတို့သွားနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ထိုအခါ အပြာရောင်ဝတ်စုံဝတ်ဆင်ထားသူနှစ်ယော[...] သည် တုကုဖုံးအား အရိုအသေပြုပြီး ထွက်ခွာသွားကြသည်။

ဝူထင်းနန်၏စိတ်ထဲတွင် အတော်ပင် ထူးဆန်းနေ[...] သည်။

သူသည် အလွန်ချောက်ချားဖွယ်ကောင်းသော လှို[...] သို့ ဝင်ရောက်နေမိသလောဟုပင် ထင်မှတ်ရသည်။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လို[...] သည်။

လေးဘက်လေးတန်ရှိ ကျောက်နံရံတို့မှာ အနက်ရောင် [...] နေသည်။

အဘိုးအို ထိုင်နေသော ကျောက်တုံးကြီး၏ဘေးပတ်လ[...] တွင် စမ်းရေများရှိသည်။

ရေအိုင်ထဲမှ ရေများသည် လည်ပတ်လျက် ရှိနေကြ[...] လေထဲသို့ ထောင်တက်ကာ ရေပန်းများ ဖြစ်ပေါ်နေသည်။

ရေများသည် အဘိုးအို၏ပတ်လည်သို့ ပြန်ကျလာ[...] သည်။

ထို့ကြောင့်...

အဘိုးအိုသည် ရေကန့်လန့်ကာ အလယ်တွင် ထိုင်နေသ[...] သို့ ဖြစ်နေလေသည်။



အနီးအနားတွင် ကျောက်တုံးများမှ လွဲ၍ ဘာမျှ မရှိပါချေ။

ဝူထင်းနန်သည် ထိုနေရာသို့ ရောက်ရှိလျှင် ရောက်ရှိခြင်းပင် အေးစိမ့်သော လေဒဏ်ကို ခံစားမိလိုက်သည်။

လေများမှာ ဂဲလည်ပြီး လေးဘက်လေးတန် လာရောက်စုရုံးနေသကဲ့သို့ ဖြစ်နေလေသည်။

အနီးအနားတွင် ကျောက်တုံးများမှ လွဲ၍ အခြားဘာမျှ မရှိပါချေ။

အဘိုးအို၏ရှေ့သို့ လာပ်သွားမည် အပြုတွင် ပြင်းထန်သော လေရှိန်နှင့် ဘည့်တည့်တိုးမိသဖြင့် ဝူထင်းနန်သည် မြေပေါ်သို့ လဲကျမသွားအောင် မနည်းပင် ထိန်းထားရသည်။

ထိုအခါမှ ဝူထင်းနန်သည် တစ်စုံတစ်ရာကို ရိပ်စားမိလိုက်ရသည်။

တောင်တန်းဒေသတိုင်းတွင် လေရုပ်ဝန်းတစ်ခု ရှိတတ်သည်။

ယင်းနေရာသည် တောင်တန်းများအား ဖြတ်ကျော်လာသောလေများ စုဝေးရာ ဟိုချက်ပင် ဖြစ်လေသည်။

ယခု သူရောက်နေသော နေရာမှာ ထိုနေရာမျိုး ဖြစ်ရမည်ဟု ဝူထင်းနန် တွေးမိလိုက်သည်။

ထို့အပြင်...

သိုင်းလောကသားတို့ ရှင် လွန်လှို့ဝှက်ဆန်းကြယ်သော

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပညာရပ်ရှိသည်။

ထိုပညာမှာ 'နဂါးနိုင်အတွင်းအားပညာ'ပင် ဖြစ်ပေသည်။

ထိုပညာသည် သိုင်းပညာထဲတွင် အနက်နည်းဆုံး ပညာတစ်ရပ် ဖြစ်သည်။

ထိုပညာအား လေ့ကျင့်ရာတွင် အခက်အခဲတစ်ခု တွေ့နိုင်သည်။

အခြား မဟုတ်ပါချေ။

လေ့ကျင့်မည့်သူသည် လေရပ်ဝန်းကျင်တစ်ခုကို တွေ့အောင် ရှာရမည် ဖြစ်သည်။

ထိုနေရာမျိုးတွင် လေ့ကျင့်နိုင်မှ နဂါးနိုင်အတွင်းအားပညာကို အောင်မြင်နိုင်မည်ဟု ဆိုထားသည်။

ယခုအတိုင်းဆိုလျှင်...

တုကုဖုံးသည် ယင်းပညာမျိုးကို လေ့ကျင့်နေခြင်း ဖြစ်ပေလိမ့်မည်။

လေပြင်းများသည် တုကုဖုံး၏အင်္ကျီအား အပေါ်သို့ တွန်းလှန်တက်စေသည်။

သူ၏ပိန်လှီသော ခန္ဓာကိုယ်သည် လေထဲတွင် တဖျပ်ဖျပ်လှုပ်နေသော အင်္ကျီစအောက်တွင် အရိုးများပင် ပေါ်နေသည်။

တုကုဖုံးသည် လေပြင်းဒဏ်ကို အစွမ်းကုန် တွန်းလှန်နေရသည်။



သူသည် အံကို တင်းတင်းကြိတ်ထားသဖြင့် ပါးရိုးများ ငေါထွက်နေလေသည်။

တုကုဖုံးအား ကြည့်ရသည်မှာ အတော်ပင်ပန်းနေပုံ ရသည်။

ထို့အပြင်...

သူသည် ဂရုတစိုက် လေ့ကျင့်နေကြောင်း သိသာလှပေသည်။

ပြင်းထန်လှသောလေ၏ အရှိန်ကြောင့် စမ်းရေများသည် အပေါ်သို့ လွင့်တက်လာသည်။

မြေပြင်တွင် ရှိနေသော ဖုန်မှုန့်များလဲ လေထဲတွင် ပလူပျံနေသည်။

ယင်းဖုန်မှုန့်များသည် အရှိန်ပြင်းစွာ တောင်ထက်လာခြင်း ဖြစ်သည်။

ထို့ကြောင့်...

လူ၏ခန္ဓာကိုယ်ပေါ်သို့ ထိမှန်ခြင်းခံရပါက အသည်းနိုက်အောင် နာကျင်သွားမည် ဖြစ်သည်။

ဝူထင်းနန်သည် တုကုဖုံးအား စူးစိုက်၍ ကြည့်နေလေသည်။

ယခုအချိန်တွင် သူသည် စကားတစ်ခွန်းမျှ ထပ်မံပြောဆိုခြင်းမပြုဘဲ ပါးစပ်ကို တင်းတင်းစေ့ထား၏။

ထူးဆန်းသည်မှာ အနီးတစ်ဝိုက်တွင် လေအရှိန်က ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်လှသော်လည်း တုကုဖုံး ထိုင်နေသော နေရာလောက် လေ မပြင်းချေ။

ထို့ကြောင့်...

တုကုဖုံးရှိသော နေရာမှာ လေရပ်ဝန်း၏ဗဟိုချက်မ ဖြစ်ကြောင်း ထင်ရှားနေသည်။

ဂူထင်းနန်သည် လေရပ်ဝန်း၏ အပြင်ဘက်တွင် ရပ်လျက် ကျောက်တုံးပေါ်တွင် ထိုင်နေသော တုကုဖုံးအား မျက်တောင်မခတ်တမ်း စောင့်ကြည့်နေသည်။

တုကုဖုံးသည်လည်း ဂူထင်းနန်အား အံ့ဩသော မျက်လုံးအစုံဖြင့် ပြန်ကြည့်နေသည်။

ဂူထင်းနန် အရောက်စောနေ၍ တုကုဖုံးမှာ အံ့ဩထိတ်လန့်နေပုံရသည်။

ယခုအချိန်တွင် လုံလောက်သော ကိုယ်ခံအား ရှိမည်ဆိုပါက ရှေ့သို့ပြေးကာ တုကုဖုံးအား ဓားနှင့်ခုတ်ပိုင်းလိုက်နိုင်မည် ဖြစ်ကြောင်း ဂူထင်းနန် ရိပ်စားမိလိုက်သည်။

ထိုအခါ...

တုကုဖုံးသည် လုံးဝ ခုခံကာကွယ်နိုင်လိမ့်မည် မဟုတ်ပေချေ။

သူသည် ဂူထင်းနန်၏ဓားချက်အောက်တွင် ဇီဝိန်ကြွေသွားမည် ဖြစ်သည်။



သို့သော်...

ဂူထင်းနန်တွင် လုံလောက်သော ကိုယ်ခံအား ရှိမည် မဟုတ်ဟု တုကုဖုံး တွက်ဆထားလေသည်။

လက်တွေ့တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်လေတော့သည်။

ဂူထင်းနန်သည် ရှေ့သို့ တိုးမည် အပြုတွင် ကြီးမားသော လေ၏အရှိန်ဟပ်မိခြင်း ခံရသဖြင့် နောက်သို့ လည်ထွက်သွားလေသည်။

ပြင်းထန်သော လေရှိန်သည် ဂူထင်းနန်အား ရှေ့မတိုးနိုင်အောင် ကာရံထားသကဲ့သို့ ဖြစ်နေသည်။

ဂူထင်းနန်မှာ သိုင်းပညာစွမ်းရည် ပြည့်ဝသူဖြစ်၍ ကံအဟွန့်ကောင်းသည်ဟု ဆိုရပေမည်။

သူသည် လေပြင်းကြောင့် လည်ထွက်သွားကာ မြေပေါ်တွင် လဲကျသွားပြီး အဝေးသို့ လိမ့်ထွက်သွားလေသည်။

သူသည် မြေပြင်ပေါ်မှ လူးလဲ၍ အမြန်ထလိုက်လေသည်။

ထိုအခါ...

စောစောက ဖြစ်ပေါ်ခဲ့သော လေရှိန်မှာ လုံးဝရပ်တန့်သွားသည်ကို သတိပြုမိသည်။

ကောင်းကင်ယံသည်လည်း စောစောကကဲ့သို့ အုံ့မှိုင်းမနေတော့ဘဲ ကြည်လင်တောက်ပလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးသည် ကျောက်တုံးပေါ်မှ ထရပ်လိုက်ပြီ ဖြစ်လေသည်။

ထို့အပြင်…

သူ့အား ကြည့်ရသည်မှာ စောစောကနှင့် မတူဘဲ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည်။

သူ၏အတွင်းအား လေ့ကျင့်မှု ပြီးဆုံးသွားပြီ ဖြစ်လေသည်။

တုကုဖုံးသည် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ဝူထင်းနန်အား ပြုံးပြလိုက်သည်။

"ဝူထင်းနန်၊ မင်းတော်တော် လန့်သွားသလား၊ နေ့ခင်းတည့်ချိန်နဲ့ ညသန်းခေါင်ယံအချိန် ရောက်တိုင်း သည်လိုပဲ လေပြင်းတွေ တိုက်ခတ်တယ်၊ နှင်းတောင်မှာ တိုက်တဲ့လေတွေ အားလုံး သည်နေရာမှာ လာစုသလို ဖြစ်နေတယ်၊ ဒါပေမယ့် သိုင်းပညာကျင့်တဲ့ လူအတွက်တော့ အင်မတန် အကျိုးရှိတယ်၊ သည်အချိန် လွန်သွားရင်တော့ နောက်နေ့ကို စောင့်ရတယ်၊ ဒါကြောင့်လဲ မိတ်ဆွေကို အချိန်မီ ဧည့်ဝတ်မပြုနိုင်တာပါ"

ဝူထင်းနန်သည် တုကုဖုံးနှင့် မျက်နှာချင်းဆိုင် ကြည့်လိုက်သည်။

တုကုဖုံး၏မျက်လုံးအစုံသည် အမြဲကြည်လင်တောက်ပ မနေပါချေ။

မကြာမီမှာပင်…



သူ၏မျက်လုံးအစုံသည် ရီဝေမှုန်မှိုင်းသွားလေသည်။

တစ်နည်းဆိုရသော်…

သူ၏မျက်လုံးအစုံသည် ကြည်လင်တောက်ပရင်း မှေးမှိန်သွားသည်။

ထို့အတူ…

မှေးမှိန်နေရာမှ အလိုလိုပင် ချက်ချင်းပြန်လည် ကြည်လင်လာပြန်သည်။

ယင်းအချက်မှာ သိုင်းပညာကို အဆင့်အမြင့်မားဆုံးအထိ တတ်မြောက်ထားသော လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။

ဝူထင်းနန်သည် တုကုဖုံး၏သိုင်းပညာအဆင့်အား ရိပ်စားမိလိုက်သည်။

ထို့ကြောင့်…

သူသည် တုကုဖုံးအား ပေါ့ပေါ့ဆဆ သဘောမထားဝံ့တော့ချေ။

တုကုဖုံးသည် ကျောက်တုံးပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။

ပြီးလျှင် ဝူထင်းနန်ထံသို့ တစ်လှမ်းချင်း အေးဆေးစွာ လျှောက်လာလေသည်။

သူသည် ဝူထင်းနန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ ခေါင်းတစ်ချက်ဆတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

သူသည် ခပ်အေးအေးလေသံဖြင့်...

"တိတ်လုံက မင်းအကြောင်းကို ပြောပြတုန်းကတော့ သိုင်း လောကမှာ လူရှယ် ဖြစ်ပြီး ထိပ်တန်းအဆင့်မြင့် သိုင်းပညာတူ တဲ့ သိုင်းသမားများ ရှိမှရှိရဲ့လားလို့ ထင်ခဲ့မိတယ်၊ နောက်ပြီး တိ လုံက တမင်အပိုစကားတွေ ပြောနေသလားလို့တောင် ထင်ခဲ့သေး တယ်၊ အခု လူချင်းတွေ့တော့မှ သူပြောတဲ့အတိုင်း ဖြစ်နေမှန်း သိ ရတော့တယ်"

တုကုဖုံးသည် ပြောရင်းဆိုရင်း သူ၏လက်ထဲမှ ဓားရှည် ခါးတွင် ချိတ်ထားသော ဓားအိမ်ထဲသို့ ထိုးသွင်းလိုက်လေသည်။

သူသည် မြင်းနှင်တံကိုလည်း အကျီအိတ်ထဲသို့ ထိုးထည့် လိုက်သည်။

ထို့နောက်...

သူသည် တစ်ချက်ပြုံးလိုက်ကာ စကားဆက်လိုက်ပြေ သည်။

"ရှုထင်းနန်၊ မင်း ဘာဖြစ်လို့ ငါ့ကို မယုံသင်္ကာသလို ကြည့် နေရတာလဲ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ငါ မင်းရဲ့သတ္တိ တကယ်ပဲ ချီးကျူးပါတယ်"

ဟု ပြော၏။

ရှုထင်းနန် မဲ့ပြုံးပြုံးလိုက်သည်။



ထို့နောက်...

တုကုဖုံးအား စိုက်ကြည့်လိုက်ကာ အေးစက်ခက်ထန်သော လေသံဖြင့်...

"ကျုပ်က ခင်ဗျားရဲ့ နှင်းဖြူစံအိမ်ကို လာဝံ့တဲ့အတွက် ခင်ဗျားတော်တော့်ကို အံ့ဩသွားတယ်ဆိုပါတော့"

ဟု မေးလိုက်၏။

တုကုဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းက ကျင်းဖုံးတို့သုံးယောက်ကို သတ်ပစ် နိုင်ပေမယ့် ငါ့ကိုတော့ ခြေဖျားတောင်မှီမှာ မဟုတ်ပါဘူး"

တုကုဖုံးက တင်းမာခက်ထန်စွာ ရှုထင်းနန်အား ပြောလိုက် သည်။

ထိုအခါ...

ရှုထင်းနန်သည် ဒေါသထွက်လွန်း၍ အသားများ တဆတ် ဆတ်တုန်လာသည်။

သူသည် တုကုဖုံးအား တိုက်ခိုက်ယှဉ်ပြိုင်ရန် ချက်ချင်းပင် သက်ခြေဓားအား လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။

တုကုဖုံးသည် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ထို့နောက်...

သူသည် တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ရှုထင်း နန်၏လက်ထဲမှ ဓားအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်...

"ဒါ မင်းအဖေ ဝူလျောင်ရဲ့ သက်ခြွေဓားပဲ"

ဟု ပြောလိုက်လေသည်။

ဝူထင်းနန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်ဓားက ကျုပ်အဖေရဲ့ သက်ခြွေဓား ကျုပ်အဖေရဲ့ အမွေနဲ့ ခင်ဗျားဆီက ကျုပ်အဖေအတွက် သွေးကြွေး ပြန်တောင်းရလိမ့်မယ်"

ဟု ပြောလိုက်သည်။

တုကုဖုံးသည် ဝူထင်းနန်အား စူးရှစွာ စေ့စေ့ကြည့်လိုက်ပြီ

"သည်နှစ်အတွင်း မင်းတော်တော်ကြိုးစားတယ်၊ တိုးတက် မှုလဲ အများကြီး ရှိလာတယ်လို့ ငါသတင်းကြားထားတယ်၊ ဒါပေ မယ့်..."

တုကုဖုံး၏စကားသံ မဆုံးသေးမီမှာပင် ဝူထင်းနန်က ခပ် ဆတ်ဆတ် မေးလိုက်လေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

တုကုဖုံးက အေးတိအေးစက် လေသံဖြင့်...

"ဒါပေမယ် ကိုယ့်ကိုကိုယ် အထင်ကြီးပြီး သည်ပညာနဲ့ ငါ့ ကို အန်တုမယ်ဆိုရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်သွားမှာပေါ့"

ထိုစကားကြောင့် ဝူထင်းနန်သည် ဒေါသချောင်းချောင်း ထွက်သွားလေသည်။



သူသည် လက်ထဲမှ ဓားကို တစ်ချက်ဆလိုက်ပြီး...

"သည်မှာ တုကုဖုံး၊ ခင်ဗျားစကားပြောနေမယ့်အစား ဓား ကို ထုတ်လိုက်ပါ"

ဟု ပြတ်သားစွာ ပြောလိုက်၏။

တုကုဖုံးသည် ဝူထင်းနန်၏စကားကြောင့် တစ်ချက်တွေဝေ သွားသည်။

သူ၏မျက်လုံးအစုံသည် ရီဝေမှုန်မှိုင်းသွားလေတော့သည်။

ထို့နောက်...

သူသည် ဝူထင်းနန်အား အတန်ကြာ ငေးစိုက်ကြည့်လိုက် ရင်း...

"တုကုဖုံးဆိုတဲ့နာမည် ငါတောင် မေ့နေပြီ၊ မင်းက ငါ့ရဲ့ အကြောင်းကို တော်တော်သိထားပုံရတယ်၊ ဒါပေမယ့် မင်းက ဘာဖြစ်လို့ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ချင်ရတာလဲ"

တုကုဖုံးသည် တစ်ဖက်လူက သူ၏နောက်ကြောင်းကို သေ သေချာချာ သိရှိနေမှုန်း ရိပ်စားမိလိုက်သည်။

ထို့ကြောင့်...

သူက ဝူထင်းနန်အား ပို၍ သေချာအောင် မေးလိုက်ခြင်း ပင် ဖြစ်ပေသည်။

တုကုဖုံး၏စေ့စပ်သေချာမှုအား ဝူထင်းနန် ကျိတ်၍ ချီးကျူး နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မဲ့ပြုံးပြုံးလိုက်ပြီး…

"ကျုပ် ဘာကြောင့် သည်လိုလုပ်ရတယ်ဆိုတာ သိချင်ရင် ခင်ဗျားကိုယ့်ကိုကိုယ် ပြန်မေးပါလား"

ဟု ပြောလိုက်၏။

ထိုအခါ…

တုကုဖုံးက ဟက်ခနဲ ရယ်မောလိုက်သည်။

"ဒါဆိုရင် မင်းက ကျုပ်ကို ဘာဖြစ်လို့ ရှာနေတာလဲ၊ ဘာအကြောင်း ရှိလို့လဲ"

ဝူထင်းနန်သည် နာကြည်းကြေကွဲသော လေသံဖြင့်…

"ကျုပ်မိသားစုထဲက အသက်ငါးချောင်းအတွက် လာတာ"

ဟု ချက်ချင်းပြန်ဖြေလိုက်သည်။

တုကုဖုံးက မျက်မှောင်ကြုတ်လိုက်ပြီး…

"အသက်ငါးချောင်း ဟုတ်လား"

ဟု ပြန်မေးလိုက်သည်။

ဝူထင်းနန် ခေါင်းညိတ်လိုက်သည်။

◆ ◆ ◆



## ရေးဟောင်းနှောင်းဖြစ်

ဝူထင်းနန်၏မျက်နှာ တည်ကြည်လေးနက်နေ၏။

သူ၏စူးရှတောက်ပသော မျက်လုံးများက တုကုဖုံးအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

သူက လူငါးယောက်၏ အသက်ငါးချောင်းကို ရယူမည့်အကြောင်း ပြောလိုက်ပြီ ဖြစ်လေသည်။

တုကုဖုံး အံ့ညြသွားပြီး…

"မင်းက လူသတ်တဲ့ အလုပ်ကို ပေါ့ပေါ့တန်တန် ပြောနေပါသား"

ဝူထင်းနန်က…

"သူတို့ဟာ ဆယ်ခါပြန်တောင် သေသင့်သေထိုက်တဲ့ လူတွေ ဖြစ်နေတာပဲဗျာ"

www.burmeseclassic.com



တုကုဖုံးက…

"မင်းကို ကြည့်ရတာ ကျုပ်ကို ရည်ရွယ်ပြီး ပြောနေသလို ပါပဲလား"

"ဟား…ဟား…ဟား၊ သိပ်မှန်တာပေါ့ဗျာ"

ဝူထင်းနန်က ရယ်မောလိုက်လေသည်။

တုကုဖုံး မကျေမနပ် ဖြစ်သွား၏။

"မင်း စော်ကားလှချည်လား"

ဝူထင်းနန်က…

"ကျုပ်က တစ်ချိန်က မကောင်းသတင်းကျော်ကြားခဲ့တဲ့ နဂါးငါးဖော်ဆိုတဲ့ လူဆိုးငါးယောက်နဲ့ ပတ်သက်ပြီး ပြောနေတယ် ဆိုတာ ခင်ဗျားနားလည်ပါတယ်ဗျာ"

"ဘာ နဂါးငါးဖော် ဟုတ်လား"

"မှန်ပါတယ်၊ အင်မတန် ဆိုးသွမ်းရက်စက်ပြီး သစ္စာမရှိတဲ့ လူယုတ်မာတွေပေါ့ဗျာ"

ဝူထင်းနန်၏လေသံက အလွန်ပင် ခံပြင်းဒေါသထွက်နေကြောင်း ထင်ရှားနေပါတော့သည်။

တုကုဖုံး၏ခန္ဓာကိုယ် မသိမသာ တုန်ခါသွား၏။

မျက်နှာပျက်မသွားရလေအောင် သတိဖြင့် ထိန်းထားလိုက်လေသည်။

ဝူထင်းနန်က…



"နဂါးငါးဖော်ကို လူတစ်ယောက်က ဖမ်းဆီးပြီး မရဏ အကျဉ်းထောင်ကို ပို့ခဲ့တယ်၊ အမှန်ဆိုရင် သူတို့ အဲသည် အကျဉ်းထောင်ထဲမှာပဲ ဘဝအဆုံးသတ်ရမှာ"

တုကုဖုံးက…

"ဆက်ပြောပါ"

ဝူထင်းနန်က…

"တစ်နေ့မှာ နဂါးငါးဖော် ကံကောင်းဖို့ ကိစ္စတစ်ခု ဖြစ်ပေါ်လာတယ်"

"ပြောပါဦး"

"သိုင်းလောကမှာ ဓားပြကြီးတစ်ယောက် သောင်းကျန်းလာတယ်၊ မြွေပွေးကျောင်းစိန်ဆိုတာပဲ၊ သူဟာ သိုင်းပညာတော်သလို နောက်လိုက်အင်အားတောင့်တင်းလို့ အမှုထမ်းတွေက ဆုံးမဖို့ မတတ်နိုင်အောင် ဖြစ်ခဲ့တယ်"

တုကုဖုံးက လှောင်ပြောင်သံမျိုးဖြင့်…

"မြွေပွေးကျောင်းစိန်က သူရဲကောင်း ဖြစ်နေတာပေါ့"

ဝူထင်းနန်က…

"လူမိုက်ထိပ်သီးပါဗျာ၊ ဓားပြတိုက်တယ်၊ လူသတ်တယ်၊ မိန်းကလေးတွေကို ဖျက်ဆီးတယ်၊ သူ့ကို မင်းမှုထမ်းတွေကတောင် နှိမ်နင်းနိုင်အောင် ဖြစ်လာခဲ့တော့ နန်းတွင်းက မရဏအကျဉ်းထောင်မှူးဝူလျောင်ကို တာဝန်ပေးလိုက်တာပဲ"

www.burmeseclassic.com



တုကုဖုံးက…

“မင်း ဘာတွေ လျှောက်ပြောနေတယ်ဆိုတာ ကျုပ်နား

မလည်နိုင်တော့ဘူး”

ဂူထင်းနန်က…

“ခင်ဗျားက နားလည်ပါလျက် နားမလည်ချင်ဟန်ဆော

နေတာကို။ ထောင်မှူးဂူလျောင်ဟာ သေမိန့်ချခံနေရတဲ့ နဂါးငါးဖော

ကို စည်းရုံးသိမ်းသွင်းခဲ့တယ်၊ မြွေပွေးကျောင်းစိန်ကို ဆုံးမဖို့ပေ

တုကုဖုံးက ဘာမျှမပြောဘဲ နေလိုက်သည်။

ဂူထင်းနန်က…

“နဂါးငါးဖော်ဟာ မြွေပွေးကျောင်းစိန်နဲ့ မဟာရန်ဘက်

ပဲ၊ သူတို့ကလဲ သေဒဏ်စီရင်ခံရမယ့်အတူတူ မြွေပွေးကျောင်းစိန်

သူသေကိုယ်သေ တိုက်မယ်လို့ သဘောတူကြတယ်၊ တကယ်လို့ မြွေ

ပွေးကျောင်းစိန်ကို ဆုံးမနိုင်ခဲ့ရင် သေဒဏ်အပြစ်ဒဏ်ကို လျှော့

ပေးဖို့ ဘုရင်မင်းမြတ်ဆီမှာ အသနားခံပေးဖို့ ဂူလျောင်က တာဝန်

ခဲ့တယ်၊ နဂါးငါးဖော်ဟာ သူတို့ အပြစ်ကြောင့် အပြစ်ဒဏ်ခံရဦး

ဖြစ်ပေမယ့် အသက်ချမ်းသာရာရနိုင်ခွင့် ရှိတာပေါ့”

တုကုဖုံးက…

“မင်း သည်လောက်တောင် ပြောချင်နေမှတော့ ဆက်ပြော

ပါဦးလေ”

ဂူထင်းနန်က…



“အမှန်တော့ နဂါးငါးဖော်ဟာ သူတို့နဲ့ ရန်ငြိုးရန်စ ရှိတဲ့

မြွေပွေးကျောင်းစိန်ကို ဆုံးမချင်ခဲ့တာ ကြာပါပြီ၊ အခွင့်အရေး မရတဲ့

ပြင် သူတို့ဘက်က မသေချာလို့ ထိပ်တိုက်ရင်မဆိုင်နေခဲ့ကြတာ၊

လျောင်နဲ့ လက်တွဲရမယ်ဆိုတော့ သူတို့အတွက် အခွင့်ကောင်းပေါ့၊

ည်လိုနဲ့ သဘောတူ လက်တွဲပြီး နဂါးငါးဖော်ဟာ ဂူလျောင် ဦး

ဆောင်တဲ့ အမှုထမ်းတွေနဲ့ ပေါင်းပြီး မြွေပွေးကျောင်းစိန်ကို ချေမှုန်းခဲ့

ကြတယ်လေ၊ သူတို့ အောင်မြင်ခဲ့ကြတယ်ဆိုရမှာပေါ့၊ မြွေပွေး

ကျောင်းစိန်ရဲ့ ဓားပြဂိုဏ်း စိစိညက်ညက် ချေမှုန်းခံလိုက်ရတယ်၊

ကျောင်းစိန်လဲ ဒဏ်ရာရပြီး ထွက်ပြေးသွားခဲ့တယ်”

တုကုဖုံး ပြုံးလိုက်သည်။

“ကျောင်းစိန် ကံကောင်းပြီး လွတ်မြောက်သွားခဲ့တာပေါ့

လေ”

ဂူထင်းနန်က…

“နဂါးငါးဖော်က ပိုပြီး ကံကောင်းသွားတာ သူတို့က

ကျောင်းစိန်ကို တိုက်ခိုက်ပြီးတာနဲ့ ဂူလျောင်ကို သစ္စာဖောက်လိုက်

ကြတယ်၊ ရောက်တဲ့နေရာမှ လူသတ်လုယက် ဓားပြတိုက်တယ်၊

ကောင်းတာ အကုန်လုပ်ပြီး ထွက်ပြေး လွတ်မြောက်သွားခဲ့ကြ

တာ”

တုကုဖုံးက…

“နဂါးငါးဖော်က လူညံ့လူဖျင်း လူနုံလူအတွေမှ မဟုတ်တာ၊

www.burmeseclassic.com

ကျောင်းစိန်ကို ဆုံးမပြီး မရဏအကျဉ်းထောင်ထဲကို ဘယ်ပြန်သွားပါ့မလဲ”

ဝူထင်းနန်က...

“သူတို့ သစ္စာဖျက်ပြီး ရှောင်ထွက်သွားကြတယ်၊ ဒါကို ဝူလျှောင်က လွှတ်ပေးလိုက်တာ၊ ဝူလျှောင်ဟာ နဂါးငါးဖော်နဲ့ တကိုယ်ထဲ တညာဏ်ထဲဆိုပြီး နန်းတွင်းက ဝူလျှောင်ကို အမျက်မာန်ရှုခဲ့တော့ ဝူလျှောင် ဖြေရှင်းဖို့ ကြိုးစားခဲ့ပေမယ့် မရတော့ဘူး၊ တစ်မိသားစုလုံး မင်းပြစ်မင်းဒဏ်သင့်ပြီး ကွပ်မျက်ခံခဲ့ရတယ်”

တုကုဖုံးက...

“ဝူလျှောင်က လည်မလိုလိုနဲ့ အ,တာကိုး ခံပေါ့”

ဝူထင်းနန်က...

“ဒါပေမယ့် ဝူလျှောင်ဟာ မသေခင်မှာ နဂါးငါးဖော်ကို ဆုံးမနိုင်ရပါစေလို့ ဆုတောင်းခဲ့တယ်”

တုကုဖုံးက...

“မင်းက ဒဏ္ဍာရီတစ်ပုဒ်ကို ပြောပြနေသလိုပါပဲလား”

ဝူထင်းနန်က...

“ဝူလျှောင် သေသွားပေမယ့် သူ့ရဲ့ဗိညာဉ်က နဂါးငါးဖော်ကို ဆုံးမသွားပါလိမ့်မယ်”

တုကုဖုံး ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်က သရဲတစ္ဆေ၊ နာနာဘာဝတွေ ဗိညာဉ်တွေဆိုတာတွေကို အယုံအကြည်မရှိဘူး”



ဝူထင်းနန်က...

“ခင်ဗျား မယုံလို့မရတော့ဘူး၊ ခင်ဗျားရဲ့မိတ်ဆွေလေးယောက်က သက်သေခံနေပြီလေ”

“မင်း”

“ခင်ဗျားတစ်ယောက်ပဲ အသက်ရှင် ကျန်ပါတော့တယ်ဗျာ”

“ဟား..ဟား...ဟား”

တုကုဖုံး ခံပြင်းစွာ ရယ်မောလိုက်လေသည်။

“မင်းက ဝူလျှောင်ရဲ့ကိုယ်ပွားဗိညာဉ်ပေါ့လေ၊ မင်းဟာ ကံကောင်းထောက်မပြီး အသက်ဘေးက လွတ်မြောက်သွားတဲ့ ဝူလျှောင်ရဲ့သား ဝူထင်းနန်ဆိုတာ ငါသိထားပြီးပါပြီ”

ဝူထင်းနန်က...

“ခင်ဗျားသိနေတာကို၊ အတော်ဟန်ဆောင်ကောင်းပါလား ဗျာ”

တုကုဖုံးက...

“မင်း သည်နေရာကိုလာခဲ့တာကိုက မှားယွင်းနေတယ်၊ တကယ်ဆို ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပြီး ဘဝသစ်တစ်ခု ထူထောင်ရမှာ”

ဝူထင်းနန်က...

“ကျုပ်အဖေနဲ့ မိသားစုအတွက် ကျုပ်ဘယ်တော့မှ ခေါင်းငုံ့

www.burmeseclassic.com



ခံနေမှာ မဟုတ်ဘူးဗျ"

တုကုဖိုးက...

"အင်း..မင်းအဖေက ငါတို့ကို အသုံးချခဲ့တာလား၊ ငါတို့က မင်းအဖေကို အသုံးချခဲ့တာလားဆိုတာကော မင်းတွေးမိရဲ့လား"

"ဘာဗျ"

"ငါတို့ဟာ လူဆိုးတွေပါ၊ ငါတို့ရဲ့ ဆိုးသွမ်းမိုက်မဲမှုကြောင့် သေဒဏ်စီရင်ခံထားရပြီ၊ ငါတို့ဟာ အကျဉ်းထောင်ထဲနေရင်း ကြိုး ပေးကွပ်မျက်ခံရမယ့် အချိန်ကို စောင့်မျှော်နေခဲ့ကြရတာလေ"

ဂူထင်းနန် မျက်မှောင်ကုပ်သွားလေသည်။

တုကုဖိုး စကားဆက်လိုက်သည်။

"သည်အချိန်မှာ မင်းအဖေက မြွေပွေးကျောင်းစိန်ကို ဆုံးမဖို့ ငါတို့ကို လိုအပ်လာတယ်လေ၊ မြွေပွေးကျောင်းစိန်ဟာ ရင်ဆိုင်ဖို့ခက်တယ်၊ ငါတို့နဲ့လဲ ရန်ငြိုးရှိတယ်ဆိုတာ သိထားတော့ မင်းအဖေက ငါတို့ကို အသုံးချဖို့ ကြိုးစားခဲ့တာပေါ့"

သူက ပမာမခန့် ရယ်မောလိုက်ပြီး...

"ငါတို့ဟာ သေဒဏ်စီရင်ခံထားရပြီးတဲ့ လူတွေ ဖြစ်နေတော့ မြွေပွေးကျောင်းစိန်နဲ့ ရင်ဆိုင်ရင်း သေဆုံးသွားကြမယ်ဆိုရင်လဲ ဘာမှ ဆုံးရှုံးနစ်နာစရာ မရှိဘူးလို့ အပိုင်တွက်ထားတာပေါ့၊ ကဲ..ပြောစမ်း ပါဦး၊ အကျဉ်းထောင်ထဲမှာ အေးအေးဆေးဆေး သေရမယ့် ဘဝက နေပြီး သူသေကိုယ်သေ တိုက်ခိုက်ပြီး သေပွဲဝင်ရမယ့် ဘဝမျိုး



ရောက်အောင် မင်းအဖေ စီစဉ်ခဲ့တာလေ"

ဂူထင်းနန်က ဘာမျှမပြောဘဲ စိုက်ကြည့်နေ၏။

တုကုဖိုးက...

"ဒါပေမယ့် ငါတို့ကလဲ ကျောက်ရုပ်လို ငြိမ်နေပြီး အသေခံ ချင်တဲ့ လူတွေ မဟုတ်ဘူးဆိုတော့ မင်းအဖေရဲ့ အစီအစဉ်ကို လက်ခံ လိုက်တယ်၊ ငါတို့ရဲ့ ပြိုင်ဘက်ရန်သူတော်ကြီးကို တိုက်ခိုက်ပြီး သေပွဲ ဝင်ကြမယ်၊ တိုက်ပွဲမှာ သေဆုံးရတာက ငါတို့အတွက် ပိုပြီး အဓိပ္ပါယ် ရှိတာပေါ့ မဟုတ်ဘူးလား"

ဂူထင်းနန်က...

"ခင်ဗျားတို့ သည်လို အခွင့်အရေးရတာကိုပဲ ကျုပ်အဖေကို ကျေးဇူးတင်ရဦးမှာ မဟုတ်လားဗျာ"

တုကုဖိုးက...

"ထားပါတော့လေ၊ သူက မြွေပွေးကျောင်းစိန်ကို ဆုံးမ နိုင်ရင် ကျုပ်တို့ရဲ့ ပြစ်ဒဏ်တွေ လျော့ပေါ့သွားအောင် ဆုလာဘ်တွေ ချီးမြှင့်ခံရအောင် တာဝန်ယူပြောဆိုပေးမယ်လို့လဲ မက်လုံးပေးခဲ့သေး တာ၊ ဟင်း..ဟင်း ငါတို့ဟာ ရာဇဝင်လူဆိုးကြီးတွေပါကွာ၊ သူငယ်နှပ် စားလေးတွေ မဟုတ်ပါဘူး"

ဂူထင်းနန်က...

"နောက်ဆုံးတော့ ကျုပ်အဖေကို ပြန်ပြီး သစ္စာဖောက်ခဲ့ကြ တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံး လက်ကာပြလိုက်သည်။

"သစ္စာဖောက်တယ်ဆိုတဲ့ စကားကို မသုံးစမ်းပါနဲ့ကွာ ငါတို့လို လူဆိုးဓားပြတွေမှာ သစ္စာတရားဆိုတာ ဘယ်မှာရှိမှာလဲ ငါတို့ကို အသုံးချဖို့ ကြိုးစားတာက မင်းအဖေရဲ့အမှားပဲ၊ သူ့ရဲ့ မို ယွင်းချက်ကို မင်း သတိပြုမိသင့်တာပေါ့"

ဂူထင်းနန် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေတော့ သည်။

တုကုဖုံးက…

"ကျုပ်တို့ကတော့ လူဆိုးလူမိုက်တွေရဲ့ ထုံးစံအတိုင်း အခွင့် အရေးရတာနဲ့ ကိုယ်ကျိုးရှာဖို့ ကြိုးစားမှာပဲလေ၊ ကျုပ်တို့အားလုံး က်ကောင်းခဲ့တာ တက်ညီလက်ညီ တိုက်ခိုက်ခဲ့လို့ မြေပွေးကျောင်းမိ တို့ အရှုံးကြီးရှုံးသွားတယ်လေ၊ ကျောင်းစိန်ကို အနိုင်ရလိုက်ချိန်မှာ ကျုပ်တို့ငါးယောက် မင်းအဖေကို သဘောကျမိကြသေးတယ် ထောင်မှူးဘ၀ ကို စွန့်လွှတ်ပြီး ကျုပ်တို့နဲ့ လက်တွဲဖို့ ဖိတ်ခေါ်ခဲ့ သေးတယ်၊ သူက လက်မခံတဲ့အပြင် ကျုပ်တို့ကို ထောင်ထဲပြန်ပို့ဖို့ ကြိုးစားတော့ ကျုပ်တို့လဲ လွတ်မြောက်အောင် ကြိုးစားတာပေါ့ ကျုပ်တို့ထွက်ပြေးတော့ လက်ထဲမှာ ငွေတစ်ပြားမှ မရှိဘူး၊ သည်အ တိုင်း စားရမဲ့သောက်ရမဲ့ နေရမလား၊ ဟင်း..ဟင်း၊ ကျုပ်တို့က လူဆိုးဆိုတော့ လူဆိုးအလုပ်ပဲ လုပ်တတ်ကြတယ်လေ၊ ငွေတိုက် တွေကို ဝင်ပြီး လုယက်ကြတာပေါ့"



ဂူထင်းနန် ငိုင်သွားလေသည်။

တုကုဖုံးတို့ဘက်မှ ကြည့်လျှင်လည်း လူဆိုးကြီးများ ဖြစ်ရ ကား သူတို့၏ခံယူချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းမျိုး ဖြစ် နေ၍ ထူးထူးခြားခြား ပြောစရာရှိမည် မဟုတ်သည်ကို တွေ့ရလေ သည်။

တုကုဖုံးက…

"ဒါပေမယ့် ငါတို့ဟာ အဲသည် အချိန်ကစပြီး သိုင်းလောက ထဲက ထွက်ခဲ့တယ်၊ လူစုခွဲပြီး အေးအေးချမ်းချမ်း နေလိုက်ကြတော့ တယ်၊ အကျဉ်းထောင်ထဲမှာ အကျဉ်းချခံရပြီး နေ့စဉ်နဲ့အမျှ သောက ရောက်ခဲ့တဲ့ အဖြစ်ဆိုးကို မခံစားနိုင်တော့လို့ ဓာတ်မြှုပ်နေလိုက်ဖို့ အားလုံးဆုံးဖြတ်လိုက်ကြတာပဲ"

သူ၏စကားမှာ တစ်ချိန်က အမှားများအတွက် နောင်တရ နေပြီဆိုသည့်သဘော ဖြစ်လေသည်။

ဂူထင်းနန် ဘာပြောရမှန်းမသိ ဖြစ်နေသော်လည်း တုကုဖုံး က ပြောစရာ ရှိသည်များကို ဆက်ပြောနေ၏။

"တခြားလူတွေက သူတို့နဲ့ အဆင်ပြေမယ့် နေရာကို အသီး သီး ထွက်သွားကြတယ်၊ ငါကတော့ သည်နေရာကို သဘောကျမိ တယ်၊ သည်မှာ လာနေပြီးမှ ပိုင်ရှင်ရှိတယ်ဆိုတာ သိခဲ့ရတာ၊ ကဲ ဟိုရှေ့ကို ကြည့်လိုက်စမ်း၊ အဲဒါ ပိုင်ရှင်မောင်နှမ်မရဲ့ ပိုင်နက်ပဲ၊ သူတို့ရဲ့ သိုင်းပညာ အံ့မခန်းတော်တာယ်၊ သူတို့ကို နှောင့်ယှက်တာကို

www.burmeseclassic.com

မကြိုက်ဘူး။ သူတို့ကို ခွင့်တောင်းရင် သည်နေရာမှာ နေခွင့်ရတယ်။ ကဲ..မင်းက သူတို့ပိုင်နက်ထဲ ရောက်အောင်သွားပါ။ မင်းအသက်ချမ်းသာရာရလိမ့်မယ်"

တုကုဖုံးက အရှေ့ဘက်သို့ ညွှန်ပြကာ ပြောလိုက်ခြင်းလေသည်။

ဂူထင်းနန့်က...

"ကျုပ်က ခင်ဗျားကို ဆုံးမပြီးရင် သည်နေရာက ထွက်သွားမှာပဲ၊ သူတို့ဆီကို သွားပြီး အကူအညီတောင်းစရာ မလိုပါဘူး"

တုကုဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ကျုပ်ကို အနိုင်ရမယ်လို့ ကျိန်းသေတွက်ဆထားတာကိုး"

"သေချာပါတယ်ဗျာ"

တုကုဖုံးက...

"ကျုပ်အသက်ကြီးပြီ၊ အရင်လို ဆိုးမိုက်ချင်တဲ့ စိတ်တွေ အတော့်ကို ကုန်ခမ်းသွားပါပြီ၊ ကျုပ် လူမသတ်ချင်တော့ဘူး၊ မင်း အေးအေးဆေးဆေး ထွက်သွားတာ အကောင်းဆုံးပဲ"

"ခြိမ်း"

ဂူထင်းနန့်က ဓားဆွဲထုတ်လိုက်သည်။

"စိတ်ချ၊ ခင်ဗျားကို ဆုံးမပြီး ကျုပ်ထွက်သွားမယ်ဗျ"

တုကုဖုံးက...



"ကျုပ်ကို နှောင့်ယှက်လာရင်တော့ သည်းခံမှာ မဟုတ်ဘူးနော်"

"စိတ်ချ၊ ခင်ဗျားလက်ချက်နဲ့ ကျုပ်သေရမယ်ဆိုရင်လဲ မျက်တောင်တစ်ချက်ခတ်မှာ မဟုတ်ဘူး"

"မဆိုးဘူး၊ မင်းသတ္တိကို သဘောကျသွားပြီ၊ ကဲ..ကျုပ်ကို တိုက်ခိုက်ပေတော့"

"ခင်ဗျား သတိထားပါ"

ဂူထင်းနန့်က သတိပေးရင်း ဓားဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

ပြင်းထန်သောတိုက်ပွဲမှာ ရုတ်ခြည်း ဖြစ်ပေါ်လာလေသည်။

ဂူထင်းနန့်က အံတင်းတင်းကြိတ်ကာ အားကုန်ထုတ်၍ တိုက်ခိုက်လိုက်၏။

သူက ဂူယောင်၏သား ဖြစ်သည်။

မတရားသဖြင့် သေဆုံးသွားခဲ့ရသော ဂူယောင်နှင့် မိသားစုအတွက် သွေးကြွေးဆပ်ရပေမည်။

ဂူထင်းနန့်သည် နဂါးငါးဖော်မှ လေးယောက်အား သုတ်သင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပစ်နိုင်ခဲ့ပြီ ဖြစ်သည်။

တကုဖုံး တစ်ယောက်ထဲသာ ကျန်တော့သည်။

တကုဖုံးအား သုတ်သင်နိုင်ပြီဆိုလျှင် သွေးကြွေးဆပ်သည့်ကိစ္စ ပြီးဆုံးသွားချေမည်။

တာဝန်ကြီးတစ်ခု ပြီးဆုံးသွားလိမ့်မည် ဖြစ်လေသည်။

နဂါးငါးဖော်ထဲမှ လေးယောက်အား သူက ဤနေရာသို့ တမင်ချိန်းဆိုပြီး တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

နဂါးငါးဖော်၌ ပါဝင်ခဲ့ကြသူများသည် ယခုအချိန်၌ အေးချမ်းစွာ နေထိုင်နေကြပြီ ဖြစ်ရကား သူတို့၏နောက်ကြောင်း ပေါ်ပေါက်သွားမည်ကို အလွန်စိုးရိမ်ပူပန်ကြသည်။

သူတို့အကြောင်း မပေါ်ပေါက်ရလေအောင် ဂူထင်းနန် ချိန်းဆိုရာသို့ လာခဲ့ကြပြီး ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

နဂါးငါးဖော်၌ ပါဝင်ကြသူများသည် လူဆိုးဓားပြများ ဖြစ်ကြသော်လည်း သူတို့သည် သိုင်းသမားများသာ ဖြစ်လေသည်။

သိုင်းသမားများ ဖြစ်ကြသည့်အတိုင်း အချိန်ရသည်နှင့် မိမိတို့၏သိုင်းပညာ တိုးတက်အောင် လေ့ကျင့်နေတတ်ကြသူများ ဖြစ်သည်။

နဂါးငါးဖော်၌ ပါဝင်ခဲ့ကြသူများက သိုင်းပညာကို အစဉ်တစိုက် လေ့ကျင့်ခဲ့ကြသည် ဖြစ်ရကား သူတို့၏ပညာ အဆုံးမခန်း တိုးတက်လာခဲ့လေသည်။



သို့ပါလျှက် ဂူထင်းနန်ကဲ့သို့ အတွေ့အကြုံ နုနယ်သော လူငယ်လူရွယ်တစ်ယောက်အား အရေးနိမ့်ခဲ့ကြသည်မှာ ထူးခြားနေသည် ဆိုနိုင်ပါတော့သည်။

ဂူထင်းနန်၏သိုင်းပညာလည်း ထက်မြက်မှု ရှိနေပါသည်။

သို့သော်...

သူ၏အသက်အရွယ်နှင့် ထိုက်သင့်သလောက်သော ပညာသာရှိမည် ဖြစ်သည်။

အတွေ့အကြုံ ရင့်ကျက်လှသော ဝါရင့်သိုင်းသမားကြီးများကို လိုက်မီနိုင်မည်။

ပခုံးချင်း ယှဉ်နိုင်မည် မဟုတ်ပါချေ။

သို့ပါလျှက်...

နဂါးငါးဖော်၌ ပါဝင်ခဲ့သော သိုင်းသမားကြီး လေးယောက်အား အနိုင်ယူနိုင်ခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း။

ဂူထင်းနန်တွင် လျှို့ဝှက်ချက် ရှိနေသည်။

ထိုလျှို့ဝှက်ချက်မှာ သူ့အား ကူညီစောင့်ရှောက်နေသူတစ်ယောက် ရှိနေခြင်း ဖြစ်သည်။

သူ၏ဖခင် ဂူလျောင် ဖြစ်လေသည်။

ဂူလျောင်၏ဝိညာဉ်က ဂူထင်းနန်အား စောင့်ရှောက်ကူညီပေးမနေခြင်း ဖြစ်ပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com



နဂါးလေးဖော်မှ သိုင်းသမားလေးယောက်…

ထိုသိုင်းသမားလေးယောက်နှင့် ယှဉ်ပြိုင်ခဲ့ရချိန်၌ ဂူထင်းနန်သည် သူလေ့ကျင့်ထားတတ်မြောက်ထားသော သိုင်းကွက်များကို အသုံးပြုကာ ယှဉ်ပြိုင်ခဲ့သည်။

သူ၏သိုင်းကွက်များမှာ သိုင်းသမားဆိုးကြီးလေးယောက်အား ပခုံးချင်းယှဉ်နိုင်ဖို့ ဆိုသည်မှာ အမြင့်မားဆုံး မျှော်လင့်ချက်ဖြစ်သည်။

သို့တိုင်…

ဂူထင်းနန်က တိုက်ခိုက်အနိုင်ယူနိုင်ခဲ့သည်။

အဘယ်ကြောင့်ပါနည်း…

သေဆုံးသွားခဲ့ပြီ ဖြစ်သော ဂူလျောင်၏ဝိညာဉ်က ဂူထင်းနန်အား ပူးကပ်ကာ ပါဝင်ကူညီ တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ယခု…

ဂူထင်းနန်က နောက်ဆုံး ကျန်နေသော သိုင်းသမားဆိုးကြီး တကုဖုံးနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေပြီ ဖြစ်လေသည်။

ဂူထင်းနန်မှာ မုန်းတီးစိတ် အာဃာတ တရားကြီးမားသော ဒေါသအငွေ့ပွန်ကြီးသူ ဖြစ်နေသည်။

သူ၏တိုက်ခိုက်မှုမှာလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။



သူက တကုဖုံးအား လဲကျသေဆုံးသွားစေလိုသည်။

တကုဖုံးအား ရက်ရက်စက်စက် သတ်ပစ်လိုသည်။

သူ၏ဖခင်ကြီး သေဆုံးသွားရသကဲ့သို့ တကုဖုံး သေဆုံးသွားစေလိုသည်။

အငြိုးကြီးစွာဖြင့် တရကြမ်း တိုက်ခိုက်နေတော့သည်။

ဂူထင်းနန်၏တိုက်ခိုက်မှုကို ကြည့်ရင်း တကုဖုံးပင် အံ့သြသွားလေသည်။

ဂူထင်းနန်မှာ လူစိတ်ပျောက်ကာ ဘီလူးသရဲစီးနေသူပမာ ရှိနေသည် မဟုတ်ပါလား။

ဂူထင်းနန်သည် ဂူလျောင်နှင့် ရုပ်ချင်းခွဲမရအောင် တူသူဖြစ်သည်။

ထို့ကြောင့်…

ဂူထင်းနန်ကို ကြည့်ရင်းကြည့်ရင်း ဂူလျောင် ပြန်လည် အသက်ဝင်လာသည်ဟုပင် ထင်မိလေသည်။

“ဟိတ်”

“ယား”

ဂူထင်းနန်က ညာသံပေးရင်း ပြင်းထန်စွာ တိုက်ခိုက်နေလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းများက တဟူးဟူးမြည်ကာ တိုက်ခတ်လာလေသည်။

အေးစိမ့်မှုကလည်း ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်လေသည်။

နှင်းမြူများ ကျဆင်းလာသည်။

ဝန်းကျင်တစ်ခုလုံး မပီပိုးဝါး ဖြစ်သွား၏။

ဝူထင်းနန်က ဓားဝှေ့ယမ်းကာ တိုက်ခိုက်နေဆဲ…

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းကာ ပြင်းထန်နေဆဲ…

ဝူထင်းနန်ကိုယ်တိုင် သူ၏ခန္ဓာကိုယ်၌ ဖခင်ကြီးဝူလျောင်၏ ဝိညာဉ်က ဝင်ရောက်ပူးကပ်လာသည်ဟု ခံစားလာရတော့သည်။

အမှန်တော့…

ဝူထင်းနန်၏ရင်ထဲမှ မုန်းတီးစိတ်၊ အာဃာတ တရားနှင့် ခံပြင်းနာကျည်းမှုများ ဘဝ၌ ကြုံတွေ့ခဲ့ရသော ဆိုးဝါးခါးသီးမှုများက အရိပ်မည်းကြီးပမာ သူ့အား လွှမ်းမိုးထားခြင်း ဖြစ်သည်။

ထိုအရိပ်မည်းကြီးကိုပင် သူက ဖခင်၏ဝိညာဉ်ဟု ခံယူထားသည်။

ဖခင်၏ဝိညာဉ်က မကျွတ်မလွတ်ဘဲ သူ၏ခန္ဓာကိုယ်၌ ဝင်ရောက်ပူးကပ်ကာ ရန်သူများအား ချေမှုန်းပစ်လိုနေခြင်းဟု ခံယူထားလေသည်။



ဝူထင်းနန်၏ထူးဆန်းသော စိတ်နေသဘောထားနှင့် ခံယူချက်ကြောင့် သူ၏အသွင်မှာ မကောင်းဆိုးဝါးတစ်ကောင်အသွင် ပြောင်းလဲသွားသည် ဆိုနိုင်သည်။

ဝူထင်းနန်မှာ ထူးခြားပြီး ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်နေသည်ကို တုကုဖုံး သတိပြုမိလိုက်လေတော့သည်။

မျက်စိတမှိတ် လျှပ်တပြက် ပြောင်းလဲသွားခြင်း မဟုတ်ပါလား။

ဝူထင်းနန် ပျောက်ကွယ်သွားပြီး ဝူလျောင်အစားထိုး ဝင်ရောက်လာသည် ထင်ရလေတော့သည်။

ဝူထင်းနန်၏ရုပ်သွင် ခက်ထန်သွားသကဲ့သို့ သူ၏အသံလည်း ပြောင်းလဲသွားသည်။

ခြောက်သွေ့အက်ကွဲကာ ကျယ်လောင်နေသည်။

ရှေ့မှ ယှဉ်ပြိုင်ခဲ့သော အဖော်လေးဦးသည် ဝူထင်းနန်၏ ပြောင်းလဲသွားသော အခြေအနေကြောင့် အံ့သြထိတ်လန့်ပြီး သိုင်းကွက်ပျက်ကာ အရေးနိမ့်ခဲ့ရခြင်း ဖြစ်ကြောင်း တုကုဖုံး ဆင်ခြင်မိသည်။

"သူ့ရဲ့ပြောင်းလဲမှုကို သတိထားရမယ်၊ သူဟာ ဝူလျောင်ရဲ့ ဝိညာဉ်ဝင်ပူးနေတဲ့ မကောင်းဆိုးဝါးတစ်ကောင် မဟုတ်ဘူး၊ နာကျည်းဒေါသစိတ်ကြောင့် ကြောက်စရာအသွင် ပြောင်းသွားတာ၊ သူ့ရဲ့သိုင်းကွက်တွေကို ဖြည်းဖြည်းမှန်မှန် ချေဖျက်ပြီး အနိုင်ယူရမယ်"

www.burmeseclassic.com

www.burmeseclassic.com



တကုဖုံးသည် ဝါရင့်သိုင်းသမားကြီးတစ်ဦးပီပီ အခြေအနေကို သုံးသပ်ကာ စိတ်လှုပ်ရှားမှုကို ချုပ်ထိန်းပြီး ပြန်လည်ရင်ဆိုင်လိုက်၏။

တကုဖုံး တုန့်ပြန်လိုက်သည်နှင့် အေးစိမ့်သောဓား၏ အငွေ့အသက်များက ဝန်းကျင်တစ်ခုလုံး ပျံ့လွင့်သွားလေသည်။

အေးစိမ့်သော ဓားငွေ့ကြောင့် ဂူထင်းနန်၏ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်သွားလေသည်။

သူသည် ဓားငွေ့ကို ရှောင်သည့်သဘောဖြင့် ဘယ်ခြေကို တလှမ်း ရွှေ့လျားလိုက်သည်။

အတွင်းအားအကုန်သုံးကာ အပြင်းအထန် တိုက်ခိုက်ခဲ့သဖြင့် ဂူထင်းနန်၏လက်ရည် ကျလာ၏။

မောဟိုက်မှုကို ခံစားလိုက်ရသည်။

စိတ်ထဲမှ ခံစားချက်များလည်း အစပိုင်းကလောက် ပြင်းထန်မှု မရှိတော့ပါ။

ဂူထင်းနန်က ပုံမှန်အခြေအနေ နီးပါး ပြန်ရောက်လာသည်ကို တွေ့ရလျှင် အတွေ့အကြုံရင့်ကျက်သော တကုဖုံးက...

“ငါ့အလှည့်ပဲ”

ဟု ကိုယ့်ကိုကိုယ် သတိပေးကာ အကွက်ကျကျ ပြန်လည်တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်သည်။

ခန္ဓာကိုယ်လှုပ်ရှား ရှောင်လိုက်သော ဂူထင်းနန်အား ထပ်



မံတိုက်ခိုက်လိုက်လေသည်။

“ဝှစ်...ဝှစ်”

ဓားရိပ်များ လှုပ်ရှားသွား၏။

ဂူထင်းနန်က ရှောင်တိမ်းလိုက်ပြန်သည်။

သို့သော်...

ဓားငွေ့သည် သူ့ထံသို့ အရိပ်ပမာ ကပ်လိုက်လာလေတော့သည်။

သူသည် ညာဘက်သို့ ပြန်ရွှေ့လိုက်သောအခါတွင်လည်း ထိုအတိုင်းပင် ဖြစ်နေသည်။

တကုဖုံးက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး...

“ဒါက ငါ အချိန်ကုန်ခံပြီး ကျင့်ခဲ့တဲ့ ဓားဝက်ပါကျင့်စဉ်ပဲ၊ မင်းအနေနဲ့ ဒီဓားဝက်ပါကျင့်စဉ်က လွတ်အောင် ရုန်းမထွက်နိုင်ပါဘူး”

ဂူထင်းနန်သည် တကုဖုံး၏စကားကြောင့် မခံချင်စိတ်များ တဖွားဖွား ပေါ်လာသည်။

တကုဖုံးသည် မိမိအပေါ် ပညာသားပါပါဖြင့် ချုံနှိမ်နေခြင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

မိမိက လက်တုံ့ပြန်ခြင်း မပြုပါက အခြေအနေ ပို၍ ဆိုးရွားသွားနိုင်သည်။

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် ဂူထင်းနန် အသက်ပြင်းပြင်း

www.burmeseclassic.com



ရှူလိုက်လေသည်။

တဆက်တည်းမှာပင်...

သူသည် ရှိသမျှ အတွင်းအားကို စုစည်းလိုက်သည်။

ထို့နောက်...

သူသည် ယင်းအတွင်းအားများကို အပြင်သို့ အားရှိန်အပြင်း ပျံ့နှံ့သွားအောင် အစွမ်းကုန်ညှစ်ထုတ်လိုက်လေသည်။

ဂူထင်းနန်၏ကြိုးစားမှုမှာ ချက်ချင်းပင် အကျိုးသက်ရောက်လာသည်။

တကုဖုံး၏ဓားဝက်ပါကျင့်စဉ် ချက်ချင်းဆိုသလိုပင် ပျော့လျော့သွားလေသည်။

ထို့နောက် လုံးဝပျောက်ကွယ်လုနီးပါး ဖြစ်သွားလေတော့သည်။

တကုဖုံးသည် စောစောကအတိုင်း ဖြစ်လာအောင် ကြိုးစားသော်လည်း သူ၏ဓားဝက်ပါကျင့်စဉ်သည် ဂူထင်းနန်၏အတွင်းအားတံတိုင်းကို လွှမ်းမိုးနိုင်စွမ်း မရှိတော့ချေ။

သူသည် အနိုင်ယူလိုဇောဖြင့် ခွန်အားကို အစွမ်းကုန်ထုတ်ညှစ်ရန် စိတ်ကူးမိလိုက်လေသည်။

သို့သော်...

သူသည် ထိုစိတ်ကူးအား ပြန်လည်ရုပ်သိမ်းလိုက်လေသည်။



အဘယ်ကြောင့်ဆိုသော်...

သူ့အနေဖြင့် ဤနည်းဖြင့် ဂူထင်းနန်အပေါ် အနိုင်ယူရန် ဆန္ဒ မရှိသောကြောင့် ဖြစ်သည်။

"မင်း ဘယ်ဆိုးလို့တုန်း၊ ငါထင်တာထက် အများကြီးတော်နေပါလား"

တကုဖုံးသည် ယင်းသို့ ပြောရင်း ထိုးထွက်နေသော ဓားသွားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်သည်။

ထိုအခါ စောစောက ဖြစ်ပေါ်လာသော ဓားငွေ့သည် တစ်မုဟုတ်ချင်း ပြန်လည်ပျောက်ကွယ်သွားလေသည်။

သူသည် ဂူထင်းနန်၏အရည်အချင်းနှင့် ပတ်သက်ပြီး အမြင်တစ်မျိုး ပြောင်းလာပြီ ဖြစ်သည်။

တစ်နည်းဆိုရသော်...

သူသည် ဂူထင်းနန်အား တွေ့စကဲ့သို့ မပေါ့မဆဝံ့တော့ဘဲ အရှိကို အရှိတိုင်း လက်ခံလာရသည်။

ဤသည်မှာ သူ၏စိတ်ထဲတွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှု ဖြစ်သည်။

ယင်းသို့ ပြောင်းလဲလာသောအခါ တကုဖုံးသည် ဣန္ဒြေမပျက်အောင် ပို၍သတိထားလာရသည်။

သူသည် ဂူထင်းနန်အား မထေ့တထေ့ ပြုံးလိုက်လေသည်။

ထို့နောက်...

www.burmeseclassic.com



သူသည် လေသံခပ်မာမာဖြင့် ပြောလိုက်သည်။

"ပူထင်းနန်၊ မင်းအနေနဲ့ ပညာရှိသမျှ ထုတ်သုံးနိုင်ပါတယ်၊ ဒါမှလဲ ငါ့ကို နိုင်မနိုင် တွက်ချက်လို့ ရမယ် မဟုတ်လား၊ နောက်ပြီး မင်းလာရကျိုးနပ်လိမ့်မယ်၊ ဒါနဲ့ အရင်တုန်းက ကိစ္စကို မင်းကို ပြောပြရဦးမယ်"

"တို့သွေးသောက်ညီအစ်ကိုတွေက လုရန်မြို့မှာ ဒုစရိုက်မှုတွေ လုပ်ခဲ့တာ မှန်တယ်၊ မင်းယုံချင်ယုံ၊ မယုံချင်နေ၊ ဒီကိစ္စ ဖြစ်တဲ့နေ့မှာပဲ တို့က မင်းအဖေဆီ တန်းသွားတယ်၊ မြန်မြန်ထွက်ပြေးဖို့ တိုက်တွန်းတယ်၊ ဒါပေမယ့် မင်းအဖေက လက်မခံဘူး၊ ဒါကြောင့် နောက်ပိုင်းမှာ မိသားစုပါ သေဒဏ်ပေးခံရတဲ့ အဖြစ်မျိုးကို ရောက်သွားတာ"

တုကုဖုံးသည် ပြောရင်း မျက်လွှာချလိုက်သည်။

ထို့နောက်...

သူသည် ဝမ်းနည်းကြေကွဲသော အသံဖြင့်...

"မင်းအဖေက သူ့သိက္ခာနဲ့တွက်ပြီး ကို့နဲ့ပေါင်းရမှာကို ဝန်လေးတယ်ပဲထားဦး၊ ကိုယ့်ကိုကိုယ် ပြန်ပြီး ဆင်ခြင်ဖို့ကောင်းတယ်၊ သူ့ကိုယ်သူ ကာကွယ်နိုင်တယ်လို့ တို့ကလဲ ထင်နေတယ် ဒါပေမယ့် လက်တွေ့မှာတော့ ဒီလို မဟုတ်ဘူး၊ မင်းအဖေက ရှောင်မသွားတဲ့အပြင် ရုံးတော်မှာ သွားပြီး ကိုယ့်ကိုကိုယ် တမင်အဖမ်းခံလိုက်တယ်"



"သူတစ်ယောက်တည်း အပြစ်ဒဏ်ခံရရင် တော်သေးတယ်၊ အခုတော့ သူ့မိသားစုပါ အဆစ်ပါသွားတယ်၊ ဒီကိစ္စက ဆယ့်ငါးနှစ်ကျော်သွားပြီ ဆိုပေမယ့် စဉ်းစားမိတိုင်း မနေ့တစ်နေ့က ဖြစ်ခဲ့တယ်လို့ပဲ အောက်မေ့မိတယ်"

တုကုဖုံးသည် စကားဆုံးသည်နှင့် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်လေသည်။

သူ၏ဦးခေါင်းသည်လည်း ငုံ့သည်ထက် ငုံ့လာလေသည်။

သူ့အား ကြည့်ရသည်မှာ အမှန်တကယ် စိတ်ထိခိုက်နေသည့်ပုံမျိုး ဖြစ်နေသည်။

အတန်ကြာမှ...

သူ၏ဦးခေါင်းသည် ဖြည်းဖြည်းချင်း ပြန်လည်မော့လိုက်သည်။

ထိုအချိန်တွင် ပူထင်းနန်၏မျက်နှာထားသည် စောစောကကဲ့သို့ တင်းမာမနေတော့ပေ။

ထိုအချက်ကို တုကုဖုံးက ချက်ချင်း အကဲခတ်လိုက်မိသည်။

တုကုဖုံးက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး...

"ပူလျှောင်ဟာ လူကောင်းတစ်ယောက်ပါ၊ လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က ငါကိုယ်တိုင် လုရန်မြို့ကို သွားပြီး မင်းအဖေရဲ့ အုတ်ဂူကို သွားပြီး ကန်တော့သေးတယ်၊ အုတ်ဂူကို ကန်တော့ရင်း မင်းအဖေအတွက် ဆုတောင်းမေတ္တာပို့ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝှထင်းနန်က လေသံမှန်မှန်ဖြင့်—

"ခင်ဗျား တစ်ယောက်တည်းပဲလား"

တုကုဖုံး ခေါင်းညိတ်လိုက်၏။

"လုရန်မှာ ပြဿနာ ဖြစ်ပြီးတဲ့ နောက်ပိုင်း ငါတို့ညီနောင်တွေ တစ်ယောက်တစ်လမ်းစီ ဖြစ်သွားကြတယ်၊ နောက်ပိုင်းမှာလဲ အဆက်အသွယ် မလုပ်ဖြစ်တော့ဘူး"

ဝှထင်းနန်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားတို့က တစ်သက်စားမကုန်အောင် ချမ်းသာနေပြီပဲ"

တုကုဖုံး ပြုံးလိုက်ပြီး...

"ငါဟာ သိုင်းလောကကို ငြီးငွေ့လာတယ်၊ ဒါကြောင့် လူသူမနီးတဲ့ သည်နှင်းတောင်ကို ပြောင်းလာတယ်၊ အဲသည်အချိန်က စပြီး ငါဟာ သိုင်းလောကကို ဝင်မစွက်တော့ဘူး"

ဝှထင်းနန်သည် ဘာမျှ ပြန်မပြောဘဲ ခေါင်းကိုသာ ဆတ်ပြလိုက်သည်။

သူ၏စိတ်အစဉ်သည် လွန်ဆွဲပွဲတစ်ရပ် ဆင်နွှဲနေကြောင်း သူ၏ဟန်မူရာက ဖော်ပြနေသည်။

တုကုဖုံး၏စကားသည် ဝှထင်းနန်၏စိတ်ကို ဝေခွဲမရ ဖြစ်စေသည်။

တုကုဖုံးက စကားဆက်လိုက်သည်။

"ဘာပဲပြောပြော မင်းက ငါ့ကို ရန်သူတစ်ယောက်လို



သဘောထားနေတယ်၊ အမှန်ဆိုရရင် သည်နှင်းတောင်ကို မင်းရောက်လာကတည်းက ငါသတင်းရလိုက်တယ်၊ မင်းရဲ့လှုပ်ရှားမှုကိုလဲ သိတယ်၊ အဲသည်တုန်းက ငါ မင်းကို သတ်ချင်ရင် လွယ်လွယ်လေးပါ။ ငါ့ရဲ့အစွမ်းအစကိုလဲ မင်းသိရောပေါ့၊ ငါ့အပေါ် အနိုင်ယူနိုင်မယ် ထင်လား။ ဒါကြောင့် မင်းစဉ်းစားချင့်ချိန်မယ်ဆိုရင် နည်းလမ်းတစ်ခုခု ပေါ်လာမှာပါ။ မင်းပြန်ပါ။ ငါ့ကို ယှဉ်ပြိုင်ဖို့ အချိန်ပေးပြီး လေ့ကျင့်ပါ"

ဝှထင်းနန် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်သိုင်းပညာ မပြည့်စုံမချင်း လေ့ကျင့်လို့ အချိန်တော်တော်ကြာသွားရင် ကျုပ်မလာခင် ခင်ဗျား သေဆုံးပြီဆိုရင်ကော၊ ကျုပ်အဖို့ အခွင့်အရေး မဆုံးရှုံးသွားဘူးလား"

"ဒါဆိုရင် မင်း သည်နေ့ ငါနဲ့ တရင်းရှင်းမယ်ပေါ့"

"ဒါဆိုရင် မင်းက ကိုယ့်သေလမ်း ကိုယ်ရွေးတာပဲ"

တုကုဖုံးသည် ယင်းသို့ ပြောရင်း ဓားရိုးကို ဆုပ်ကိုင်လိုက်လေသည်။

ထိုအခါ အန္တရာယ်၏အငွေ့အသက်သည် ချက်ချင်းလိုလိုပင် ဖြာထွက်လာသည်။

ဓားသွားမှ ဖြာထွက်လာသော အလင်းရောင်ဟပ်မိသဖြင့် သူ၏မျက်နှာကို ပို၍ အကျည်းတန်သွားစေသည်။

"သည်မှာ ဝှထင်းနန်၊ ငါက မင်းအဖေရဲ့ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်တဲ့အနေနဲ့ သိုင်းကွက်နှစ်ဆယ်အတွင်း မင်းကို အနိုင် မတိုက်နိုင်ဘူးဆိုရင် မင်းလမ်းမင်းသွားနိုင်တယ်၊ ဒါမှမဟုတ်ရင် မင်းကိုယ်မင်း သေတွင်းတူးသလို ဖြစ်သွားမယ်"

တုကုဖုံးသည် တင်းမာခက်ထန်စွာ သတိပေးလိုက်လေသည်။

သို့သော်...

ဝူထင်းနန်က ခွန်းတုံ့ပြန်ခြင်း မပြုပါ။

တုကုဖုံးသည် နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီး လက်ထဲတွင် အသင့်ကိုင်ထားသောဓားဖြင့် အရှေ့ဘက်ကို ညွှန်ပြလိုက်သည်။

"အဲဒါ ငါစီမံထားတဲ့ ဝင်္ကပါပဲ၊ အထဲဝင်မိတာနဲ့ သေဖို့သေချာတယ်"

ထို့နောက်...

သူသည် အနောက်ကို ညွှန်ပြကာ...

"အဲဒါ မရဏာလမ်းနှစ်သွယ်လို့ ခေါ်တယ်၊ ငါ့တပည့်တွေက လူစုနှစ်စု ခွဲပြီး စောင့်နေတယ်၊ အဲသည်နေရာကို ဆုတ်သွားရင် သေမှာပဲ"

သူက စကားစကို ဖြတ်ပြီး ဝူထင်းနန်အား ဖျတ်ခနဲ ကြည့်လိုက်သည်။

ထို့နောက် စကားဆက်လိုက်ပြန်သည်။



"မြောက်ဘက်မှာက ချောက်ကြီးရှိတယ်၊ ကျသွားတာနဲ့ အရိုးတစ်ခြား အသားတစ်ခြား ဖြစ်သွားမယ်၊ လွတ်ဖို့လမ်းက တစ်လမ်းပဲရှိတယ်"

သူသည် ထိုသို့ ပြောရင်း တောင်ဘက်သို့ ညွှန်ပြလိုက်သည်။

"သည်နေရာက သွားရင် တောင်ရဲ့တစ်ဖက်ခြမ်းကို ရောက်သွားနိုင်တယ်၊ နှင်းတောင်က မိုင်ပေါင်းထောင်ချီပြီး ကျယ်တယ်၊ ဒါပေမယ့် လူအားနဲ့ ဖောက်ထားတဲ့ လမ်းဆိုလို့ တစ်လမ်းမှ မရှိဘူး၊ လူတစ်ယောက်ဟာ ခြေဦးတည့်ရာ ခွတ်ပြေးရင် ဘာဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်ပေါ့၊ တစ်ခုတော့ရှိတယ်၊ လမ်းဆိုတာ လူလျှောက်လို့ ပေါ်လာတာပါ၊ သိုင်းကွက်နှစ်ဆယ်အထိ မင်းခံနိုင်ရည်ရှိမယ်၊ ငါ့လက်ချက်နဲ့ သေမသွားဘူးဆိုရင် တောင်ဘက်က လမ်းအတိုင်း ထွက်သွားပေါ့"

တုကုဖုံးသည် သူပြောသည်ကို နားစွင့်ရင်း ပတ်ဝန်းကျင်အခြေအနေကို အသေအချာ အကဲခတ်ကြည့်လိုက်သည်။

မှန်ပေသည်။

တောင်ဘက်တွင် နှင်းမှုန်များ ဖုံးလွှမ်းနေသော ချယ်ရီတော ရှိနေသည်။

ချယ်ရီတောဆီမှ ထွက်ပေါ်လာသော ပလွေသံကိုပင် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချက်ကို ကြည့်ရုံဖြင့် လူတို့ နေထိုင်သော နေရာတစ်ခု ဖြစ်ကြောင်း သိသာနေသည်။

သို့သော်...

နှင်းဖြူစံအိမ်သည် ထိုနေရာသို့ ခြေချခွင့် မရှိပေ။

အသေအချာ ကြည့်လိုက်သောအခါ အနောက်ဘက် တောင်ကြောသို့ သွားရာလမ်းတွင် သံကြိုးများ ကာထားသည့် ကျောက်တိုင်တစ်ခု စိုက်ထူထားသည်ကိုလည်း မြင်နေရသည်။

ကျောက်တိုင်ပေါ်တွင် 'မဝင်ရ'ဟူသော စာလုံးသုံးလုံး ရေးထားသည်။

ထိုစာလုံးများကို မြင်လျှင် ဂူထင်းနန်းသည် ထူးဆန်းသော နှင်းတောင်မောင်နှမ နှစ်ယောက်ကို ပြန်လည်မြင်ယောင်လာသည်။

ချယ်ရီတောသည် နယ်စပ်သဖွယ် သူတို့မောင်နှမနှင့် နှင်းဖြူစံအိမ်ကြီးကို ပိုင်းခြားထားသည်။

အနောက်ဘက် တောင်ကြောမှာ ပိုင်ရှင်မောင်နှမ၏ သီးသန့်နယ်မြေဖြစ်ပြီး အရှေ့ဘက်ခြမ်းသာလျှင် နှင်းဖြူစံအိမ်၏ပိုင်နက် ဖြစ်သည်။

တုကုဖုံးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး...

"ကဲ...ဂူထင်းနန်း၊ မင်းအဆင်သင့် ဖြစ်ပြီလား"

"အဆင်သင့်ပဲ"



ဂူထင်းနန်းက လေသံမာမာဖြင့် ပြန်ဖြေလိုက်သည်။

တုကုဖုံးသည် ဂူထင်းနန်းအား စူးရှစွာ စိုက်ကြည့်လိုက်ပြီး...

"ကဲ...ရှိသမျှ ပညာကို ထုတ်သုံးပါ၊ တတ်နိုင်ရင် ငါ့ခေါင်းကို ဖြတ်ပစ်လိုက်ပါ၊ မင်းမှာ အရည်အချင်းရှိရင် ကြိုက်သလို လုပ်နိုင်တယ်"

ဂူထင်းနန်းသည် ချက်ချင်းဆိုသလိုပင် ကျားရိုင်းတစ်ကောင်ကဲ့သို့ တုကုဖုံးထံသို့ ခုန်ဝင်လိုက်သည်။

ထိုသို့ ခုန်ဝင်လိုက်စဉ် သူသည် ပြင်းထန်သော အားအရှိန်တစ်ခုနှင့် တည့်တည့်ဝင်တိုးလိုက်ရသည်။

ဂူထင်းနန်းသည် အခြေအနေ မဟန်မှန်းသိ၍ မျက်နှာကို လက်ဖြင့် ကာလိုက်သည်။

ထိုအချိန်တွင် တုကုဖုံး၏ခန္ဓာကိုယ်သည် ဘေးသို့ လှည့်ထွက်သွားလေသည်။

ထို့နောက်...

လက်ထဲတွင် ကိုင်ထားသော ဓားဖြင့် နောက်ပြန်ထိုးလိုက်သည်။

ဂူထင်းနန်းသည် နောက်ကျောမှ တိုးဝင်လာသော လေအရှိန်ဟပ်မိသည်နှင့် ခြေတစ်ချက်ဆောင့်ကာ ဘေးသို့ ခုန်ထွက်သွားသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် နောက်ကျသွားသဖြင့် တုကုဖုံး၏ဓားသွားသည် ဂူထင်းနန်၏အင်္ကျီကို ထိုးခွဲလိုက်နိုင်လေသည်။

ထိုအချိန်မှာပင် တုကုဖုံးသည် ဂူထင်းနန်၏ကိုယ်ပေါ်သို့ ခုန်ချလာပြန်သည်။

ဂူထင်းနန်သည် ရှိသမျှ ခွန်အားကို သုံးစွဲကာ တုကုဖုံး၏ဓားကို ရိုက်ထုတ်ရန် သက်ခြေဓားကို ဝှေ့ယမ်းလိုက်သည်။

တုကုဖုံး၏ခန္ဓာကိုယ်သည် လေထဲသို့ ခုန်တက်သွားသည်။

ထို့နောက်...

သူသည် လေထဲတွင်ပင် ဓားကို ကိုင်လျက် ဂူထင်းနန်အား ဓားဖြင့် ခုတ်ချလိုက်သည်။

ဂူထင်းနန်သည် ဓားချက်ချော်သွားမှန်း သိလျှင်သိချင်း တစ်ဖက်လူ၏လှည့်စားခြင်း ခံလိုက်ရပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

သို့သော်...

သူ့အဖို့ အချိန် နောက်ကျသွားပြီ ဖြစ်သည်။

◆ ◆ ◆



လေထဲမှ ခုန်ချလာသော တုကုဖုံး၏ဓားချက်ကြောင့် ဂူထင်းနန်၏ညာဘက် လက်မောင်းတွင် ဒဏ်ရာရသွားလေသည်။

ပြင်းထန်သော နာကျင်မှုကြောင့် ဂူထင်းနန်သည် ဓားကိုပင် မကိုင်နိုင်တော့ဘဲ လွှတ်ချလိုက်ရသည်။

အမှန်ဆိုလျှင် ယင်းအချိန်တွင် တုကုဖုံး အနေဖြင့် ဂူထင်းနန်အား အလွယ်တကူပင် သတ်ဖြတ်နိုင်လေသည်။

သို့သော်...

တုကုဖုံးက အခွင့်ကောင်း မယူသည့်အပြင် ခပ်လှမ်းလှမ်းသို့ ခုန်ထွက်သွားသည်။

"ကိစ္စမရှိပါဘူး၊ တစ်ခြားလက်တစ်ဖက် ရှိသေးတာပဲ၊ ဓားကို ပြန်ကောက်ပြီး ဆက်လုပ်ပေါ့"

တုကုဖုံးက ခပ်ပြုံးပြုံးဖြင့် လှမ်းပြောလိုက်သည်။

ဂူထင်းနန်က မြေပေါ်တွင် ကျနေသောဓားကို ခြေဖြင့် လှမ်းကောက်ယူလိုက်သည်။

ထိုအချိန်တွင် ဂူထင်းနန် ဒဏ်ရာမှသွေးများ အဆက်မပြတ် စီးကျလာသည်။

သွေးတိတ်အောင် မလုပ်ပါက တအောင့်ကြာလျှင် ဂူထင်းနန်အဖို့ သွေးအထွက်လွန်ကာ ဒုက္ခရောက်သွားနိုင်သည်။

"ကဲ...ဂူထင်းနန်၊ ကိုယ်က ဘယ်လောက်ပဲတော်တော် ကိုယ့်ထက်တော်တဲ့လူ ရှိစမြဲဆိုတဲ့ စကားကို မင်းလက်ခံသင့်ပြီ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ရှင်းရှင်းပြောရရင် မင်းနဲ့နယ်ပါသေးတယ်၊ သည်လို မတောက်တခေါက်ပညာနဲ့ ငါ့ကို လာစမ်းလို့ ဘယ်ရမလဲ"

တုကုဖုံးက လှောင်ပြောင်သော လေသံဖြင့် ခနဲ့လိုက်လေသည်။

ဂူထင်းနန်သည် ဘာမျှ ပြန်မပြောဘဲ ဘယ်ဘက်လက်တွင် ကိုင်ထားသောဓားအား ပါးစပ်တွင် မိမိရရ ကိုက်ထားသည်။

ထို့နောက်...

သူသည် အတွင်းအားပညာကို အသုံးပြုကာ လက်ညှိုးဖြင့် ညာဘက်လက်မှ သွေးကြောကို မိမိရရ ပိတ်ထားလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ဒဏ်ရာမှ သွေးများသည် ချက်ချင်းဆိုသလိုပင် အကျရပ်သွားလေတော့သည်။

ဂူထင်းနန်သည် ဓားကို ဘယ်လက်ဖြင့် ပြန်လည်ဆုပ်ကိုင်လိုက်သည်။

တုကုဖုံးသည် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး...

"ကဲ..မင်းအဆင်သင့် ဖြစ်ရင် စလိုက်ရအောင်"

တုကုဖုံးသည် ဂူထင်းနန်အား သတိပေးပြီးချင်းပင် ဓားဖြင့် တအားဝင်ထိုးလိုက်သည်။

ဓားနှစ်လက် ထိလုဆဲဆဲတွင် တုကုဖုံး၏ဓားက ပြန်ရုပ်သွားသည်။



တစ်ချိန်တည်းမှာပင် ဘေးတိုက်အနေအထားဖြင့် ခြေတစ်လှမ်း ရှေ့လျားကာ ဓားဖြင့် နောက်ပြန်ထိုးလိုက်သည်။

ထိုသိုင်းကွက်သည် တုကုဖုံး၏ အကြမ်းကြုတ်ဆုံး သိုင်းကွက်တစ်ကွက် ဖြစ်သည်။

ဓားရောင်သည် ဖွေးခနဲ လင်းလက်သွားသည်။

ဓားသွားမှာမူ တုကုဖုံး၏ရင်ဘတ်သို့ တည့်တည့်မတ်မတ် ဝင်ရောက်လာသည်။

တုကုဖုံး၏သဘောအားကို ဂူထင်းနန်က သိသင့်သလောက် သိထားပြီဖြစ်၍ တုကုဖုံးက ဓားကို ရုတ်တရက် ပြန်ရုပ်လိုက်သည့် အချိန်မှာပင် ဂူထင်းနန်ကလည်း သူ၏ဓားကို ပြန်ရုပ်လိုက်သည်။

တုကုဖုံးသည် ကိုယ်တစ်ခြမ်းစောင်းကာ ဂူထင်းနန်၏ရင်ဘတ်ကို ဓားဖြင့် နောက်သို့ ပြန်ခုတ်လိုက်ခြင်း ဖြစ်သည်။

ဂူထင်းနန်ကလည်း အားကျမခံ သက်ခြေဓားဖြင့် တုကုဖုံး၏နောက်ကျောအား ပြန်ခုတ်လိုက်သည်။

ဂူထင်းနန်၏ညာဘက်လက်တွင် ဒဏ်ရာရထားသော်လည်း သူ၏အတွင်းအားကို လုံးဝထိခိုက်ခြင်း မရှိပေ။

အထူးသဖြင့် အသက်လုနေရသောအချိန် ဖြစ်၍ အားမာန်ပြည့်ဝလှသည်။

တုကုဖုံး၏ဓားက မြန်သလို ဂူထင်းနန်၏ဓားကလည်း

www.burmeseclassic.com

www.burmeseclassic.com



မနေးပါချေ။

တုကုဖုံးသည် ချက်ချင်းဆိုသလိုပင် တိမ်တိုက်တစ်ခုပမာ ဘေးသို့ ပေါ့ပါးစွာ ရှောင်ထွက်သွားသည်။

ယခုအချိန်တွင်မူ ဂူထင်းနန်သည် တုကုဖုံး၏လှည့်ကွက်ကို သိထားနေပြီဖြစ်၍ တုကုဖုံးနောက်သို့ ရွှေ့လျားသွားချိန်မှာပင် ခုန်ရှောင်လိုက်သည်။

သို့သော် အချိန်အနည်းငယ် နောက်ကျသွားသဖြင့် တုကုဖုံး၏လက်ဝါးသည် ဂူထင်းနန်၏ကျောပြင်ပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွားသည်။

ဂူထင်းနန်သည် အတွင်းအားကောင်းသူ ဖြစ်သော်လည်း တုကုဖုံး၏ရိုက်ချက်က မယုံကြည်နိုင်အောင် ပြင်းထန်လှသဖြင့် လေထဲသို့ မြောက်တက်သွားသည်။

ဂူထင်းနန်၏ခန္ဓာကိုယ်သည် ပေသုံးဆယ် အကွာအဝေးလောက်အထိ လွင့်စဉ်သွားရာ မြေပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသည်။

ထိုသို့ ကျသွားသောအခါ ဂူထင်းနန်သည် မိုက်ခနဲ ဖြစ်သွားသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ပျော့ခွေသွား၏။

တုကုဖုံးသည် သဘောကျစွာ ရယ်မောပြီး...

"ဂူထင်းနန်၊ မင်းသေဖို့သာ ပြင်ပေတော့"

တုကုဖုံးသည် ယင်းသို့ ပြောရင်း ဂူထင်းနန်ထံသို့ ပြေးသွားလိုက်လေသည်။



ထို့နောက်...

ဂူထင်းနန်အား ခုတ်ချရန် ဓားကို လေထဲသို့ မြှောက်လိုက်သည်။

ယခုအချိန်တွင် သူတို့နှစ်ယောက်သည် အနောက်ဘက်တောင်စောင်းနှင့် အလွန်နီးကပ်နေပြီ ဖြစ်သည်။

ဂူထင်းနန် အနောက်ဖက် နယ်မြေသို့ ရှောင်ပြေးသွားမည်ကို တုကုဖုံးက စိုးရိမ်နေဟန်ရှိသည်။

သူသည် ဂူထင်းနန် မြေပေါ်မှ ပြန်မထနိုင်မီ အပြတ်ရှင်းလင်းပစ်ရန် အားမာန်တက်၍ ယခုကဲ့သို့ ဂူထင်းနန်ထံသို့ ပြေးဝင်ကာ ဓားဖြင့် ခုတ်ချလိုက်ခြင်း ဖြစ်ပေသည်။

သို့သော်...

အခြေအနေသည် ရုတ်တရက် မမျှော်လင့်ဘဲ ပြောင်းလဲသွားသည်။

တုကုဖုံး၏ဓားသည် ဂူထင်းနန်၏ခေါင်းပေါ်သို့ ကျရောက်မည့်ဆဲဆဲမှာပင် လေပြင်းတစ်ချက် ရိုက်ခတ်လာသည်။

လေပြင်းနှင့်အတူ နှင်းမှုန်များ ရောနှောပါလာသည်။

ထိုအခါ...

တုကုဖုံး၏မျက်လုံးအစုံသည် မည်သည့်အရာကိုမျှ မြင်နိုင်ခွမ်း မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ မြင်ကွင်းသည် အနည်းငယ် ရှင်းလင်းလာသည်။ သူသည် ပူထင်းနန်အား ခပ်ဝါးဝါး မြင်တွေ့လိုက်ရ၏။

သူသည် မည်သည့်အချိန်တွင် မြေပေါ်မှ ထသွားသည် မသိပါ။

ယခု အနောက်ဘက် တောင်စောင်းဘက်သို့ ဦးတည်ရွေ့လျားနေသည်။

မကြာမီမှာပင် နယ်မြေပိုင်းခြားထားသော နေရာသို့ ရောက်တော့မည် ဖြစ်သည်။

တုကုဖုံးသည် ပူထင်းနန်အား လက်လွှတ်မခံနိုင်ပါ။

ပူထင်းနန် ထွက်ပြေးလွတ်မြောက်သွားလျှင် သူ့အတွက် နောက်ကြောင်းအေးရတော့မည် မဟုတ်သည်ကိုလည်း သိရှိထားသည်။

ထို့ကြောင့်...

တုကုဖုံးသည် ယင်းအဖြစ်မျိုးအား အဖြစ်မခံနိုင်ပါ။

အနီးပတ်ဝန်းကျင်တွင် လူသူကင်းမဲ့နေသည်။

ပူထင်းနန်သည် နှင်းပြင်ပေါ်တွင် တရွေ့ရွေ့ လှုပ်ရှားနေသည်။ သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက်မှာ ဝါးနှစ်ရိုက်ခန့်လောက်သာ ကွာဝေးလှပေသည်။

မည်သို့ဆိုစေ...

တုကုဖုံး၏သိုင်းပညာ စွမ်းရည်ထက်မြက်မှုနှင့်ဆိုလျှင် ပူ



ထင်းနန်အား အလွယ်တကူ အသေသတ်နိုင်သည်။

သူသည် စဉ်းစားမနေတော့ချေ။

သံကြိုးတန်းကို ခုန်ကျော်ကာ တစ်ဖက်မြေသို့ ချဉ်းနင်းဝင်ရောက်သွားသည်။

"သေဖို့သာ ပြင်ပေတော့"

တုကုဖုံးသည် ယင်းသို့ အော်ပြောရင်း ဓားရိုးကို လက်နှစ်ဘက်ဖြင့် ကိုင်လျက် အတွင်းအားကို အစွမ်းကုန် ဖျစ်ညှစ်လိုက်သည်။

ဤတွင် အေးစိမ့်လှသော ဓားအငွေ့အသက်သည် ဓားဖျားမှတစ်ဆင့် ပူထင်းနန်၏ခန္ဓာကိုယ်အား လွှမ်းခြုံသွားလေသည်။

ဓားငွေ့သည် လိပ်ထားသော နှီနှစ်ရောင်ပိုးစတစ်ခုပမာ ပူထင်းနန်ထံသို့ လျင်မြန်စွာ တန်းဝင်သွားသည်။

တဒင်္ဂအချိန် အတွင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး လျှပ်ရောင်လက်သွားသကဲ့သို့ လင်းထိန်သွားသည်။

နှင်းပြင်ပေါ်တွင် တွားသွားနေသော ပူထင်းနန်သည် တစ်ဖက်လူ၏ဓားငွေ့ လွှတ်လိုက်သည့် အချိန်မှစ၍ သံလိုက်ဓာတ်ဖြင့် ဆွဲဆောင်ခြင်း ခံထားရသကဲ့သို့ ခံစားလိုက်မိသည်။

သူသည် တုကုဖုံး၏လက်ချက်ဖြင့် သေဆုံးရတော့မည်လော။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေး

တုကုဖုံးသည် ဂူထင်းနန်က သူ၏အဖော်လေးယောက်အား မည်သို့မည်ပုံ အနိုင်ယူခဲ့သည်ကို နားလည်လိုက်ပြီ ဖြစ်လေသည်။

ဂူထင်းနန်၏နာကျည်းစိတ်က မကောင်းဆိုးဝါးတစ်ကောင် ပူးကပ်သကဲ့သို့ရှိပြီး ပြိုင်ဘက်ကို အနိုင်ယူနိုင်ရန် စွမ်းအားများ ရရှိသွားသည့်သဘော၊ ပြိုင်ဘက်ကလည်း ရုတ်တရက် အငိုက်မိကာ ရှုံးနိမ့်သွားသည့်သဘော ဖြစ်ပါတော့သည်။

ယခု...

တုကုဖုံးသည် ဂူထင်းနန်၏ဖြစ်ရပ်ကို အကဲခတ်မိပြီး အားနည်းချက်ကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြင့် ဂူထင်းနန် အရေးနိမ့်သွားခြင်း ဖြစ်ပါတော့သည်။

"ဝှစ်...ဝှစ်"



ဝင်းလက်သော ဓားရောင်များနှင့်အတူ ပြင်းထန်သော ဓားချက်များက ဂူထင်းနန်ထံသို့ တိုးဝင်သွားလေသည်။

ဂူထင်းနန်မှာ တုကုဖုံးအား မယှဉ်နိုင်တော့ဘဲ နောက်သို့ ဆုတ်ပြီးရင်း ဆုတ်နေရတော့သည်။

ကြာလျှင် တုကုဖုံး၏လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည် ဖြစ်လေသည်။

တုကုဖုံးကလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ဂူထင်းနန်အား အဆုံးစီရင်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဂူထင်းနန် မယှဉ်နိုင်အောင် ဖြစ်နေသည်။

သူ၏ခန္ဓာကိုယ်မှ ဖခင်ကြီး၏ဝိညာဉ် ဖယ်ခွာသွားပြီလော ဟု တွေးနေသည်။

အမှန်တော့ သူ၏စိတ်ဓာတ် ခွန်အား လျော့ကျသွားခြင်းကြောင့် ဖြစ်လေသည်။

တုကုဖုံးက အချိန်ဆွဲကာ ပြောဆိုနေသည်ကို သတိမထားမိလိုက်သဖြင့် စုစည်းထားသော စိတ်ဓာတ် ခွန်အား တဖြည်းဖြည်း လျော့ကျသွားခြင်းကြောင့် အရေးနိမ့်သွားခြင်း ဖြစ်ပါတော့သည်။

"မင်း ဘယ်ပြေးမလဲ"

တုကုဖုံးက အော်ငေါက်ရင်း တရကြမ်း လိုက်လံတိုက်ခိုက်လေသည်။

ဂူထင်းနန် အကြောက်အကန် ရင်ဆိုင်ခုခံနေပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးအား မယှဉ်နိုင်ဘဲ နောက်ဆုတ်နေရတော့သည်။

မထင်မှတ်ဘဲ 'မဝင်ရ'ဟု တားမြစ်ထားသည့် နေရာဆီသို့ ဆုတ်သွားမိခြင်း ဖြစ်လေသည်။

တုကုဖုံးက...

"မင်းလွတ်မယ် မထင်နဲ့"

အော်ငေါက်ကာ ဖိ၍ တိုက်ခိုက်လေသည်။

ပူထင်းနန်မှာ တုကုဖုံး၏ပြင်းထန်လှသော တိုက်ခိုက်မှုကို ခုခံနိုင်စွမ်း မရှိအောင် ဖြစ်သွားလေသည်။

ပြင်းထန်သော ဓားချက်များကို ရှောင်တိမ်းနေသည့်တိုင် ပွတ်ကာသီကာ ခုတ်ချမိသော ဓားချက်များက ပူထင်းနန်၏အသား များကို ပွစိပွလောင် ဖြစ်သွားစေသကဲ့သို့ ဓားသွားမှ စူးရှထက် မြက်သော လေအရှိန်က ပူထင်းနန်အား ဒဏ်ရာရသွားစေပါတော့ သည်။

ပူထင်းနန်၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားလေတော့ သည်။

ပူထင်းနန် ဆက်လက်ရပ်တည်ဖို့ပင် ခက်ခဲလာသည်။

တုကုဖုံး၏ပြင်းထန်သော တိုက်ခိုက်မှုကို မခံနိုင်တော့ဘဲ လဲကျမလို ဖြစ်လာ၏။

"သေပေတော့"

တုကုဖုံးက ဓားချက်များ ဖော်ထုတ်လိုက်သကဲ့သို့ ခြေ



ထောက်ဖြင့် ဆင့်ကာဆင့်ကာ ကန်ကျောက်လိုက်သောအခါ ပူထင်း နန် ခုခံနိုင်စွမ်း မရှိအောင် ဖြစ်သွားလေတော့သည်။

ပြင်းထန်သော တိုက်ခိုက်မှု အရှိန်နှင့် ခြေထောက်ကန်ချက် များကြောင့်...

"ဝုန်း"

"အား"

ပူထင်းနန် စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွား လေတော့သည်။

"ဟား...ဟား...ဟား"

တုကုဖုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ခုတော့ မင်း ဘာတတ်နိုင်သေးသလဲ"

သူက ဓားငွေ့ယမ်းပြီး ပူထင်းနန် နောက်သို့ လိုက်သွားလေ သည်။

ပူထင်းနန် မြေပေါ် လဲကျနေ၏။

ဒဏ်ရာပြင်းထန်စွာ ရသွားခြင်းမျိုး မဟုတ်သော်လည်း အားအင်ကုန်ခမ်း မောပန်းနွမ်းနယ်ကာ လဲကျနေရာမှ မထနိုင် အောင် ဖြစ်နေသည်။

အသက်ရှူ မွန်းကြပ်နေသည်။

မျက်လုံးများ ပြာဝေနေသည်။

တုကုဖုံး၏လက်ချက်ဖြင့် သေဆုံးရတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ကြုံတွေ့ရမည်ဟု ဂူထင်းနန် မမျှော်လင့်ခဲ့ပါ။

သိုင်းသမားဆိုး လေးယောက်ကဲ့သို့ပင် တုကုဖုံးအား အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားခဲ့သည်။

ဂူထင်းနန် မြေပေါ်တွင် မလှုပ်မယှက်ဖြင့် ကျရောက်လာမည့် တုကုဖုံး၏ဓားချက်ကို စောင့်မျှော်နေမိလေသည်။

ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

◆ ◆ ◆



ဂူထင်းနန်မှာ တုကုဖုံး၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

သို့သော်...

လူတစ်ယောက် ရောက်လာပြီး တုကုဖုံးအား ဟန့်တားလိုက်သဖြင့် ဂူထင်းနန် ကံကောင်းသွားတော့သည်။

လူတစ်ယောက်သည် လေပွေတစ်ခု တိုက်ခတ်လာသည့်ပမာ ပြေးလွှားရောက်ရှိလာပြီး တုကုဖုံးအား ဟန့်တားလိုက်လေသည်။

တုကုဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"မင်း ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်ဘဲ နေတာ ကောင်းလိမ့်မယ်"

ရောက်ရှိဟန့်တားလာသူမှာ ချောမောလှပသော အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

ထိုအမျိုးသမီးမှာ 'စန်းရှီ'၏ညီမ 'စန်းစန်း' ဖြစ်လေသည်။

စန်းစန်းက...

"ကျွန်မက ရှုပ်တာလား၊ ရှင်က ရှုပ်တာလား"

"ဘာဗျ"

"ရှင်က ဘာကြောင့် ခွင့်ပြုချက်မရှိဘဲ ကျွန်မတို့ ပိုင်နက်ထဲ ရောက်နေရတာလဲ၊ ရှင်က အေးအေးချမ်းချမ်းနေတဲ့ ကျွန်မတို့မောင်နှမနှစ်ယောက်ကို လာရှုပ်တာ မဟုတ်လားရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်.."

တုကုဖုံး မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

သူက စန်းရို စန်းစန်းတို့ မောင်နှမ၏ တားမြစ်ထားသော နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်နေမိပြီ မဟုတ်ပါလား။

သူတိုက်ခိုက်လိုက်သော အရှိန်ကြောင့် ပူထင်းနန်မှာ လွင့်စဉ်သွားကာ တားမြစ်နယ်မြေထဲသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ပူထင်းနန် နောက်သို့ လိုက်သွားရင်း သူလည်း တားမြစ်နယ်မြေထဲ ကျူးကျော်မိသကဲ့သို့ ဖြစ်သွားတော့သည်။

စန်းစန်းက...

"ရှင်က တားမြစ်နယ်မြေထဲကို အခွင့်မရဘဲ ကျူးကျော်ဝင်ရောက်လာတာပဲ"

"ကျူပ်.."

"ထားပါတော့လေ၊ သည်အရပ်ဒေသမှာ ရှင် အေးအေးဆေးဆေးနေခဲ့တဲ့ နှစ်တွေ အတော်ကြာပြီဆိုတော့ ရှင့်ကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်မယ်၊ ကဲ..ရှင်ပြန်သွားပေတော့"

တုကုဖုံး မကျေမနပ် ဖြစ်နေဆဲ...

ပူထင်းနန်အား လက်ညှိုးညွှန်ပြလိုက်သည်။

"သူက.."

စန်းစန်းက...



"သူဟာ ကျွန်မတို့နဲ့ပဲ ဆိုင်တယ်၊ ရှင်နဲ့ မဆိုင်တော့ဘူးဆိုတာ မှတ်ထားပါ"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

တုကုဖုံးက...

"သူဟာ ကျူပ်မိတ်ဆွေ လေးယောက်ကို သတ်သွားတဲ့အပြင် ကျူပ်ကိုပါ သတ်ဖို့ ကြိုးစားခဲ့တာ"

စန်းစန်းက...

"သူဟာ ခုချိန်ကစပြီး ရှင်နဲ့ မဆိုင်တော့ဘူးလို့ ကျွန်မပြောပြီးပါပြီရှင်"

တုကုဖုံး ဘာမျှ မတတ်နိုင်တော့ပါ။

"ကောင်းပြီလေ၊ ခင်ဗျားတို့ ပိုင်နက်ထဲ မကျူးကျော်ပါဘူးလို့ ကတိပေးထားတဲ့အတိုင်း ကျူပ်ပြန်သွားပါတော့မယ်"

သူက မြေပေါ်မှ လူးလိမ့်ထဖို့ ကြိုးစားနေသည့် ပူထင်းနန်ကို တစ်ချက်ကြည့်ပြီး ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



တုကုဖုံးသည် မကျေမနပ်ဖြင့် တားမြစ်နယ်မြေထဲမှ ထွက်လာခဲ့လေသည်။

ဝူထင်းနန်ကား ကျန်ရစ်ခဲ့သည်။

စန်းစန်းက မည်သို့ စီရင်လိမ့်မည်နည်း။

တားမြစ်နယ်မြေ အပြင်ဘက်ရောက်လျှင် တုကုဖုံး ခြေလှမ်းရပ်ကာ နောက်လှည့်ကြည့်လိုက်လေသည်။

စန်းစန်းတို့မောင်နှမသည် အလွန်ထူးဆန်းသူများ ဖြစ်ကြလေသည်။

ဤအရပ်ဒေသကို ပိုင်ဆိုင်ထားပြီး မည်သူနှင့်မျှ အဆက်အသွယ်မလုပ်ဘဲ သီးခြားနေထိုင်ကြသူများ ဖြစ်လေသည်။

လူ့လောကကြီးနှင့် အဆက်အသွယ် ဖြတ်ကာ သီးခြားကမ္ဘာလေးထဲ၌ နေထိုင်ကြသူများဟု ဆိုနိုင်၏။

တုကုဖုံးက စန်းစန်းတို့မောင်နှမအား ဤနေရာ၏ပိုင်ရှင်များဖြစ်၍ လေးစားသည့် သဘောတစ်ခုထဲ မဟုတ်ဘဲ စန်းရှီနှင့် စန်းစန်းတို့မှာ ထိပ်တန်းသိုင်းပညာ ရှိသူများ ဖြစ်ကြောင်း သိထားခြင်းကြောင့် ဖြစ်လေသည်။

ထို့နောက်...

တုကုဖုံး လှည့်ကြည့်လိုက်သောအခါ စန်းစန်းကိုလည်းကောင်း၊ မြေပေါ် လဲကျနေသည့် ဝူထင်းနန်ကိုလည်းကောင်း မတွေ့ရတော့ပါ။



စန်းစန်းကော ဝူထင်းနန်ပါ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

စန်းစန်းက ဝူထင်းနန်ကို ခေါ်သွားခြင်း ဖြစ်ကြောင်း ထင်ရှား၏။

တုကုဖုံး ခံပြင်းသွား၏။

"တောက်"

မြေပေါ် ခြေဆောင့်ပြီး တက်ခေါက်လိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## သီးခြားကမ္ဘာ

နှင်းများကြောင့် အရိုးကွဲမတတ် အေးစိမ့်သော တောင်တန်းကြီးသည် လူသူအရောက်အပေါက် ကင်းမဲ့ကာ သီးခြားကမ္ဘာတစ်ခုကဲ့သို့ ရှိနေ၏။

သီးခြားကမ္ဘာလေး၌ အရှင်သခင် နှစ်ယောက် ရှိနေပါ၏။

စန်းရီနှင့် စန်းစန်းတို့ မောင်နှမ နှစ်ယောက် ဖြစ်လေသည်။

စန်းရီနှင့် စန်းစန်းတို့ နေထိုင်သော အဆောက်အဦးမှာ နှင်းဖုံးနေသည့် နန်းတော်ကြီးတစ်ခုပမာ ရှိနေ၏။

အဆောက်အဦးကြီး၏ ဧည့်ခန်းမဆောင်ကြီးအတွင်း၌ မီးလင်းဖိုကြီးတစ်ခု ရှိနေသည်။

ထိုမီးလင်းဖိုကြီး၌ မီးတောက်များက ထင်းတုံးများကို တဖျစ်ဖျစ် တောက်လောင်နေသည်။



မီးရောင်နှင့် အပူငွေ့က ခန်းမတစ်ခုလုံးကို နွေးထွေးကာ လင်းလင်းချင်းချင်း ရှိစေပါတော့သည်။

ဧည့်ခန်းမဆောင်ကြီး အတွင်း၌ လူသုံးယောက် ရှိနေကြပါသည်။

စန်းရီ၊ စန်းစန်းနှင့် ဂွထင်းနန်တို့ ဖြစ်လေသည်။

ဂွထင်းနန်၏ ဒဏ်ရာများကို ဆေးကြောသန့်စင်ကာ ဆေးထည့်ပေးထားပြီး ဖြစ်သည်။

သန့်ရှင်းသန့်ပြန့်သော အဝတ်အစားတစ်စုံလည်း လဲလှယ်ဝတ်ဆင်ထားပြီး ဖြစ်လေသည်။

စန်းစန်းက ဂွထင်းနန်အတွက် အကောင်းဆုံး ဖြစ်အောင် စီမံပေးခဲ့ခြင်း ဖြစ်သည်။

စန်းစန်းက ဂရုစိုက်နေသဖြင့် စန်းရီ သဘောမကျသလို ဖြစ်သွားလေသည်။

"ညီမ၊ သူ ဘယ်သူလဲဆိုတာ ညီမသိသလား"

ဟု မေးလိုက်သည်။

အစ်ကိုဖြစ်သူက မည်သို့သော သဘောဖြင့် မေးသည်ကို စန်းစန်း နားလည်ထားပြီး ဖြစ်လေသည်။

စန်းစန်း ပြုံးလိုက်သည်။

"သူ့အကြောင်းတော့ သိပ်မသိဘူး၊ ဒါပေမယ့် တုကုဖုံးဆိုတဲ့လူကတော့ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ နဂါးငါးဖော်ဆိုတဲ့ လူဆိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးငါးယောက်မှာ တစ်ယောက် အပါအဝင်ဆိုတာ ကျွန်မသိထားပြီးပါပြီ အစ်ကိုကြီး"

"မင်း..."

"တုကုဖုံးက သူ့ကိုသတ်မလို့ တားမြစ်နယ်မြေထဲကို တောင် ဝင်လာခဲ့တာ"

"ဘာ"

"ဒါပေမယ့် ကျွန်မရောက်သွားတော့ ကျွန်မကို တောင်းပန်ပြီး ပြန်ထွက်သွားပါတယ်"

စန်းရီက...

"တုကုဖုံးက သူ့ကို ရန်ပြုခဲ့တယ်ဆိုပါတော့"

စန်းစန်းက...

"သူ့ကို သတ်မလို့ရှင့်"

စန်းရီက...

"တုကုဖုံးက လူဆိုးဆိုတော့ သူဟာ လူကောင်းလို့ ညီမ ပြောချင်တာပေါ့"

စန်းစန်း ဘာမှမပြောဘဲ ရယ်မောလိုက်လေသည်။

စန်းရီက...

"လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ်၊ ကျုပ်တို့ပိုင်နက်ထဲ ဝင်လာပြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်တာတော့ ကျုပ် မကြိုက်ဘူး"

စန်းစန်းက...



"သူတို့ကို ကျွန်မစောင့်ကြည့်နေခဲ့တာ ကြာပါပြီ၊ သူတို့နှစ်ယောက်ဟာ ရန်ငြိုးရန်စတွေ ရှိနေကြတာ"

"ဒါ..ကျုပ်တို့နဲ့ မဆိုင်ဘူး"

"ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ အရပ်ဒေသမှာ လာပြီး တိုက်ကြခိုက်ကြနဲ့ ဖြေရှင်းကြတာကို ကျွန်မ သဘောမကျဘူး"

ထိုအချက်ကိုတော့ စန်းရီ လက်ခံလိုက်သည်။

"ဒါတော့ ဟုတ်တယ်"

စန်းစန်းက...

"သူတို့နှစ်ယောက်ကို မောင်းထုတ်လိုက်ရင် မကောင်းဘူးလား အစ်ကိုကြီး"

စန်းရီ ကျေနပ်သွား၏။

"သိပ်ကောင်းတာပေါ့ ညီမရယ်"

ဤတွင် စန်းစန်းက ဝူထင်းနန်ဘက်သို့ လှည့်လိုက်သည်။

"ကဲ..ရှင်ကြားတယ် မဟုတ်လား"

ဝူထင်းနန်က...

"ဟုတ်ကဲ့ ကြားပါတယ်၊ ဒါပေမယ့် တုကုဖုံးကို ဆုံးမခွင့်ပြုစေချင်ပါတယ်၊ သည်တစ်ခါ သူထွက်သွားပြီဆိုရင် လိုက်ရှာဖို့ မလွယ်တော့လို့ပါ"

စန်းစန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ကိစ္စက မပြတ်သေးဘဲကိုး"

ဝူထင်းနန်က...

"ဟုတ်ပါတယ်၊ တုကုဖိုးကို ဆုံးမနိုင်မှ ကျုပ်အတွက် တာဝန်ကျေပါလိမ့်မယ်"

စန်းစန်းက...

"သူ့ရဲ့လက်ချက်ကြောင့် ရှင်ဒုက္ခရောက်ခဲ့ရတာကို မေ့သွားပြီလားရှင်"

ဝူထင်းနန်က...

"မမေ့ပါဘူး၊ ကျုပ်အသက် သေချင်သေပါစေ၊ သူနဲ့ရင်ဆိုင်သွားရမှာပဲ"

"နေပါဦး၊ ရှင်က ဘာကြောင့် သူ့ကို သည်လောက်တောင် မုန်းနေရတာလဲ"

"သူတို့က ကျုပ်အဖေ အပါအဝင် တစ်အိမ်လုံး မင်းပြစ်မင်းဒဏ်သင့်အောင် လုပ်ခဲ့တာ"

ဝူထင်းနန် ခံပြင်းဒေါသထွက်ကာ အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

◆ ◆ ◆



ခန်းမဆောင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဝူထင်းနန်က ဖခင်ကြီးဝူလျောင်နှင့် နဂါးငါးဖော် ပတ်သက်ခဲ့ပုံများကို ပြောပြလိုက်ပြီ ဖြစ်သည်။

စန်းရီနှင့် စန်းစန်းတို့ မောင်နှမ နှစ်ယောက် ငိုင်သွားကြလေသည်။

မောင်နှမ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ၏။

ဝူထင်းနန်သည် ရင်ထဲ ရှိသမျှ ဖွင့်ပြောလိုက်ရသဖြင့် ကျေနပ်သွားလေသည်။

စန်းရီ သက်ပြင်းချလိုက်သည်။

"ကျုပ်က ဝရမ်းပြေး ရာဇဝတ်သားတွေကို လက်ခံထားသလို ဖြစ်နေတာကိုး"

စန်းစန်းက...

"သူတို့ကို မောင်းထုတ်လိုက်ရင် ကောင်းမယ် ထင်တယ်၊ အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

စန်းရီ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ကျုပ်တို့ အေးအေးပဲ နေချင်ပါတယ်လေ"

စန်းစန်းက ဝူထင်းနန်ဘက်သို့ လှည့်လိုက်သည်။

"ရှင်လဲ သည်က ထွက်သွားရမယ်"

ဝူထင်းနန်က...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ၊ ကျုပ်သွားမှာပါ"

စန်းစန်းနှင့် စန်းရီတို့ အချင်းချင်း ကြည့်လိုက်ကြပြန်သည်။

တဖန် စန်းရီက...

"မင်း ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ ကျုပ်နားလည်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ပိုင်နက်ထဲမှာတော့ သွေးထွက်သံယို ကိစ္စတွေ ဖြစ်ပွားမှာကို မလိုလားဘူး"

ငွထင်းနန်က...

"ခင်ဗျားကို ကြည့်ရတာ သိုင်းလောကကို ကျောခိုင်းလိုက်ရတဲ့ အကြောင်းကိစ္စတစ်ခုခု ရှိနေမယ် ထင်တယ်"

စန်းရီ မချိပြုံးပြုံးလိုက်သည်။

"အင်း တစ်ချိန်က ကျုပ်တို့အဖေနဲ့ ပတ်သက်ပြီး ကျုပ်တို့ မောင်နှမ နှစ်ယောက် ဒုက္ခရောက်ခဲ့ရတာပေါ့"

"ခင်ဗျားတို့ အဖေ"

"ဟုတ်တယ်"

စန်းရီက...

"သည်နှင်းတောင်တန်းဟာ တစ်ချိန်က အင်မတန် စည်ကားခဲ့တာပေါ့၊ မြို့တွေ ရွာတွေနဲ့ နယ်စားတစ်ယောက်က အုပ်ချုပ်ခဲ့တာ၊ နောက်ပိုင်း ရာသီဥတု ဖောက်ပြန်ပြီး နှင်းဖုံးသွားတာကြောင့် လူတွေ သေကြေကြတယ်၊ မြို့ရွာတွေ ပျက်စီးကုန်တယ်၊ အသက်ရှင်ကျန်ရစ်ခဲ့သူတွေက အဝေးကို ပြောင်းရွှေ့သွားကြတယ်၊ နောက်ဆုံး



နှင်းတွေပဲ ရှိတော့ပြီး လူမရှိတော့တဲ့ အရပ်ဒေသ ဖြစ်သွားတာ"

ငွထင်းနန်က...

"ခင်ဗျားတို့က.."

"သည်အရပ်ဒေသကို အုပ်ချုပ်တဲ့ နယ်စားကြီးဟာ ကျုပ်ရဲ့ အဖေပေါ့"

"ဪ"

"ကျုပ်အဖေဟာ တစ်နယ်လုံး ပျက်စီးသွားလို့ စိတ်ဓာတ်ကျသွားတယ်၊ နောက်ပိုင်း သိုင်းလောကထဲ ထွက်ရင်း လူဆိုးဓားပြကြီးဖြစ်သွားတယ်၊ နှစ်ပေါင်းအတော်ကြာအောင် ပျောက်ဆုံးနေခဲ့ပြီး တစ်နေ့တော့ သေလုမျောပါး ဒဏ်ရာကြီးနဲ့ အိမ်ပြန်ရောက်လာခဲ့တယ်"

ငွထင်းနန် စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

စန်းရီက...

"ဖေဖေဟာ အိမ်ကို ပြန်ရောက်လာပြီး မကြာခင်မှာပဲ ကျုပ်တို့မောင်နှမ နှစ်ယောက်ကို သည်နေရာမှာပဲ တစ်သက်လုံး နေထိုင်သွားဖို့၊ သိုင်းလောကထဲကို ဘယ်တော့မှ မထွက်ဖို့ မှာကြားပြီး သေဆုံးသွားခဲ့တယ်လေ"

ငွထင်းနန်က...

"သူက တိုက်ပွဲမှာ ဒဏ်ရာရလာတာလား"

စန်းရီက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ့ကို နန်းတွင်းသိုင်းသမားတစ်ဦး ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ခဲ့တာ၊ ကျုပ်အဖေကတော့ သူ့မိုက်ပြစ်ကြောင့် ခုလို ဖြစ်ရတယ်လို့ပဲ သဘောထားလိုက်ပါတော့တယ်"

"ခင်ဗျားအဖေက.."

"အင်း..သိုင်းလောကထဲမှာတော့ မကြားဖူးသူ မရှိသလောက် ဖြစ်မှာပါ။ သူ့ကို မြွေပွေးကျောင်းစိန်လို့ ခေါ်ကြတယ်"

"ဟာ"

ဂူထင်းနန် လွှတ်ခနဲ အော်လိုက်လေသည်။

စန်းရီတို့မောင်နှစ်မ၏အဖေမှာ နဂါးငါးဖော်နှင့် ပတ်သက်နေခဲ့သည့် မြွေပွေးကျောင်းစိန် ဖြစ်နေ၏။

မြွေပွေးကျောင်းစိန်ကို ဆုံးမရန် သူ၏ဖခင် ဂူလျှောင်က နဂါးငါးဖော်ကို အသုံးချခဲ့ရာမှ ပြဿနာများ ပေါ်ပေါက်ခဲ့ရသည် မဟုတ်ပါလား။

စန်းရီတို့၏ဖခင်နှင့် သူ၏ဖခင်တို့ ပတ်သက်ဆက်နွယ်နေချေသည်တကား။

စန်းရီက...

"ကျုပ်အဖေ မရှိတော့တဲ့ နောက်ပိုင်း ကျုပ်တို့မောင်နှစ်မ နှစ်ယောက် အတော်ဒုက္ခရောက်ခဲ့တယ်၊ သည်အချိန်မှာ လူတစ်ယောက် ရောက်လာပြီး ကျုပ်တို့ကို ကူညီခဲ့တယ်၊ စောင့်ရှောက်တယ်၊ သိုင်းပညာသင်ပေးတယ်၊ ကျုပ်တို့ဘဝကို ပြုစုပျိုးထောင်ပေး



ခဲ့တဲ့ ကျေးဇူးရှင်ကြီးပေါ့"

ဂူထင်းနန်က...

"ဘယ်သူများလဲဗျာ"

စန်းရီက...

"သူ့နာမည် 'ယင်းချူး'လို့ ခေါ်တယ်၊ 'စေတနာရှင်'လို့ သိုင်းလောကမှာ နာမည်ကြီးခဲ့တာပေါ့၊ တကယ်တော့ ဘဘယင်းချူးဟာ ဆိုးသွမ်းခဲ့တဲ့ ကျုပ်အဖေကို ဆုံးမဖို့ လိုက်လာတာပါ၊ သည်ကိုရောက်မှ ကျုပ်တို့အဖေ သေဆုံးသွားပြီး ကျုပ်တို့မောင်နှစ်မ နှစ်ယောက် ဒုက္ခရောက်နေတာကို တွေ့တာနဲ့ သနားပြီး ကူညီစောင့်ရှောက်ခဲ့တာ"

သူက ပြောပြရင်း ယင်းချူးအား သတိရလာဟန် ရှိလေသည်။

"ဘဘယင်းချူးဟာ ကျုပ်တို့မောင်နှစ်မအပေါ်မှာ အတော့်ကို သံယောဇဉ်ကြီးပါတယ်၊ ကျုပ်တို့ကို ပြုစုစောင့်ရှောက်ရင်း နှင်းတောင်ပေါ်မှာပဲ နေသွားခဲ့တာ၊ နောက်ဆုံး ကွယ်လွန်သွားတဲ့အထိပါပဲ"

"ဪ"

စေတနာရှင်ယင်းချူးသည်လည်း နှင်းတောင်မှာပင် စန်းရီတို့မောင်နှစ်မအား စောင့်ရှောက်ရင်း မထင်မရှား ကွယ်လွန်သွားခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူထင်းနန်က...

"ခင်ဗျားတို့ မောင်နှစ်မ နှစ်ယောက်ရဲ့ သိုင်းပညာ အတော်ထက်မြက်တာ တွေ့ရပါတယ်၊ အဲဒါ..."

စန်းရီက...

"ဘဘယင်းချူး သင်ကြားပေးသွားတာပေါ့လေ"

ဂူထင်းနန် သက်ပြင်းချလိုက်၏။

သူ၏ဖခင်ကြီးကသာ နဂါးငါးဖော်နှင့် မပတ်သက်ခဲ့ဘဲ သွေးသောက်ညီအစ်ကို ဖြစ်သော ယင်းချူးအား ရှာဖွေအကူအညီတောင်းခဲ့ပါက ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရမည် မဟုတ်ဟု တွေးမိလေသည်။

စန်းရီက...

"တုကုဖုံးဟာ လူဆိုးဓားပြကြီးတစ်ယောက် ဖြစ်နေလို့ ခင်ဗျားရင်ဆိုင်ဖို့ မလွယ်ဘူး"

"ဟုတ်ပါတယ်ဗျာ"

ဂူထင်းနန် ဝန်ခံလိုက်လေသည်။

စန်းရီက...

"ခင်ဗျားက တုကုဖုံးရဲ့ အဖော်လေးယောက်ကို သုတ်သင်ပစ်နိုင်ခဲ့တာ ချီးကျူးစရာပဲ"

ဂူထင်းနန်က..

"ကျုပ် ကံကောင်းသွားတာပါ"



စန်းရီက...

"တကယ်ဆို သူတို့ကို ယှဉ်နိုင်စရာမရှိဘူးဗျ"

ပွင့်ပွင့်လင်းလင်းပင် ဝေဖန်လိုက်လေသည်။

ဂူထင်းနန်က...

"ကျုပ်အဖေက ကျုပ်ကို ကူညီခဲ့လို့ ကျုပ်ယှဉ်ပြိုင်အနိုင်ရခဲ့တာပါဗျာ"

စန်းရီက...

"ခင်ဗျားအဖေက ကူညီခဲ့တယ် ဟုတ်လား၊ ဘယ်လိုကူညီခဲ့တာလဲ"

ဂူထင်းနန်က...

"ပြောရရင်တော့ ထူးဆန်းပါတယ်၊ ကျုပ်အဖေအပါအဝင် ကျုပ်တို့မိသားစု ကွပ်မျက်ခံခဲ့ရတဲ့ကိစ္စဟာ ကျုပ်ဘဝအတွက် အိမ်မက်ဆိုးကြီးတစ်ခုလိုပါပဲ၊ ကျုပ် တစ်ချိန်လုံး စိတ်ဆင်းရဲသောကရောက်ခဲ့ရတယ်၊ ခံပြင်းဒေါသထွက်ခဲ့ရတယ်၊ မုန်းတီးနာကျည်းခဲ့တယ်၊ သည်ခံစားချက်တွေက ရင်ထဲမှာ အစိုင်အခဲ ဖြစ်နေတာပါ၊ ကျုပ်တစ်ယောက်တဲ ဘဝခရီးကြမ်းကို ဖြတ်သန်းနေရတော့ တစ်ခါတစ်ရံမှာ စိတ်ပျက်အားငယ်မိတယ်၊ သည်လိုအချိန်မှာ ကျုပ်အဖေကို တမ်းတမိတယ်၊ ကျုပ်ကို အဖော်ပြုပြီး ကူညီစောင့်ရှောက်ပေးစေချင်တယ်၊ သည်လိုနဲ့ ကျုပ်ရဲ့ အနီးအနားမှာ ကျုပ်အဖေ ရှိနေတယ်၊ ကျုပ်အဖေဟာ ကျုပ်ရဲ့အရိပ်လို ဖြစ်နေတယ်၊ ဖေဖေ ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျုပ်ရဲ့ခန္ဓာကိုယ်ထဲ ဝင်ပြီး ပူးကပ်နေတယ်လို့ ယုံကြည်လာတော့တာပါပဲဗျာ”

ဂူထင်းနန်က သူ၏ခံစားချက်ကို ဖွင့်ဟပြောပြလိုက်လေသည်။

စန်းရီက…

“ခင်ဗျားအဖေ သေဆုံးသွားခဲ့ပြီဆိုတာကို ခင်ဗျားသိမှာပါ”

ဂူထင်းနန်က…

“သိပါတယ်၊ ဖေဖေ မရှိတော့ဘူးဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် အထီးကျန် ဖြစ်ခဲ့တဲ့ ကျုပ်ဘဝမှာ ကျုပ်အဖေရဲ့ ဝိညာဉ်က ကျုပ်ကို အနီးကပ် စောင့်ရှောက်နေတယ်လို့ ယုံကြည်မိတယ်၊ တစ်ခါတစ်ရံမှာ ကျုပ် မလုပ်ရဲ မကိုင်ရဲ စိုးရွံ့နေချိန်မှာ ကျုပ်အဖေရဲ့ဝိညာဉ်က ကျုပ်ကိုယ်စား ဝင်ပြီး လုပ်ကိုင်ဆောင်ရွက်ပေးတယ်လို့ ယုံကြည်မိတယ်”

စန်းရီက…

“ခင်ဗျားစိတ်ထဲမှာ ရန်သူကို လက်စားချေဖို့ ကိစ္စကို တစ်ချိန်လုံး အာရုံရောက်နေ၊ အစွဲအလန်း ဖြစ်နေတာကိုး၊ ခင်ဗျားအဖေနဲ့ မဆိုင်ဘူး၊ ခင်ဗျားရဲ့ဝိညာဉ်ကိုယ်တိုင်က လက်စားချေဖို့ တစ်ခုထဲကိုပဲ အာရုံပြုထားတဲ့သဘော ဖြစ်နေတာဗျ”

ဂူထင်းနန်က…

“ရန်သူလေးယောက်ကို သုတ်သင်နိုင်ခဲ့ပါပြီ၊ နောက်ဆုံး



ကျန်နေတဲ့ တုကုဖုံးကို ဆုံးမပြီးရင် ကျုပ်သေပျော်ပါပြီဗျာ”

စန်းရီ စိတ်မကောင်း ဖြစ်သွားလေသည်။

“ကျုပ်က ခင်ဗျားကို ကူညီပါ့မယ်၊ ဘဘယင်းချူး သင်ပေးခဲ့တဲ့ သိုင်းကွက်တွေထဲက အကောင်းဆုံး သိုင်းကွက်တစ်ကွက်ကို လက်ဆောင်သင်ပေးလိုက်ပါ့မယ်၊ ဒါဆိုရင် တုကုဖုံးကို ဆုံးမနိုင်မှာပါ၊ ကဲ…ခင်ဗျား ဘယ်လိုသဘောရသလဲ”

ဂူထင်းနန် အံ့သြသွားသည်။

“ကျုပ်…ကျုပ်ကို သိုင်းပညာသင်ပေးမယ် ဟုတ်လား”

“ဟုတ်တယ်လေ”

“ခင်ဗျားရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့ပါဘူးဗျာ”

ဂူထင်းနန်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

စန်းရီက…

“တစ်ခုတော့ ရှိတယ်”

“ပြောပါဗျာ”

“ခင်ဗျားက တုကုဖုံးကို ဆုံးမပြီးရင် သည်အရပ်ဒေသက ထွက်သွားရမယ်၊ နောက် ဘယ်တော့မှ ပြန်မလာရတော့ဘူး”

ဂူထင်းနန် ဘာမျှမတတ်သာဘဲ ကတိပေးလိုက်ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



စန်းရီသည် ဝူထင်းနန့်ကို ခင်မင်သွားကာ ယင်းချူး သင်ပေးခဲ့သည့် သိုင်းကွက်များထဲမှ အကောင်းဆုံးသိုင်းတစ်ကွက် ထုတ်နုတ်ကာ ဝူထင်းနန်အား သင်ပြပေးလေသည်။

ဝူထင်းနန်လည်း အားကြိုးမာန်တက် သင်ယူခဲ့လေသည်။

သို့သော်...

သိုင်းကွက်မှာ ရှုပ်ထွေးဆန်းပြားရကား ဝူထင်းနန် လေ့ကျင့်၍မရ ဖြစ်နေ၏။

စန်းရီသည် သုံးလေးကြိမ်မျှ လက်တွေ့သင်ပြသည့်တိုင် ဝူထင်းနန် လေ့ကျင့်မရ ဖြစ်နေသည်ကို တွေ့ရလျှင် စန်းရီ သေသေချာချာ စဉ်းစားသုံးသပ်ကာ...

"ခင်ဗျားရဲ့ခန္ဓာကိုယ်ထဲကို ခင်ဗျားအဖေရဲ့ဝိညာဉ် ဝင်ရောက်ပူးကပ်ပြီး ရန်သူကို ကလဲ့စားချေဖို့ ကြိုးစားတာလို့ စိတ်နှလုံးသွင်း အာရုံစူးစိုက်ပြီး လေ့ကျင့်ကြည့်ပါလား"

ဟု အကြံပေးလိုက်၏။

"ကောင်းပါပြီဗျာ"

ဝူထင်းနန်က ဖခင်ကြီးကို အာရုံပြုလိုက်သည်။

ကြောက်ဖက်ဖွယ်ကောင်းလှသည့် ရန်သူအား မဖြစ်မနေ ဆုံးမသုတ်သင်ရမည်ဟု အားခဲထားလိုက်သည်။

ဤတွင် ဖခင်ကြီးက အနီးသို့ ရောက်ရှိလာပြီး ဝိုင်းဝန်းကူညီပေးသည်ဟု ခံစားလာရတော့သည်။



ဖခင်ကြီး အနီးကပ် ရှိနေသည်ဟူ၍ အားတက်လာလေသည်။

ရန်သူအား ဆုံးမနိုင်မည်ဟု ပို၍ ယုံကြည်စိတ်ချလာသည်။

သူ၏လှုပ်ရှားတိုက်ခိုက်မှုမှာ ပို၍ အားမာန်ပါလာလေတော့သည်။

ထိရောက်မှု ရှိလာသည်။

သိုင်းကွက်ကို ပို၍ ပီပီပြင်ပြင် ဖော်ဆောင်လာနိုင်သည်။

စန်းရီမှာ ဝူထင်းနန်ကို ကြည့်ပြီး အားရကျေနပ်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်

တကုဖုံးသည် ဂူထင်းနန်အား သုတ်သင်ပစ်နိုင်ကာနီးမှ စန်းစန်းက ဝင်ရောက်တားမြစ်ခဲ့ခြင်းကြောင့် လက်လျှော့ခဲ့ရသည်။

ဂူထင်းနန်အား လွှတ်ပေးလိုက်ရသဖြင့် မကျေမနပ် ဖြစ်နေပါတော့သည်။

တကုဖုံးသည် သူ၏စံအိမ်တော်သို့ ပြန်ရောက်လာသည်နှင့် သမီးဖြစ်သူ 'တချင်းလျှံ'အား ခေါ်ပြီး တိုင်ပင်လိုက်လေသည်။

"သမီး...ဂူထင်းနန်ဟာ ဖေဖေ့ကို ဒုက္ခပေးဖို့ လာတဲ့ လူတစ်ယောက်ဆိုတာ သမီးသိထားပြီးပြီနော်"

တချင်းလျှံက...

"ဟုတ်ကဲ့၊ သမီးသိပါတယ် ဖေဖေ"

တကုဖုံးက...



"ဖေဖေသာ ပေါ့ပေါ့တန်တန် သဘောထားခဲ့မယ်ဆိုရင် အိမ်ကို ပြန်ရောက်လာနိုင်တော့မှာ မဟုတ်ဘူး"

တချင်းလျှံ မကျေမနပ် ဖြစ်သွားလေသည်။

"ဒါဆို သမီးကလဲ သူ့ကို သတ်ပစ်လိုက်မှာပေါ့"

တကုဖုံး ကျေနပ်သွားသည်။

"ဂူထင်းနန်ဟာ ဖေဖေတို့သားအဖကို ဒုက္ခပေးဖို့ လာခဲ့တာ၊ သူ့ကို စန်းရီတို့မောင်နှမက ဝိုင်းဝန်းကူညီနေကြတယ်"

တချင်းလျှံ အံ့သြသွား၏။

"သူတို့က ဘယ်သူနဲ့မှ မပတ်သက်ဘဲ ခပ်ကင်းကင်းနေကြတာမဟုတ်လား၊ ဘာကြောင့် ဂူထင်းနန်ကို ကူညီချင်ရတာလဲ"

တကုဖုံးက...

"စန်းစန်းက ဂူထင်းနန်ကို သဘောကျလို့နေမှာပေါ့"

"ဟင်"

တချင်းလျှံ၏မျက်နှာ နီရဲခက်ထန်သွားလေသည်။

"သူ...သူက"

"စန်းစန်းတို့ မောင်နှမက ဂူထင်းနန်ကို ကူညီကြမယ်ဆိုရင် ဖေဖေတို့ သည်နှင်းတောင်က ထွက်သွားရတော့မယ်"

"သမီး ဘယ်တော့မှ မသွားဘူး"

တချင်းလျှံ ဒေါသထွက်လာသည်။

တကုဖုံးက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ဖေဖေတို့ သည်ကထွက်သွားတာနဲ့ မဆုံးနိုင်တဲ့ ဘေးဒုက္ခအန္တရာယ်တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ နောက်ဆုံး ပျက်စီးသွားရမှာပဲ"

တချင်းလျှံသည် ဖခင်တကုဖုံး၏ ဘဝမှန်ကို သိရှိထားပြီ ဖြစ်လေသည်။

သူတို့ သိုင်းလောကထဲရောက်သွားသည်နှင့် ရန်သူဟောင်းများကလည်းကောင်း၊ ပြည်သူနှင့် အာဏာသားများကလည်းကောင်း ချမ်းသာပေးမည် မဟုတ်တော့ချေ။

သူတို့ဘဝသည် နှင်းတောင်၌ အေးချမ်းစွာနေထိုင်သွားရမည့် အခြေအနေသာ ဖြစ်လေသည်။

တချင်းလျှံသည် ငှထင်းနန်နှင့် တွေ့ဆုံပြီး ခင်မင်ရင်းနှီးလိုခဲ့သည်။

သို့တိုင်...

ဖခင်ကြီးအား ဒုက္ခပေးမည့်သူဟု သိရှိပြီးနောက် ဖခင်ကြီးနှင့်လက်တွဲကာ ငှထင်းနန်အား သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

တချင်းလျှံက...

"ငှထင်းနန်နဲ့ စန်းစန်းတို့ မောင်နှမကို သုတ်သင်ရှင်းလင်းပစ်လိုက်ရင် သည်နှင်းတောင်ဒေသတစ်ခုလုံး ကျွန်မတို့ ခြေဖဝါးအောက်ရောက်လာတော့မှာပေါ့"



"ဟား..ဟား..ဟား"

တကုဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

တချင်းလျှံက...

"ဖေဖေ..သမီးပြောတာ မှားသွားလို့လားဟင်"

တကုဖုံး ခေါင်းခါယမ်းလိုက်သည်။

"မမှားပါဘူး သမီးရယ်၊ မှန်လွန်းလို့ သဘောကျပြီး ရယ်မိတာပါ"

"ဒါ..ဒါ..ဒါဆို"

"ငှထင်းနန်နဲ့ စန်းစန်းတို့ မောင်နှမကို သုတ်သင်ပစ်ကြတာပေါ့"

တချင်းလျှံက အားတက်သရော ပြောလိုက်လေတော့သည်။

တကုဖုံးက...

"ဖေဖေတို့ သွားတွေ့စရာတော့ မလိုပါဘူး"

တချင်းလျှံက...

"ဘာဖြစ်လို့လဲ ဖေဖေ"

တကုဖုံးက...

"သူတို့ဟာ ဖေဖေတို့ဆီကို ရောက်လာကြမှာမို့ပေါ့"

ထိုအချိန်မှာပင်...

"တကုဖုံး..ရှင်ထွက်မလာသေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ စန်းစန်း၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

စန်းစန်း၏အသံ ထွက်ပေါ်လာလေသည်။

တုကုဖုံး ပြုံးလိုက်သည်။

"သူ ရောက်လာပြီ"

တုချင်းလှျံက...

"သမီးတို့ ထွက်ပြီးရင်ဆိုင်ကြတာပေါ့"

တုကုဖုံးက...

"ကောင်းပြီ..စန်းစန်းတို့ မောင်နှစ်မနှစ်ယောက်ရဲ့ပညာ မခေဘူး ဒါကြောင့် ဖေဖေတို့ အတော်ကို ဂရုစိုက်ရလိမ့်မယ်၊ သည်တော့"

သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

◆ ◆ ◆



"ရှင် ထွက်မလာသေးဘူးလား"

စန်းစန်းက အော်ပြောလိုက်ပြန်သည်။

ယခုတစ်ကြိမ်...

သူမ၏ခေါ်သံအဆုံး၌ တုချင်းလှျံ ပြေးထွက်လာသည်ကို တွေ့ရလေသည်။

တုချင်းလှျံ အဝတ်အစား ဘိုသီဘတ်သီ၊ ဆံပင်ဖားလျား မျက်ရည်မျက်ခွက် ဖြစ်နေသည်။

စန်းစန်းထံသို့ ပြေးလာပြီး..

"မမ..ကယ်ပါဦး၊ ဖေဖေ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားပါပြီ"

စန်းစန်း အံ့ဩသွားသည်။

"တုကုဖုံး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားပြီ ဟုတ်လား"

"ဟုတ်ပါတယ် မမ"

"သူ ဘယ်မှာလဲ"

"ဧည့်ခန်းထဲမှာပါ"

စန်းစန်းက အဆောက်အဦးထဲ ဝင်ရောက်စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သူမ အဆောက်အဦးဘက်သို့ အာရုံရောက်သွားသည့် တဒင်္ဂအချိန်လေးမှာပင် တုချင်းလှျံက လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တချင်းလျှံက စန်းစန်းအား သွေးကြောပိတ်လိုက်ခြင်းပင် ဖြစ်သည်။

တဒင်္ဂလေး သတိလက်လွတ်ဖြစ်သွားသော စန်းစန်းမှာ သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

◆ ◆ ◆

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ဂူထင်းနန်မှာ စန်းရီသင်ပေးသော ယင်းချုံး၏ အထက်မြက်ဆုံးသိုင်းကွက်တစ်ကွက်ကို တတ်မြောက်သွားပြီ ဖြစ်လေသည်။

စန်းရီသည် ဂူထင်းနန်ကို သိုင်းကွက်တစ်ကွက် သင်ပေးပြီးမှ ညီမဖြစ်သူကို သတိရလိုက်လေသည်။

"ကျုပ်ညီမ သွားတာကြာပြီ၊ ခုချိန်ထိ ပြန်ရောက်မလာသေးဘူး"

စန်းစန်းသည် တကုဖုံးတို့အား မောင်းထုတ်ရန်သွားနေခြင်း ဖြစ်လေသည်။

တကုဖုံးက လက်ခံမည်မဟုတ်ကြောင်းလည်း ဂူထင်းနန်နားလည်မိလေသည်။

စန်းရီက...



"ကျုပ်ညီမက.."

ဂူထင်းနန်က...

"ကျုပ်တို့ လိုက်သွားမှဖြစ်မယ်ဗျ"

ဟု ပြောလိုက်လေသည်။

စန်းရီလည်း သဘောတူလိုက်လေသည်။

◆ ◆ ◆

တကုဖုံးနှင့် တချင်းလျှံတို့က အဆောက်အဦးရှေ့ မြေကွက်လပ်၌ အသင့်စောင့်နေကြသည်။

မျှော်လင့်ထားသည့်အတိုင်း ဂူထင်းနန်နှင့် စန်းရီတို့ ရောက်ရှိလာကြလေသည်။

စန်းရီက...

"တကုဖုံး ကျုပ်ညီမကော"

တကုဖုံးက...

"ရှိပါတယ်ဗျာ၊ ခင်ဗျားညီမ ဘာမှမဖြစ်စေရပါဘူး။ ဒါပေမယ့် ဂူထင်းနန်နဲ့ကျုပ် စာရင်းရှင်းတဲ့အခါ ခင်ဗျားတို့ မောင်နှမစ ဘေးဖယ်နေရလိမ့်မယ်"

စန်းရီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျုပ်ညီမကိုသာ လွှတ်ပေးပါ"

"ခင်ဗျား ကတိတည်ပါစေ"

တုကုဖုံးက လက်ငွေယမ်းပြလိုက်သောအခါ တုချင်းလျှံက စန်းစန်းအား အဆောက်အဦးထဲမှ ခေါ်ထုတ်လိုက်လေသည်။

စန်းရီက...

"ညီမ..သူတို့ကိစ္စ သူတို့ဘာသာ ဖြေရှင်းပါစေ၊ ကျုပ်တို့ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်ကြတာပေါ့"

အကြောင်းရှိ၍ ယခုကဲ့သို့ပြောမှန်း စန်းစန်းရိပ်မိကာ...

"ကောင်းပါပြီအစ်ကို"

ထို့နောက် နှစ်ယောက်သား နောက်ဆုတ်လိုက်ကြလေသည်။

တုကုဖုံးက...

"ဂူထင်းနန်..သည်တစ်ခါ မင်းပြေးလို့မရတော့ဘူး"

ပြောရင်း ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ဂူထင်းနန်က...

"စိတ်ချ၊ ခင်ဗျားကို မဆုံးမနိုင်ရင် ကျုပ်အသက်ရှင်မနေတော့ဘူး"

စကားဆုံးလျှင် စန်းရီ သင်ပြပေးသော ယင်းချူး၏သိုင်းကွက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

BURMESE CLASSIC



ဂူထင်းနန်က ဖခင်ကြီးအား အာရုံပြုကာ စိတ်အာရုံစုစည်းပြီး ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

သူ၏စိတ်ဓာတ်ခွန်အားကြောင့် ဖခင်ကြီး၏ ဝိညာဉ်က ဝင်ရောက်ပူးကပ်ကာ ကူညီတိုက်ခိုက်ပေးသကဲ့သို့ ရှိသွားလေတော့သည်။

ယင်းချူး၏ သိုင်းကွက်ကိုလည်း အသုံးပြုလိုက်သောအခါ ကျိန်းသေ အနိုင်ရမည်ဟု ယုံကြည်ပြီး ပေါ့ပေါ့တန်တန် ဖြစ်နေသော တုကုဖုံး မရှုမလှ အရေးနိမ့်သွားလေတော့သည်။

တုကုဖုံးမှာ ဂူထင်းနန်က သူ့အား အနိုင်ယူနိုင်သည်ကို မယုံနိုင်ဘဲ..

"မင်း..မင်း"

"ဝုန်း"

မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

"ဖေဖေ"

တုချင်းလျှံလည်း ပြေး၍ ဖခင်ကြီးအား ထွေးပွေ့ရင်း ငိုကြွေးလိုက်လေတော့သည်။

ဂူထင်းနန်နှင့် စန်းရီတို့မောင်နှမ စိတ်မကောင်းဖြစ်နေကြပြီး တုချင်းလျှံအား ဗိုင်းဝန်းနှစ်သိမ့်ဖျောင်းဖျကာ အမှန်တရားကို လက်ခံလာနိုင်အောင် ကြိုးစားသွားရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေထင်းနန်မှာ သွေးကြွေးဆပ်နိုင်ခဲ့ပြီ ဖြစ်သော်လည်း ဝမ်းသာပျော်ရွှင်မှု မခံစားရပါချေ။

တချင်းလျှံအတွက် စာနာစိတ်ဝင်ကာ စိတ်မကောင်းဖြစ်နေမိသည်။

ထို့ကြောင့်...

ရန်ငြိုးများ၊ အာဃာတရားများကို သင်ပုန်းချေပြီး တချင်းလျှံရှေ့ဆက်ရမည့် ဘဝခရီးတွင် အဖွမ်းကုန် ဖေးမကူညီသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC

www.burmeseclassic.com